# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (24-5-2015) (၈၂၁၀)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

စာမျက်နှာ » ၃

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး



## မိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားသည့်အတွက် စက်ယန္တရားအစီးရေ ၄၀၀ ခန့်ဖြင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ (မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ (မြောက်)ကန် အနီး ယာယီရှင်းလင်းဆောင်တွင် ကျင်းပသည့် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ စတင်နိုင်ရန်အတွက် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတက နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတ မဟာထေရ် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်အစိုးရအနေဖြင့် မိတ္ထီလာ (မြောက်)ကန် ပြန်လည်တူးဖော်ရေးလုပ်ငန်း ရပ်ဆိုင်ရာများ ဆောင်ရွက်ရခြင်းနှင့် ဆောင်ရွက်လုပ်ကိုင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြလျှောက်ထားသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ○



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ (မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ (ပြန်/ဆက်)




ကြေးမုံစာတည်းရှုထောင့် ၂၄-၅-၂၀၁၅၊ တနင်္ဂနွေနေ့

# စားနပ်ရိက္ခာဖူလုံသည့်အနာဂတ်

ဆန်သည် လူသားများ အဓိကစားသုံးသော အစားအစာဖြစ်သည်။ အထူးသဖြင့် ထမင်းအဖြစ်စားသုံးကြသည့် မြန်မာတို့အတွက် ဆန်သည် နေ့စဉ်လိုအပ်သော အဓိကအစားအစာဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံ၏ ၅၀ ရာခိုင်နှုန်းသည် ဆန်ကိုအဓိကထား စားသုံးကြသည်။ အာရှနှင့် ပစိဖိတ်ဒေသတွင်မူ ဆန်ကို လူဦးရေ၉၀ ရာခိုင်နှုန်းအထိ စားသုံးကြသည်။

ထို့ကြောင့် ဆန်စပါးသည် ကမ္ဘာ့လူသားများအတွက် အရေးပါသောကြောင့် ဆန်ရေစပါးပေါ်များအောင် နိုင်ငံအလိုက်ကြိုးပမ်းအားထုတ်လာကြသည်။ မြန်မာနိုင်ငံအနေဖြင့် ဆန်စပါးထုတ်လုပ်မှုကို ၂၀၂၀ ခုနှစ်တွင် ဟက်တာ ၇ ဒသမ ၇ သန်း (ဧကအားဖြင့် ၁၉ သန်း)၊ အထွက်နှုန်းအားဖြင့် တစ်ဟက်တာလျှင် ၄ ဒသမ ၁ မက်ထရစ်တန် ထွက်ရှိနိုင်ရန်မျှော်မှန်းထားသည်။

ပြည်တွင်းစားသုံးမှုအတွက် မက်ထရစ်တန် ၉ ဒသမ ၉ သန်းနှင့် ပြည်ပတင်ပို့ရန် မက်ထရစ်တန် ၆ သန်း စုစုပေါင်း ဆန်မက်ထရစ်တန် ၁၅ ဒသမ ၉ သန်းထွက်ရှိနိုင်ရန် မြန်မာဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံကို မျှော်မှန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထိုသို့ခန့်မှန်းလုပ်ဆောင်ရသည်မှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေသော လူဦးရေကြောင့် စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်သည်။ အခြားတစ်ဖက်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်နေရာ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ မြေငလျင်လှုပ်ခြင်းတို့ကြုံတွေ့ခဲ့ပါက စားနပ်ရိက္ခာ လိုအပ်ချက်မဖြစ်ပေါ်နိုင်ရန်အတွက်လည်း ပါဝင်သည်။

ယခုအခါ စားနပ်ရိက္ခာထုတ်လုပ်ရေးကို ခြိမ်းခြောက်လာသည့် သဘာဝဘေးဒဏ်နှင့် လူ့တို့ကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်တို့ကို မြင်တွေ့လာရသည်။ ထို့ကြောင့် ယခုစိုက်ပျိုးထုတ်လုပ်မှု စွမ်းအားထက် နှစ်ဆတိုးထုတ်လုပ်ရန် လိုအပ်လာသည်။ ကမ္ဘာသူ ကမ္ဘာသားများအတွက် စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် လက်တွေ့စိုက်ပျိုးနေသော တောင်သူလယ်သမားများမှာ အရေးကြီးသလို စိုက်ပျိုးရေး သုတေသနပညာရှင်များ၏ တွက်ချက်သုံးသပ် တီထွင်ကြံဆနိုင်မှု စွမ်းပကားကလည်း အရေးပါသည်။

ယခုအခါ စိုက်ပျိုးရေးသုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဆန်စပါးသီးနှံအထွက်နှုန်းမှာ သိသာစွာတိုးတက်လာခဲ့သည်။ ကွဲပြားခြားနားသော ဒေသအလိုက် ရာသီဥတု၊ ရေမြေသဘာဝနှင့်ကိုက်ညီသည့် မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။ လက်ရှိတွင် ရေမရှိလျှင် မစိုက်ပျိုးနိုင်သည့် အခက်အခဲမှ ကျော်လွှားနိုင်မည့် အပူပိုင်းဒေသနှင့် ကိုက်ညီသော မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဆားငန်ဒဏ်ခံ စပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများ ထုတ်လုပ်ပေးလာနိုင်သည်။ စပါးသီးနှံ၏ အနံ့အရသာ၊ အရောင်အဆင်း ပိုမိုပြည့်စုံကောင်းမွန်သော စပါးမျိုးများထုတ်လုပ်လာသည်။ ကျန်းမာရေးနှင့် အာဟာရအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စပါးများကို ထုတ်လုပ်ပေးနိုင်သည်။ ဤသည်မှာ ကမ္ဘာ့လူသားများလိုအပ်သော စားနပ်ရိက္ခာဖြည့်ဆည်းပေးရေးအတွက် ကြီးမားမွန်မြတ်သည့် ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်သည်။

ထို့အပြင် စပါးသီးနှံထုတ်လုပ်နေကြသော လုပ်ကွက်ငယ် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးနှင့် ၎င်းတို့၏ လူမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်စေရေးအတွက် ပိုမိုထိရောက်အကျိုးရှိသည့် စိုက်ပျိုးနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ လယ်ယာလုပ်ငန်းခွင်တွင် သက်သာစေမည့် စီမံခန့်ခွဲရေး နည်းပညာများ၊ မြေဆီလွှာအသုံးချမှုနည်းပညာများအပါအဝင် ဈေးကွက်သတင်းအချက်အလက် စီမံခန့်ခွဲမှုနည်းပညာများကို သုတေသနလုပ်ငန်းများက ထိရောက်သော ရလဒ်ကောင်းများထုတ်ပေးလျက်ရှိသည်။

ထိုကဲ့သို့နည်းလမ်းကောင်းများကို ထုတ်ပေးနေသည်မှာ မှန်သော်လည်း ကာယကံရှင်တောင်သူလယ်သမားများဘက်ကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ ထဲထဲဝင်ဝင်လေ့လာဆည်းပူးပြီး လက်တွေ့ဖော်ဆောင်ကြရမည်ဖြစ်သည်။ တောင်သူများအသိပညာတိုးပွားပြီး ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်မှသာ အနာဂတ်အတွက် စားနပ်ရိက္ခာစီမံချက်မှာ အောင်မြင်မည်ဖြစ်သည်။ ။

# အဆင့်မြင့်ပညာကဏ္ဍနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကျင်းပ

**ရန်ကုန် မေ ၂၃**

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာမောင်သင်းက "တက္ကသိုလ်ဝင်ခွင့် ပြုပြင်ပြောင်းလဲရေးစာတမ်း"ကို ဖတ်ကြားဆွေးနွေးပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့မှ အတိုင်ပင်ခံပညာရှင် ဒေါက်တာမြင့်သိန်းက moderator အဖြစ်ဆောင်ရွက်သည်။ အလားတူ ရန်ကုန်ပညာရေး တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာအောင်မင်းက "ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုစာတမ်း"ကို ဖတ်ကြားဆွေးနွေးပြီး ရန်ကုန်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာထွန်းခင်က moderator အဖြစ်ဆောင်ရွက်ခဲ့သည်။

"တက္ကသိုလ်ဝင်ခွင့်ပြုပြင်ပြောင်းလဲရေးစာတမ်း"တွင် လက်ရှိကျင့်သုံးနေသောစနစ်၊ စိစစ်ရွေးချယ်ပုံ၊ တိုက်ရိုက်လျှောက်ထားနိုင်သော တက္ကသိုလ်နှင့်ကောလိပ်များ၊ တက္ကသိုလ်ဝင်ခွင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သဘောထားများ၊ နိုင်ငံတကာတွင် ကျင့်သုံးနေသော တက္ကသိုလ်ဝင်ခွင့်အကြောင်းအရာများပါဝင်ပြီး "ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုစာတမ်း"တွင် အရည်အသွေးဆိုင်ရာ အယူအဆများ၊ အရည်အသွေးအာမခံမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စမ်းသပ်ဆောင်ရွက်လျက်ရှိသော အာဆီယံတက္ကသိုလ်များ အရည်အသွေးအကဲဖြတ်မှု ကွန်ရက်အကြောင်းအရာများ ပါဝင်သည်။

ထို့အပြင် အရှေ့တောင်အာရှပညာရေးဝန်ကြီးဌာနအဖွဲ့ ဒေသဆိုင်ရာ အဆင့်မြင့်ပညာရေးဌာနညွှန်ကြားရေးမှူး ဒေါက်တာချန်တာဗစ်စူဂျတာနွဲက အာဆီယံကျောင်းသားများ၏ ပညာရေးအလားအလာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုတို့ကိုလည်းကောင်း၊ ဂျပန်နိုင်ငံ နာဂိုရာတက္ကသိုလ်မှ ပါမောက္ခတက်ဆုဟီကို နာကာဂျိမက ဂျပန်နိုင်ငံ၏ တက္ကသိုလ်ဝင်ခွင့်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စာမေးပွဲစစ်ဆေးပုံနည်းလမ်းနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အခြေအနေတို့ကိုလည်းကောင်း၊ မလေးရှား အရည်အသွေးအေဂျင်စီ အတွင်းရေးမှူး ဇီတာမွတ်ဒ်ဖမီက နိုင်ငံဖွံ့ဖြိုးရေးနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲပုံ၊ ပညာရေးအရည်အသွေး မူဝါဒ စံနှုန်းနှင့်လုပ်ငန်းစဉ်၊ အရည်အသွေးစီမံမှုနှင့် အာမခံမှုတို့ကိုလည်းကောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယနေ့နှီးနှောဖလှယ်ပွဲ ဒုတိယနေ့တွင် ပညာရေးဆိုင်ရာ ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ကောလိပ် ၁၃၄ ခုမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကထိကများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြပြီး ရှင်းလင်းဆွေးနွေးမှုများအပေါ် အပြန်အလှန်မေးမြန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

**(ပညာရေး)**

# မိုးသည်းထန်စွာ ရွာသွန်း၍ မြို့နယ်များ၌ လမ်းများရေလွှမ်း



**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်သည် မိုးရွာပြီဆိုလျှင် လမ်းများရေလျှံလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် ရေလျှံမှုမရှိစေရေးအတွက် ဆောင်ရွက်နေသော်လည်း မေ ၂၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငုဝါလမ်း၊ နှင်းဆီလမ်းနှင့် အလုံမြို့နယ်ရှိ လမ်းအချို့ ရေလျှံနေသည်ကို တွေ့ရစဉ်။**

တင်မောင်ဦး(အလုံ)




**ရန်ကုန်မြို့ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းနှင့် ကျိုက္ကဆံလမ်းဆုံတွင် မေ ၂၃ ရက် နံနက် ၁၀ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ကားလမ်းမပေါ်တွင် ရေများ တစ်ပေကျော်ခန့် မြင့်တက်လျက်ရှိသည်ကို တွေ့ရစဉ်။**

ကိုကြီးစိုး(ဆိပ်ကမ်း)

**သုံးခွမြို့နယ်တွင် အနောက်တောင်မုတ်သုံလေဝင်ရောက်လာမှုနှင့်အတူ မိုးများရွာသွန်းလျက်ရှိပြီး မေ ၂၃ ရက် နံနက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့မဈေးအတွင်းရေများ ဝင်ရောက်ကာ ဈေးသည်၊ ဈေးဝယ်များ သွားလာရေး အခက်အခဲဖြစ်ရကြောင်း သိရသည်။** ကိုကျော်(သုံးခွ)








ပြည်တွင်းရေးရာ

# ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်အောင် ဆောင်ရွက်နေ

နေပြည်တော် မေ ၂၃

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာ တွိုင်လီကိုဗာနေ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပ ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ မိမိတို့အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်အတွက် စနစ်ဟောင်းတစ်ခုမှ ဒီမိုကရေစီစနစ်သစ်တစ်ခုသို့ ညင်သာစွာ ပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ညင်သာစွာမပြောင်းလဲနိုင်သော နိုင်ငံများကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ညင်သာစွာ ပြောင်းလဲနိုင်ခြင်းသည် မိမိတို့အစိုးရ၏ ပထမဆုံး အပြောင်းအလဲဖြစ်ပါကြောင်း။

ဒုတိယအပြောင်းအလဲအနေဖြင့် ဒီမိုကရေစီစနစ်၏ လိုက်လျောညီထွေဖြစ်မည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဒီမိုကရေစီသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်နှင့် တွဲဖက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်အောင် ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း။

ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ်သို့ ကူးပြောင်းမှုသည် ကျယ်ပြန့်နက်ရှိုင်းပြီး နူးညံ့သိမ်မွေ့သည့်အတွက် အသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်ရှိ အခြားနိုင်ငံများကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရတတ်ပါကြောင်း၊ သို့သော် ထိုကဲ့သို့ အခက်အခဲ၊ စိန်ခေါ်မှုများကို ကျော်လွှားပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နောက်ကြောင်းပြန်လှည့်မည် မဟုတ်သည်ကို ပြောကြားလိုပါကြောင်း။

ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရန်ဆိုပါက ပြည်သူ့အကျိုးပြု ဆောင်ရွက်ပေးနေသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးယန္တရားကို လည်ပတ်ပေးနေသည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းများဖြစ်ရန် မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် Meritocracy ဟုခေါ်သည့် အရည်အသွေးအခြေပြု ချီးမြှင့်မြှောက်စားသည့်စနစ်ဖြင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှုတို့ကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေခြင်းသည် နိုင်ငံ၏စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဟုလည်း မိမိတို့ယုံကြည်ပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဗဟိုဦးစီးစနစ် လျှော့ချခြင်းကိစ္စအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးများသို့ ဘတ်ဂျက်များ ပိုမိုခွဲဝေချထားပေးခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ စွမ်းဆောင်ရည်တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပေးခြင်း၊ ဝန်ကြီးဌာန အဆင့်ဆင့်ကြား ပေါင်းစပ်ညှိနှိုင်းပေးမှုတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း။ **စာမျက်နှာ ၄ သို့** ❖




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



**သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာ တွိုင်လီကိုဗာနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၃ မှ
ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအပိုင်းအနေဖြင့် သဘာဝသယံဇာတ ထုတ်လုပ်မှု လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး (EITI) နှင့် ပွင့်လင်းမိတ်ဖက် နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေးတို့ကို ဆောင်ရွက်နေသည့်အပြင် ပြည်ထောင်စုဝန်ကြီး ဌာန အသီးသီးအလိုက် သတင်းထုတ်ပြန်ရေး ကိစ္စရပ်များကိုလည်း အကောင် အထည်ဖော်နေပြီလည်း ဖြစ်ပါကြောင်း။

သို့သော်လည်း အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ကို အကောင် အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် ကြီးမားကျယ်ပြန့်သည့်အတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခု တည်းစွမ်းအားဖြင့် လုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ထိုကဲ့သို့ပင် ပြည်ထောင်စု အဆင့်တစ်ခုတည်း၊ တိုင်းဒေသကြီးအဆင့် တစ်ခုတည်း၊ ပြည်နယ်အဆင့် တစ်ခုတည်းဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် တစ်ခုတည်းသော မူဘောင်၊ မူဝါဒအောက်တွင် အားလုံးစုစုစည်းစည်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးသည် အလွန်အရေးကြီးသည်ကို ပြောကြားလိုပါကြောင်း။

ထို့ပြင် အစိုးရ၏ ကျန်ရှိသည့် သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ရေရှည်ခိုင်မာသည့် အခြေခံအုတ်မြစ် ကောင်းများ ချမှတ်ပေးရမည့်လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပါ ကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများဆောင်ရွက်သည့်နေရာ တွင် ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်နှင့် မျှော်လင့်ချက်များသည် အလွန် များပြားပြီး လိုအပ်ချက်အားလုံးပြည့်မီအောင် လုပ်ဆောင်ရန် ဆိုသည်မှာလည်း အစိုးရသက်တမ်းတစ်ခုနှင့် မည်သို့မျှ မဖြစ်နိုင်သည်ကို အားလုံးက သိရှိပြီး ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းသည် ရေရှည်အစဉ်အဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်နှင့် ပြည်သူများ၏ အနာဂတ်ဘဝအတွက် ရေရှည်ခိုင်မာသော အုတ်မြစ်ကောင်း တစ်ခု လိုအပ်လာပါကြောင်း၊ ယနေ့ကာလတွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို နယ်ပယ်ကဏ္ဍအသီးသီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများရှိနေသည့်အတွက် စုစည်းဆောင်ရွက်နိုင်ရန် မဟာဗျူဟာ မှတ်တမ်းကဲ့သို့ မူဘောင်တစ်ခုလိုအပ်လာပါကြောင်း။

ထိုမူဘောင်ကို အစိုးရတစ်ဦးတည်း၏ ဆောင်ရွက်မှုတစ်ခုအနေဖြင့် မရှုမြင်စေဘဲ မိမိတို့နိုင်ငံ၏ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် တည်ဆောက် ရာတွင် နိုင်ငံသားအားလုံး၏ စုပေါင်းပါဝင် ကြိုးပမ်းအားထုတ်မှုတစ်ရပ်

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်နှင့် မျှော်လင့်ချက်များသည် အလွန်များပြားပြီး လိုအပ်ချက်အားလုံးပြည့်မီအောင် လုပ်ဆောင်ရန်ဆိုသည်မှာလည်း အစိုးရ သက်တမ်းတစ်ခုနှင့် မည်သို့မျှ မဖြစ်နိုင်။**

အနေဖြင့် ရှုမြင်စေလိုပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်သည် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် အစိုးရ၏ အကောင်အထည် ဖော် ဆောင်ရွက်နေမှုများကို ဖော်ပြထားသော မဟာဗျူဟာမှတ်တမ်းအဖြစ် နောင်လာမည့် အစိုးရများကို လက်ဆင့်ကမ်းနိုင်မည့် အမွေအနှစ်တစ်ခုလည်း ဖြစ်ပါကြောင်း။

သို့ဖြစ်၍ သက်ဆိုင်သူအားလုံးက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုလုပ်ငန်းများကို ပါဝင်ကူညီဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို အောင်မြင်အောင် ဖော်ဆောင် ပေးခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာသူများက ပူးပေါင်း ပါဝင် ဆောင်ရွက်ကြရန်နှင့် ထိရောက်ထက်မြက် ပွင့်လင်းတက်ကြွစွာဖြင့် ဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတကာအတွေ့အကြုံများအရ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ပြသည့်နေရာတွင် ကာလတိုအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း မျိုးမဟုတ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အချိန် ကာလတစ်ခုအထိ ကြာမြင့်သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့ အနေဖြင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းသည့်နေရာတွင် ရေတိုကာလအတွင်း ရလဒ်ကောင်းများ ရရှိစေရန်အတွက် ပြည်သူလူထု၏ လိုလားချက်များကို လေ့လာပြီး ဥပဒေနှင့်အညီ ပြောင်းလဲသင့်သည့် ကိစ္စများကို Quick Win ရရှိ အောင် ဆောင်ရွက်ပေးခဲ့ခြင်းရှိသကဲ့သို့ ရေရှည်ခိုင်မာသည့် အခြေခံကောင်း များကို ချမှတ်ဆောင်ရွက်ပေးခဲ့ရခြင်းလည်း ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲသည် တိုင်းပြည်၏ အနာဂတ်ကောင်းမွန်ရန်အတွက် ရေရှည် ခိုင်မာသည့် အခြေခံကောင်းတစ်ရပ်ကို ဖော်ထုတ်ချမှတ်နိုင်ရန် ရည်မှန်း ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စတာ တို့ွင်လီ ကိုဗာနော့က အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု ဆိုသည်မှာ ရုံးလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းများကို တိုးတက်အောင် လုပ်ခြင်းတစ်ခု တည်းမဟုတ်သည်ကို မေ့ထား၍မရပါကြောင်း၊ ယင်းပြုပြင် ပြောင်းလဲမှုများတွင် အရေးအကြီးဆုံးမှာ ဆုံးဖြတ်ချက်များကို မည်သူက ချမှာလဲ၊ အရင်းအမြစ်များကို မည်သူတွေက ပိုင်ဆိုင်သလဲ၊ မည်သူ့ထံတွင် လုပ်ပိုင်ခွင့်များ ရှိနေသလဲဆိုသည်နှင့် သက်ဆိုင်ပါကြောင်း၊ အုပ်ချုပ်မှုပြုပြင် ပြောင်းလဲမှုများ အကြောင်းပြောသည့်အခါ အထူးသဖြင့် ဗဟိုဦးစီးစနစ်လျှော့ချမှု အကြောင်း ပြောကြသည့်အခါ အရေးပါ လာသည့် အစိတ်အပိုင်းတစ်ခုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေး နွေးပွဲပင်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဘဝများ သိသိသာသာပြောင်းလဲ တိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်အတွက် မြင့်မားသည့် မျှော်မှန်းချက် များ ပြည့်မီနိုင်မည်မဟုတ်ပါကြောင်း၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးအားလုံး တွင် ထိရောက်သည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ် အဖွဲ့အစည်းများရှိမှသာ တိုင်းရင်းသားလူမျိုးစုများအကြား အပြန်အလှန်ယုံကြည်မှုများ တိုးပွားလာရန် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍကို ခေတ်မီတိုးတက် အောင် လုပ်ဆောင်ခြင်းသည် အစိုးရအနေဖြင့် တတိယလှိုင်း ပြုပြင်ပြောင်းလဲမှု များကို မြန်ဆန်စေမည်ဖြစ်သကဲ့သို့ တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်မှု တည် ဆောက်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုလုံးကိုလည်း အထောက်အကူပြုမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု အခြေအနေကို ညွှန်ပြနိုင်သည့် မူဘောင် ပြုစုရေးဆွဲရေးအတွက် အကြံပြုဆွေးနွေးချက်များ ရရှိနိုင်ရန် ကျင်းပခြင်းဖြစ်ပြီး ယင်းရည်ရွယ်ချက်များ အောင်မြင်စေရန် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးဌာနများမှ အရာထမ်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ ပူးပေါင်းညှိနှိုင်းပြီး တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရ သည်။

**(သတင်းစဉ်)**

---

**○ ရွှေဖုံးမှ**
ထို့နောက် နိုင်ငံတော်သမ္မတ အမှူးပြုသည့် ဧည့်ပရိသတ်များက နိုင်ငံတော် ဩဝါဒါစရိယ အသော ကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာ တော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒ စရိယ အသောကာရုံ ရေလည် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်က ဩဝါဒကထာ ရွတ်ပွားချီးမြှင့်ပေးပြီး နိုင်ငံတော် သမ္မတနှင့် အဖွဲ့ဝင်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင် တွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင် များအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိတ္ထီလာ (မြောက်)ကန် ၏ တည်နေရာ၊ နောက်ခံသမိုင်း အကျဉ်း၊ လုပ်ငန်းမဆောင်ရွက်မီ အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရန် ဖြစ်ပေါ်လာပုံအခြေအနေ၊ လုပ်ငန်း ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ယခုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက် မည့် အစီအမံကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ဤကန် ကြီးသည် မိတ္ထီလာမြို့နေပြည်သူ အတွက် စိုက်ပျိုးရေးနှင့် မြို့သောက် ရေသုံးရေအတွက် အထောက်အကူ ပြုသည့် ကန်ကြီးဖြစ်ပါကြောင်း ၊ ရေရရှိရေးသည် ပြည်သူများ၏ အခြေခံ လိုအပ်ချက်တစ်ခုဖြစ်ပါ ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ပြည်သူများ ချက်ချင်းလက်ငင်း အကျိုးရှိမည့် လုပ်ငန်းများကို အလေး ထားစဉ်းစားပြီး ဆောင်ရွက်ပေးလျက် ရှိရာ၌ ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များ အဆင်ပြေချောမွေ့မှုရှိ စေရန် ဦးစားပေးဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ အထူးသဖြင့် ရေရရှိရေး လုပ်ငန်းများကို လုပ်ဆောင် ပေးလျက်ရှိရာ မြန်မာနိုင်ငံ အလယ် ပိုင်းတွင် ရေရှားပါးသည့်နေရာများ၌ ရေရရှိနိုင်စေရန် ကန်များပြုပြင်ခြင်း၊ စက်ရေတွင်းများ တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိပါကြောင်း ။

ဤမိတ္ထီလာ(မြောက်)ကန်ပြန်လည် တူးဖော်ခြင်းလုပ်ငန်းသည် လုပ်ငန်း ပမာဏ ကြီးမားသည့်အတွက် စက် ယန္တရားအစီးရေ ၄၀၀ ခန့်ဖြင့် ပြုပြင် ခြင်း လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါကြောင်း ၊ ဤကန်ကြီး ပြန်လည် တူးဖော်ပြုပြင်ပြီးစီးသွားပါက ဒေသခံ ပြည်သူအတွက် သန့်ရှင်းသော သောက် သုံးရေ၊ စိုက်ပျိုးရေများ ကောင်းစွာရရှိ မည်ဖြစ်ပါကြောင်း၊ ဒေသခံမြို့ပြည်သူ ရေရရှိရေးတွင် များစွာအကျိုးပြုပြီး ခေတ်အဆက်ဆက်က သမိုင်းအစဉ် အလာရှိခဲ့သည့် ဤကန်ကြီးကို မိမိတို့ အစိုးရလက်ထက်တွင် ဒေသခံ ပြည်သူအတွက်စေတနာဖြင့်ယခုကဲ့သို့ ပြုပြင်ပေးခြင်းဖြစ်ပါကြောင်း၊ ယင်း ကဲ့သို့ လုပ်ငန်းဆောင်ရွက်နေစဉ်နှင့် ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွား သည့်အခါတွင်လည်း ဒေသခံပြည်သူ များအနေဖြင့် ဝိုင်းဝန်းကူညီ ထိန်းသိမ်း စောင့်ရှောက် ပေးသွားကြစေလို




**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်သည့်နေရာနှင့် စက်ယန္တရားများကို တွေ့ရစဉ်။** (ပြန်/ဆက်)

ကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ သည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးဝင်းက ကျေးဇူးတင်စကားပြော ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ က အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့် ဒေသခံပြည်သူ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မိတ္ထီလာ(မြောက်)ကန် ပြန်လည် ပြုပြင်တူးဖော်မည့်နေရာနှင့် စက် ယန္တရားများ ရောက်ရှိနေမှုအခြေ အနေများ၊ မိတ္ထီလာ- ကျောက်ပန်း တောင်း ကားလမ်းပေါ်ရှိ မိတ္ထီလာ- ကန်ဖြတ်တံတားကို လက်ရှိ ၂၅ ပေ အကျယ် နှစ်လမ်းသွားမှ ၄၈ ပေအကျယ် လေးလမ်းသွားအထိ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေ များနှင့် မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုသည်။

ယခု ပြန်လည်ပြုပြင် တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် မိတ္ထီလာ(မြောက်)ကန်ကို ဆည်မြောင်း ဦးစီးဌာနက ၂၀၁၅ ခုနှစ်မေလအတွင်း အကြိုစူးစမ်းတိုင်းတာမှုများ ပြုလုပ် ခဲ့ပြီး စက်ယန္တရားအင်အား အစီး ၄၀၀ ခန့်ဖြင့် လုပ်ငန်းကာလ နှစ်လ အတွင်း ပြန်လည်ပြုပြင်တူးဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါကန်ကြီးသည် လက်ရှိ အခြေအနေတွင် ကန်ပေါင် အလျား ပေ ၂၃၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ်အကျယ် ပေ ၃၀၊ ပျမ်းမျှရေအနက် လေးပေခြောက် လက်မ၊ ရေလှောင်ပမာဏ ဧကပေ ၃၀၀၀ ၊ ရေထုတ်ပေါက် (၁၅ × ၁၅) ပေ နှစ်ခုသာ ရှိတော့သဖြင့် သီးနှံ စိုက်ပျိုးမှုအားဖြင့် မိုးစပါး ၂၆၁၄ ဧကနှင့် နွေစပါး ၄၄၅ ဧကသာ စိုက်ပျိုးနိုင်တော့ကြောင်း သိရ သည်။

သဲနုန်းပို့ချနေသည့် မိတ္ထီလာ (မြောက်) ကန်မြေကို ဆည်မြောင်း ဦးစီးဌာနက ပြန်လည်ပြုပြင် တူးဖော် ရာတွင် ကန်ပေါင်အလျား ပေ ၂၅၆၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ် အကျယ်ပေ ၅၀၊ ပျမ်းမျှရေအနက် ရှစ်ပေ၊ ရေလှောင် ပမာဏ ဧကပေ ၇၂၀၀ အထိ တူးဖော်ပြုပြင်သွားမည်ဖြစ်ပြီး သီးနှံ စိုက်ပျိုးမှုအားဖြင့်လည်း မိုးစပါး ၆၆၅၅ ဧကနှင့် နွေစပါး ၆၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်မည် ဖြစ်သည်။

မိတ္ထီလာ (မြောက်) ကန် ပြန်လည် ပြုပြင်တူးဖော်ခြင်း လုပ်ငန်းတွင် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များ ထပ်ပိုးခြင်း၊ ကန်ပေါင်အသစ်ပြုလုပ် ခြင်း၊ ဆင်ခြေလျှော လှိုင်းကာ ကျောက်ရိုးစီခြင်း ၊ ရေထိန်းတံခါးနှင့် ကန်ခြားရေတံခါးများကိုလည်း အထူး စီမံကိန်းအသွင်ဖြင့် စက်ယန္တရားကြီး များ အလုံးအရင်းဖြင့် ပြန်လည် ပြုပြင်တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒသမအကြိမ်မြောက် သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် မေ ၂၃**

သုတစာပေဖွံ့ဖြိုးစေရန်၊ ပြည်သူများ အထွေထွေဗဟုသုတ ကြွယ်ဝလာစေရန်နှင့် စာပေရေးသားသူများအား သုတစာပေများ ပိုမိုရေးသားလာနိုင်ရန်ရည်ရွယ်၍ စွယ်စုံ မီဒီယာဂရု(ပ်)၏ သုတစွယ်စုံ စာအုပ်တိုက်က ၂၀၁၃ ခုနှစ်အတွက် ချီးမြှင့်သည့် ဒသမအကြိမ် သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သုတစွယ်စုံစာပေဆု အလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံ မီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းအကြောင်းနှင့် ဆုရွေးချယ်ပုံ အဆင့်ဆင့်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်၏ အကဲဖြတ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က သုတစွယ်စုံ တစ်သက်တာစာပေဆုရရှိသည့် ပါမောက္ခ ဒေါက်တာ မောင်မောင်ညို့နှင့် "ဦးခင်ညွန့်နှင့် အင်တာဗျူး" စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (နိုင်ငံရေးစာပေ) ရရှိသည့် ဦးမြတ်ခိုင်တို့အား ဆုများချီးမြှင့်သည်။**(ယာပုံ)**

ထို့နောက် ၂၀၁၃ ခုနှစ်အတွက် သုတစွယ်စုံစာပေဆုများကို တာဝန်ရှိသူများက ဆက်လက်ချီးမြှင့်ခဲ့သည်။

သုတစွယ်စုံစာပေဆု(လူမှုစီးပွား)ကို ဒေါက်တာနေဇင်လတ်က "ရွှေရတုလက်ရွေးစင်ဆောင်းပါးများ(၁)နှင့် (၂)"စာအုပ်ဖြင့် လည်းကောင်း၊ သုတစွယ်စုံစာပေဆု(လူငယ်စာပေ)ကို တင်စိန်(ပထဝီဝင်)က "ဖေ့စ်ဘွတ်ခ်သက်ရောက်မှု" စာအုပ်ဖြင့် လည်းကောင်း၊ သုတစွယ်စုံ စာပေဆု (ဝိဇ္ဇာစာပေ)ကို ပန်းချီလှတင်ထွန်းက "မြန်မာ့ပန်းချီရေစီးကြောင်း" စာအုပ်ဖြင့် လည်းကောင်း၊ သုတစွယ်စုံ စာပေဆု(စာပဒေသာ)ကို သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီ ဦးကျော်သူက "ကျွန်တော်သာသမ္မတကြီးဖြစ်ခဲ့လျှင်" စာအုပ်ဖြင့် လည်းကောင်း၊ သုတစွယ်စုံစာပေဆု(အသုံးချသိပ္ပံ)ကို ပါမောက္ခ ဒေါက်တာခင်မကြီးက "ပြည်သူ့အတွက် ဆေးဝါးပေဒ" စာအုပ်ဖြင့် လည်းကောင်း ရရှိခဲ့ကြသည်။

ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်)မှ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ဟင်္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်နှင့် ၂၀၁၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များနှင့် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲများအတွက် အလှူငွေကျပ် သိန်း ၄၀ ကို တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စွယ်စုံမီဒီယာဂရု(ပ်)က သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသော်ကောင်းနှင့် သုတစွယ်စုံစာပေဆု ရွေးချယ်ရေးအဖွဲ့အား မေတ္တာလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် သုတစွယ်စုံစာပေဆု ရရှိသူများကိုယ်စား ပါမောက္ခ ဒေါက်တာမောင်မောင်ညို့၊ အကယ်ဒမီ ဦးကျော်သူနှင့် ဦးမြတ်ခိုင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများနှင့် ဆုရသူများ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

သုတစွယ်စုံစာအုပ်တိုက်ကို ၁၉၈၂ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ပညာပေးစာအုပ်များ ထုတ်ဝေခဲ့သည်။ စွယ်စုံမီဒီယာဂရု(ပ်)အနေဖြင့် သုတစွယ်စုံမဂ္ဂဇင်း၊ အာရောဂျံ ကျန်းမာရေးမဂ္ဂဇင်း၊ ပြည်မြန်မာ သတင်းလွှာဂျာနယ်၊ Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်၊ The Chic အလှအပ၊ ဖက်ရှင်နှင့် လူမှုဘဝမဂ္ဂဇင်း၊ "ပြည်မြန်မာနေ့စဉ်" သတင်းစာများကို ယနေ့အထိ ထုတ်ဝေလျက်ရှိပြီး ၂၀၀၄ ခုနှစ်မှစတင်၍ သုတစွယ်စုံစာပေဆုများကို နှစ်စဉ် ချီးမြှင့်ခဲ့ရာ ဆုပေါင်း ၇၉ ခု ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒီခေတ်ကလေးတွေ စာဖတ်နည်းလာတယ်၊ စာဖတ်ဖို့ စာကြည့်တိုက်တွေဖွင့်ပေးရမယ်၊ တစ်နိုင်ငံလုံးက ကလေးတွေ စာပေကို အမြဲလေ့လာချင်နေရမယ်

ပါမောက္ခ ဒေါက်တာမောင်မောင်ညို

တွေ့ဆုံမေးမြန်း - သီသီမင်း

ဓာတ်ပုံ - ခင်မောင်ဝင်း



သရုပ်ဆောင် ဒါရိုက်တာကျော်သူ။



ဒေါက်တာတင်ထွန်းဦး။



ပါမောက္ခ ဒေါက်တာမောင်မောင်ညို။



လယ်တွင်းသားစောချစ်။

သုတစာပေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး မြန်မာစာပေလောက၏ အဆင့်အတန်းမြင့်မားလာစေရန်နှင့် ပြည်သူလူထုတွင် မှန်ကန်သော အသိပညာဗဟုသုတများ ပိုမိုကြွယ်ဝလာစေရန်၊ သုတစာပေရေးသားသည့် စာရေးဆရာများကို တတ်နိုင်သမျှ အားပေးချီးမြှင့်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ချီးမြှင့်သည့် ဒသမအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ဆုရရှိသူအချို့၏ စကားသံများကို ကြေးမုံသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**သရုပ်ဆောင်ဒါရိုက်တာကျော်သူ (သုတစွယ်စုံစာပေဆု၊ စာပဒေသာ)**

ကျွန်တော်ဒီစာအုပ်ကိုရေးဖြစ်ခဲ့တဲ့အကြောင်းကတော့ ကျွန်တော်က အရင်တုန်းကတော့ ရုပ်ရှင်မင်းသားတစ်ယောက်ပါ။ နောက်ပိုင်းပရဟိတလုပ်လာတယ်။ ၂၀၀၇ စက်တင်ဘာနောက်ပိုင်းမှာ အနုပညာလုပ်ငန်းတွေ အပိတ်ခံခဲ့ရပါတယ်။ အနုပညာသမားတစ်ယောက်ဟာ အနုပညာအလုပ်ကို လုပ်ရမှ ကျေနပ်တယ်။ ပရဟိတလုပ်ရင်းနဲ့ အားတဲ့အချိန်လေးမှာ ပန်းချီဆွဲတယ်၊ စာရေးလာတယ်။ ဒီစာရေးတဲ့စာက ပြည်သူလူထုနဲ့ ထပ်တူထပ်မျှခံစားပြီး ပြည်သူလူထုကို ကျွန်တော်က အနီးကပ်ကူညီပြီး ပြည်သူလူထုခံစားချက်ကို ကိုယ်တိုင်ခံစားပြီး ပရဟိတအသင်းအဖွဲ့တွေရဲ့ ခံစားချက်တွေဒါတွေရေးတယ်။ ရေးရင်းနဲ့ ကျွန်တော့်ဖေ့စ်ဘွတ်မှာတင်လိုက်တယ်။ ဒီဖေ့စ်ဘွတ်မှာတင်တဲ့ ဆောင်းပါးတွေ ဒီစာသားတွေကို ပဥ္စဂံစာပေတိုက်က ကိုအောင်သူတို့က စာအုပ်ထုတ်ချင်တယ်ဆိုလို့ ထုတ်လိုက်တာ။ အခု ဒီစာအုပ်ကလည်း အောင်မြင်သွားတယ် ဆိုတော့ ဝမ်းမြောက်တာပေါ့။ စာအရေးအသားကတော့ ကျွန်တော်ကကျောင်းတုန်းက အင်မတန်စာညံ့တဲ့သူတစ်ယောက်ပါ။ ဒီလိုစာတွေရေးနိုင်တယ်ဆိုတာလည်း အဓိကကျေးဇူးကတော့ အရင်အစိုးရပေါ့ဗျာ။ အရင်တုန်းကအစိုးရကြောင့် ထွက်ပေါက်အနေနဲ့ရေးခဲ့တာကို ရဲရဲဝံ့ဝံ့ဆုပေးခဲ့တဲ့ သုတစွယ်စုံ စာပေဆုချီးမြှင့်တဲ့သူတွေကို အထူးပဲကျေးဇူးတင်ပါတယ်။

**ဒေါက်တာတင်ထွန်းဦး (သုတစွယ်စုံစာပေဆုအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်)**

သုတစွယ်စုံစာပေဆုချီးမြှင့်တာ ရည်ရွယ်ချက် ၃ ခုရှိပါတယ်။ ပထမအချက်ကသုတစာပေဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် နိုင်ငံတော်ရဲ့စာပေအဆင့်အတန်းကို တစ်နည်းတစ်ဖုံ အထောက်အကူပြုစေချင်တဲ့အချက်၊ ဒုတိယကတော့ ပြည်သူလူထုကို ရည်ညွှန်းတာပါ။ သုတစာပေ ပိုမိုထွန်းကားလာလို့ရှိရင် အသိဉာဏ်ဗဟုသုတတွေ ပိုမိုကြွယ်ဝလာမှာပေါ့၊ တတိယအချက်ကတော့ စာရေးဆရာတွေကို ရည်ရွယ်ပါတယ်။ သုတစာပေရေးသားတဲ့ စာရေးဆရာတွေကို တစ်နည်းတစ်ဖုံနဲ့ အားပေးဖို့ဆိုတဲ့ ရည်ရွယ်ချက် ၃ ရပ်နဲ့ ချီးမြှင့်တာဖြစ်ပါတယ်။ တစ်သက်တာစာပေဆုကိုတော့ စာပေစာနယ်ဇင်းသမ္မာရင့်မှု၊ သုတစာပေတွေရေးသားပြီး စာပေတာဝန်ကို ကာလရှည်ကြာစွာ မဆုတ်မနစ်ထမ်းဆောင်ခဲ့မှု၊ စာပေလက်ရာစုံလင်မှုနဲ့ စာဖတ်ပရိသတ် လက်ခံတဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ စနစ်တကျရွေးချယ်ပြီး ပေးခဲ့တာဖြစ်ပါတယ်။ ဆရာကြီး ဒေါက်တာမောင်မောင်ညိုဆိုရင်လည်း ၁၃ နှစ်သားထဲကနေ ရေးလာတာ။ စာပေရေးသက်ကများပြီး စာစုံရေးခဲ့တယ်။ ဒါကြောင့် တစ်သက်တာစာပေဆုကို ရွေးခဲ့တာပါ။ ၂၀၁၃ ခုနှစ်အတွက် ဆုကခုနစ်ဆုပါ။ ဆုရွေးချယ်ခဲ့တဲ့ စာအုပ် ခြောက်အုပ်ကတော့ စာအုပ်ရေးသားဖွဲ့စည်းမှု၊ တင်ပြတဲ့ အကြောင်းအရာ၊ စာဖတ်သူတွေကို အသိပညာတိုးပွားစေတဲ့အပြင် ခေတ်မီဗဟုသုတတွေပြန့်ပွားဖို့ ဖတ်ရှုသင့်တဲ့ စာအုပ်တွေမို့လို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

**သုတစွယ်စုံ တစ်သက်တာစာပေဆုရ ပါမောက္ခ ဒေါက်တာမောင်မောင်ညို**

စာရေးတယ်ဆိုတာချမ်းသာတဲ့ အလုပ်တော့မဟုတ်ပါဘူး။ စေတနာပါတဲ့အတွက်ရေးတာပါ။ အခုခေတ်နောက်ပိုင်းမှာ မျက်စိနဲ့မြင်ရတာတွေ၊ နားနဲ့ကြားရတာတွေကိုပဲ ကြည့်တာများတဲ့အခါကျတော့ စာဖတ်တာနည်းလာတယ်။ လူငယ်တွေမှာစာဖတ်တာ လျော့သွားတယ်။ ဆရာတို့တုန်းက ကျောင်းစာတွေအပြင် အားကစားလည်းလုပ်တယ်။ အပြင်စာတွေလည်း ဖတ်တယ်။ ဒီခေတ်ကလေးတွေ စာဖတ်နည်းလာတယ်။ စာဖတ်ဖို့ စာကြည့်တိုက်တွေ ဖွင့်ပေးရမယ်။ ကျောင်းမှာ နံရံကပ်စာစောင်တွေလုပ်ပေးရမယ်။ တစ်နိုင်ငံလုံးက ကလေးတွေ စာပေကို အမြဲလေ့လာချင်နေရမယ်။ စာပေမြင့်မှ လူမျိုးတင့်မယ်ဆိုတဲ့ အတိုင်းပေါ့ အားလုံးကို လေ့ကျင့်ပေးနေရမယ်။ ဆရာကအသက် ၁၃ နှစ်ကတည်းက စာရေးလာတာ၊ စာရေးလာတာကတော့အကြောင်းစုံပါပဲ။ ကဗျာလည်းရေးတယ်။ ဆောင်းပါးလည်းရေးတယ်။ စသဖြင့်ပေါ့။ အဓိကကတော့ ကိုယ်သိတာကိုမျှဝေပေးမယ်။ ဆရာက ဆရာဝန်ဖြစ်ပေမယ့် ဆေးကုတဲ့အလုပ်မလုပ်ဘဲနဲ့ စာရေးတဲ့အလုပ်ကို မက်မောတဲ့အတွက် အသက်ရှိသမျှကာလပတ်လုံး စာဆက်ရေးနေဦးမှာပါ။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကိုယ်သိတဲ့အသိတွေကို ပြည်သူတွေ သိသင့်သိထိုက်တာတွေကို ကိုယ်တတ်တဲ့ စာရေးသားတဲ့ ပညာနဲ့ ရေးသားတင်ပြသွားမှာပါ။

**လယ်တွင်းသားစောချစ် (မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ)**

စာပေဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးတယ်လို့ပြောချင်ပါတယ်။ အသိပညာတွေ၊ အလိမ္မာတွေမြင့်မှ၊ အဲဒီတိုင်းသူပြည်သားတွေရဲ့ အရည်အချင်းတွေမြင့်မှ တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်ခုတည်ဆောက်နိုင်မယ်။ အစိုးရကောင်းအဖွဲ့တစ်ဖွဲ့ကို တည်ဆောက်နိုင်မယ်။ အဲဒါတွေက လူတွေရဲ့ အသိဉာဏ်ပညာကြီးမြင့်မှုပေါ်မှာပဲမူတည်တယ်။ ဒီလိုဖြစ်ဖို့ဆိုတာစာဖတ်များဖို့လိုတယ်။ ရေးတဲ့စာပေတွေကလည်း အများပြည်သူ အကျိုးပြုတဲ့ စာပေတွေဖြစ်ဖို့လိုတယ်။ နောက်ပြီး အသိဉာဏ်မြင့်မားစေတဲ့ စာပေတွေဖြစ်ဖို့လိုတယ်။ နိုင်ငံတော်ကလည်း စာပေကိုမြှင့်တင်ချင်လို့ စာပေဆုတွေချီးမြှင့်တယ်။ စေတနာရှင် ပုဂ္ဂလိကတွေကလည်း ဆုတွေချီးမြှင့်ပေးတယ်။ စာပေလုပ်ငန်းရှင်ကြီးတွေကလည်း စာပေဆုတွေကို ချီးမြှင့်တယ်။ သုတစွယ်စုံစာပေဆုရှိတယ်။ ထွန်းဖောင်ဒေးရှင်းစာပေဆုရှိတယ်။ ဆရာဝန်တင်ရွှေ စာပေဆုရှိတယ်။ ရွှေအမြုတေစာပေဆုရှိတယ်။ ပခုက္ကူဦးအုန်းဖေစာပေဆုရှိတယ်။ အဲဒီလိုပုဂ္ဂလိက စာပေဆုချီးမြှင့်တဲ့သူတွေကို ဆရာတို့အနေနဲ့ အလွန်ကျေးဇူးတင်ပါတယ်။ စာကောင်းပေကောင်းတွေပေါ်ထွက်လာဖို့အားပေးတာဖြစ်တဲ့အပြင် စာရေးဆရာတွေအနေနဲ့ကလည်း စာကောင်းပေမွန်တွေရေးသားကြပါတယ်။ အဲဒီစာတွေကို ဖတ်ပြီး ပြည်သူတွေ အသိဉာဏ်မြင့်လာရင် တိုင်းပြည်လည်း အဆင့်အတန်းမြင့်မားလာမှာပါ။

၂၀၁၃ ခုနှစ်အတွက် ဒသမအကြိမ်ချီးမြှင့်သည့် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သုတစွယ်စုံ တစ်သက်တာစာပေဆုကို ပါမောက္ခ ဒေါက်တာမောင်မောင်ညို၊ စာပဒေသာဆုကို "ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့လျှင်"စာအုပ်ဖြင့် ဦးကျော်သူ၊ လူမှုစီးပွားဆုကို "ရွှေရတုလက်ရွေးစင်ဆောင်းပါးများ(၁)(၂)"ဖြင့် ဒေါက်တာနေဇင်လတ်၊ လူငယ်စာပေဆုကို "ဖေ့စ်ဘွတ်ခ်သက်ရောက်မှု" ဘာသာပြန်စာအုပ်ဖြင့် တင်စိန်(ပထဝီဝင်)၊ နိုင်ငံရေးစာပေဆုကို "ဦးခင်ညွန့်နှင့် အင်တာဗျူး"ကိုရေးသူ ဦးမြတ်ခိုင်၊ ဝိဇ္ဇာစာပေဆုကို "မြန်မာ့ပန်းချီရေစီးကြောင်း" စာအုပ်ဖြင့် ပန်းချီလှတင်ထွန်း၊ အသုံးချသိပ္ပံဆုကို "ပြည်သူ့အတွက် ဆေးဝါးပေဒ" စာအုပ်ဖြင့် ပါမောက္ခဒေါက်တာ ခင်မကြီးတို့က အသီးသီးဆုများရရှိခဲ့ကြသည်။ ။

# နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အဓိကအကြောင်းအရာအဖြစ် ထည့်သွင်းဆွေးနွေးသွားမည်

**နေပြည်တော် မေ ၂၃**

နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးမည့်သူများဖြစ်သည့်အတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်ပြုစုရေးဆွဲရေးတွင် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကိုအဓိကအကြောင်းအရာအဖြစ်ထည့်သွင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာအကြံပြုအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပလျက်ရှိပြီးနိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှု၊ ဗဟိုဦးစီးစနစ်လျှော့ချခြင်း၊ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုရှိခြင်းခေါင်းစဉ်များဖြင့် အုပ်စုများခွဲကာဆွေးနွေးခဲ့ကြသည်။

"နိုင်ငံ့ဝန်ထမ်းတွေရဲ့စွမ်းရည်ဆိုရာမှာ ယခင်ကရှိခဲ့တဲ့စွမ်းရည်ကိုပိုပြီးပြည်သူကိုဗဟိုပြုနိုင်အောင်၊ ပြည်သူ့ဝန်ကိုဆောင်တဲ့ ပြည်သူ့ဝန်ထမ်းအဖြစ်အသွင်ပြောင်းနိုင်အောင်၊စွမ်းဆောင်ရည် ထက်မြက်အောင် ဆွေးနွေးမှုတွေပြုလုပ်မှာ ဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦးက ပြောသည်။

ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရန်ဆိုပါက ပြည်သူ့အကျိုးပြုဆောင်ရွက်ပေးနေသည့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးယန္တရားကိုလည်းပတ်ပေးနေသည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း စွမ်းဆောင်ရည်ပြည့်ဝသည့်ဝန်ထမ်းများဖြစ်ရန် မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

"အကောင်အထည်ဖော်ရေးကာလမှာ အဓိကကျတာက နိုင်ငံ့ဝန်ထမ်းစနစ်ဖြစ်တဲ့အတွက် အခုလို အလုပ်ရုံဆွေးနွေးပွဲမှာ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားရပါမယ်။ လာမယ့်နှစ်ရက်အတွင်းမှာ ပြည်သူဗဟိုပြုအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ်ရေးဆွဲရေးမှာ လူတစ်ဦးချင်းစီရဲ့အရည်အသွေးတက်ဖို့ဆိုရင် ပြည်သူ့ဝန်ထမ်းတွေက ပညာတတ်တယ်၊ ဘွဲ့ရတယ်ဆိုတာနဲ့မဟုတ်ဘဲလုပ်ငန်းခွင်အတွေ့အကြုံတွေရှိဖို့လိုတယ်၊ ကဏ္ဍတိုင်းမှာ အရည်အသွေးရှိရမယ်၊ လုပ်ရည်ကိုင်ရည်ရှိရမယ်၊ နိုင်ငံ့ဝန်ထမ်းတွေက ပြည်သူများလိုအပ်တဲ့ဝန်ဆောင်မှုကိုပေးသူမှာ ပြည်သူ့ဝန်ထမ်းများဖြစ်တယ်၊ အကျင့်စာရိတ္တကောင်းမွန်ရမယ့်အပြင် စွမ်းရည်လည်းရှိရမယ်၊ သဘောက တော်ရမှာဖြစ်သလိုကောင်းရမှာလည်းဖြစ်ပါတယ်"ဟု ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

"နောက်ပြီးအကျင့်စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်တွေလည်း ရှိဖို့လိုပါတယ်၊ သတ္တိရှိဖို့လည်းလိုပါတယ်။အခုပြည်သူ့ဝန်ထမ်းတွေအနေနဲ့ မလုပ်၊ မရှုပ်၊ မပြုတ်လုပ်နေလို့မရပါဘူး။ ပြည်သူ့အတွက်လုပ်နေတာမို့စွန့်မှုရမယ်။ ပြီးတော့ အရည်အသွေးတက်လာတာနဲ့အမျှ ပြန်လည်ဝေမျှရပါမယ်။ ပြည်သူတွေ ဘာလိုအပ်တယ်ဆိုတာသိပြီး ဖြည့်ဆည်းနိုင်တဲ့ဝန်ထမ်းတွေဖြစ်ရပါမယ်"ဟု ၎င်းကဆိုသည်။

ယခုဆွေးနွေးပွဲကို မေ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရလဒ်များအပေါ် မူတည်၍နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သင်တန်းပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(နန္ဒာဝင်း၊ ဟန်နီဝင်း)**



**အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။**

# လူသားချင်းစာနာသည့် ထောက်ပံ့ကယ်ဆယ်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော မေ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေး ဦးစီးကော်မတီ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်တို့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ် ဘီးယား၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရေနာတာ ဒေဆာလင်း၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပမီဒီယာများနှင့်အတူ ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ယာယီစခန်း၌ ဖွင့်လှစ်ထိန်းသိမ်းထားသည့် ရေမျောဒုက္ခသည်များအား ကြည့်ရှုအားပေးကြသည်။

ယာယီစခန်းတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူသားချင်းစာနာမှုအရ ကူညီထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ တာဝန်ရှိသူများထံ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်း ပြောကြားပြီး အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေး ကော်မတီဖွဲ့စည်းထားရှိပြီး ရေမျောဒုက္ခသည်များအား လူသားချင်းစာနာသည့် ထောက်ပံ့ကယ်ဆယ်မှုဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်က ရေမျောဒုက္ခသည်များကို လျင်မြန်စွာ ကူညီဆောင်ရွက်ပေးခဲ့ခြင်းနှင့် လက်တွေ့ မြေပြင်အထိ လွတ်လပ်ပွင့်လင်းစွာတွေ့ဆုံမေးမြန်းခွင့်ရသည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ၏ စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများကို လိုက်နာရပါကြောင်း၊ INGO၊ NGO များ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာများ အကူအညီပေးရေးတို့သည် နိုင်ငံအားလုံးနှင့် သက်ဆိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရေမျောဒုက္ခသည်များက ပင်လယ်ပြင်တွင် တွေ့ကြုံခံစားခဲ့ရသည်များကို ရှင်းလင်းပြောကြားကြပြီး ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာများက ရေမျောဒုက္ခသည်များအား မိမိတို့သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရေမျောဒုက္ခသည်များအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့ ရွှေဝါနဒီခန်းမ၌ မောင်တောမြို့ရှိ နှစ်ဖက်အသိုက်အဝန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၀ နှင့် ကျောက်တော်မြို့တွင် နေထိုင်သူဘင်္ဂါလီလူမျိုး ရှစ်ဦး ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ယာယီစခန်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရေမျောဒုက္ခသည်များအား သွားရောက်တွေ့ဆုံစဉ်။**




**ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ယာယီစခန်းတွင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရေမျောဒုက္ခသည်များအား သိရှိလိုသည်များကို မေးမြန်းကြစဉ်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## လားရှိုးမြို့၌ လောက်ကိုင်ဒေသတိုက်ပွဲများတွင်

## ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား တွေ့ဆုံအားပေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျားတိုက်ပွဲဝင်ကြရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသဖြင့် ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သားတစ်ဦးအား တွေ့ဆုံအားပေးစဉ်။ (မြဝတီ)

လားရှိုး မေ ၂၃

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ် လားရှိုးမြို့သို့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်စိုးတို့နှင့်အတူ လားရှိုးမြို့ အမှတ်(၉) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)သို့ရောက်ရှိပြီး လတ်တလောကာလအတွင်း လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား တိုက်ပွဲဝင်ကြရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသဖြင့် ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သား အရာရှိ၊ စစ်သည်များအား တွေ့ဆုံအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ ဦးစီးအဖွဲ့ဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ နိုင်ငံရေးပါတီများနှင့် ကိုးကန့်ယဉ်ကျေးမှု အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကာလတွင် တပ်မတော်၏ တရားသောစစ်ဆင်နွှဲနေသည့်အပေါ် ပြည်သူအားလုံးက ထောက်ခံဂုဏ်ပြုလျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် ဧပြီလအတွင်းက ပြင်ဦးလွင်ရှိ အမှတ်(၁) တပ်မတော်စစ်ဆေးရုံ (ခုတင်-၇၀၀)သို့ ရောက်ရှိပြီး စစ်ဆင်ရေးအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအား တွေ့ဆုံအားပေးခဲ့ပါကြောင်း၊ ယခုခရီးစဉ်သည် လားရှိုးမြို့ တပ်မတော်စစ်ဆေးရုံမှ ဒဏ်ရာရစစ်သည်များအား တွေ့ဆုံအားပေးရန်နှင့် ကိုးကန့်ဒေသ တိုက်ပွဲစဉ်များတွင် ကျဆုံးသွားခဲ့သည့် တပ်မတော်သားများကို ဂုဏ်ပြု၊ အလေးပြုရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် တာဝန်ကျေပွန်ပြီး သစ္စာစောင့်သိသည့် စိတ်ဓာတ်ဖြင့် စွန့်လွှတ်စွန့်စားမှုကို မိမိတို့ ဂုဏ်ပြုကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ထိန်းသိမ်းစောင့်ရှောက်သည့် မှန်မြတ်သည့် တပ်မတော်ဖြစ်ပါကြောင်း။

နိုင်ငံတိုင်း၌ တပ်မတော်ရှိကြောင်း၊ တပ်မတော်အင်အားမရှိလျှင်၊ စွမ်းရည်ထက်မြက်မှုမရှိလျှင် အခက်အခဲကြုံတွေ့နိုင်ပါကြောင်း၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေတ်မီသည့် မျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ ထိုနည်းတူ ပြည်သူချစ်ခင်လေးစားသည့် တပ်မတော်ဖြစ်အောင် အမြဲကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်တစ်ခုတည်းဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် လုံလောက်မှုမရှိနိုင်ပါကြောင်း၊ မည်သည့်နိုင်ငံသားမဆို ကိုယ့်နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ တပ်မတော်နှင့်အတူ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှသာ လွတ်လပ်ပြီး အချွန်အမြှ ရှည်သည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် လောက်ကိုင်ဒေသ၌ MNDAA အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် ဒေသ မတည်မငြိမ်ဖြစ်ခဲ့ရပြီး တပ်မတော်သားများလည်း ကျဆုံးခဲ့ရကြောင်း၊ ကိုးကန့်ဒေသမှ ပြည်သူများ စစ်ဘေးရှောင်ကြရပြီး ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရကြောင်း၊ လောက်ကိုင်ဒေသ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ရခြင်းမှာ အာဏာကို မတရားနည်းဖြင့် ရယူလိုကြသူများက ၎င်းတို့ကိုယ်ကျိုးအတွက် မသိနားမလည်သည့် တိုင်းရင်းသားလူငယ်များကို တိုက်ခိုက်ရန် အသုံးချခိုင်းစေခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ တပ်မတော်သားများ ဆုံးရှုံးသည့်နည်းတူ အပြစ်မဲ့တိုင်းရင်းသားများ ဆုံးရှုံးခြင်းသည် နိုင်ငံတော်၏ ဆုံးရှုံးမှုပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အချုပ်အခြာ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့ အသက်ခန္ဓာကိုပဓာနမထားဘဲ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများကို ဂုဏ်ပြုရန် လာရောက်ခဲ့သည့် ခရီးစဉ်အတွက် စီစဉ်ပေးခဲ့ကြသူများကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၉ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် MNDAA အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေ၊ ထိခိုက်ဒဏ်ရာရခြင်း၊ ဒုက္ခမျိုးစုံ တွေ့ကြုံရခြင်းများကြောင့် အလွန်ပင်စိတ်မကောင်းစရာဖြစ်ပါကြောင်း၊ ယခုအခါ တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် MNDAA အဖွဲ့အား တိုက်ခိုက်ချေမှုန်းနေသည်မှာ အမြစ်ပြတ်လုနီးပါးရှိပြီဖြစ်ကြောင်း။

ကိုးကန့်ဒေသအတွက် အသက်ပေးဆက်ခဲ့ရသော တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများ၊ ရဲမေများ၊ ကလေးငယ်များ အပါအဝင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်မှာ မိမိတို့ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါကြောင်း၊ ယင်းသို့ တပ်မတော်အပိုင်းက ပေးဆက်ရသည့်အပြင် မိမိတို့ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အပါအဝင် ကိုးကန့်တိုင်းရင်းသားတစ်သိန်းကျော် ဒုက္ခရောက်ခဲ့ရပါကြောင်း။

ယခုကဲ့သို့ စစ်ပွဲများဖြစ်ပွားနေသည်မှာ လုံးဝမဖြစ်သင့်ပါကြောင်း၊ တိုင်းရင်းသားအားလုံးပူးပေါင်းလက်တွဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရမည့်အချိန် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပါက တိုင်းပြည်အတွက် အသက်ပေါင်းများစွာ ပေးဆက်နေရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဘဏ္ဍာငွေများလည်း များစွာဆုံးရှုံးနေမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လက်နက်ကိုင်အဖွဲ့များအား ထပ်မံတောင်းဆိုလိုသည်မှာ ၂၀၁၅ ရွေးကောက်ပွဲနီးကပ်လာပြီဖြစ်၍ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်နိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ကိုးကန့်ဒေသသည် ကုန်းကြမ်း၊ လောက်ကိုင် မြို့နယ်နှစ်ခုဖြင့် ဖွဲ့စည်းထားပြီး ကိုးကန့်၊ ပလောင်၊ လီဆူး၊ ရှမ်း၊ ဗမာ၊ 'ဝ'၊ ကချင်စသည့် တိုင်းရင်းသားများ စုစုစည်းစည်း ညီညီညွတ်ညွတ်နေထိုင်သည့် ဒေသဖြစ်ပါကြောင်း၊ ထိုဒေသ၌ နေထိုင်ကြသည့် မျိုးနွယ်စုခေါင်းဆောင်များ၏ အားပြိုင်မှု ပဋိပက္ခများကြောင့် မကြာခဏ ပြဿနာဖြစ်ပွားလေ့ရှိပါကြောင်း၊ သို့သော်လည်း တပ်မတော်၏ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့မှုကြောင့် ကိုးကန့်ဒေသတွင် တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

ယနေ့အချိန်တွင် ကိုးကန့်ဒေသ၌ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်ခဲ့ပါကြောင်း၊ ယင်းပြဿနာများ၏ အရင်းခံကိုကြည့်ပါက တိုင်းရင်းသားခေါင်းဆောင်အချို့၏ အာဏာရယူလိုမှု၊ အချင်းချင်းမနာလိုမှုနှင့် ဖြတ်လမ်းမှ လိုက်ပါလိုမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့ ဤဒေသကို တည်ငြိမ်အေးချမ်းပြီး စည်ပင်ဖွံ့ဖြိုးအောင် တပ်မတော်သားများက အသက်သွေးချွေးကို ပဓာနမထားဘဲ တိုင်းပြည်နှင့် လူမျိုးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေသည်မှာ တိုင်းရင်းသားများအားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ခေတ်စနစ်များ ပြောင်းလဲခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်များနှင့် နိုင်ငံသားများကလည်း လက်နက်ကိုင်ပဋိပက္ခများကို လက်နက်ဖြင့် ဖြေရှင်း၍ မရဘဲ တွေ့ဆုံဖြေရှင်းသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ကိုနားလည်ပါကြောင်း၊ မိမိတို့ ဖြစ်စေချင်သည့် ဆန္ဒများကို တရားသောနည်းလမ်းဖြင့် လွှတ်တော်၌ တောင်းဆိုနိုင်သော အခွင့်အရေးများရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးတွင်လည်း ထိုက်သင့်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများလည်း ရရှိနေပြီဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့က လောက်ကိုင်ဒေသတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော စစ်သည်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်စိုးက လက်ခံသည်။

ထို့နောက် ဖူလီလိုက်ကုမ္ပဏီက စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော စစ်သည်များအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူးက လက်ခံသည်။


ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တပ်မတော်၏ နိုင်ငံကာကွယ်ရေး၊ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် တရားသောစစ်ပွဲ ဆောင်ရွက်ချက်များအပေါ် ပြည်သူအားလုံးက အမြဲထာဝရထောက်ခံအားပေးသွားရန် လိုအပ်ပါကြောင်း၊ ဂုဏ်ပြုချီးကျူးထိုက်သူကို ချီးကျူးဂုဏ်ပြုမည်ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသတွင် တရားသောစစ်ကိုဆင်နွှဲရင်း ကျဆုံးသွားသော စစ်သည်များကို ဂုဏ်ပြုအလေးပြုပါကြောင်း၊ ကိုးကန့်ဒေသ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် တပ်မတော်နှင့်အတူ ကိုးကန့်ဒေသမှ ပြည်သူများကလည်း လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေတ်မီသည့် မျိုးချစ်တပ်မတော်ဖြစ်ရုံသာမက ပြည်သူများက ချစ်ခင်လေးစားသည့် တပ်မတော်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ လားရှိုးမြို့ရှိ ကျဆုံးစစ်သည်ဂူဗိမာန်၌ လောက်ကိုင်ဒေသ စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသော အရာရှိ၊ စစ်သည်များအား လွမ်းသူ့ပန်းခွေချအလေးပြုခြင်း အခမ်းအနားကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လောက်ကိုင်ဒေသ စစ်ဆင်ရေးတွင် ကျဆုံးသွားသော အရာရှိ၊ စစ်သည်များ၏ ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေချသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ကျဆုံးသွားသော အရာရှိ၊ စစ်သည်များအား အလေးပြုပြီး မေတ္တာပို့အမျှဝေကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ အိမ်ရာစီမံကိန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

**လားရှိုးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ပေါ်ရှိ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဇာတထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဇာတထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် လားရှိုးမြို့ပေါ်ရှိ စွန်းလွန်းဝိပဿနာ စတုသစ္စာကျောင်းတိုက် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဒေဝိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ မြို့လယ်ပရိယတ္တိစာသင်တိုက် ဆရာတော်ဂန္ထဝါစက ပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုနန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ မြို့မပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကလျာဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ “ထင်းရှူးမြိုင်” မြို့ပြဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်းနှင့် “ချယ်ရီမြိုင်” တည်ဆောက်ရေးစီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် “ထင်းရှူးမြိုင်” မြို့ပြဖွံ့ဖြိုးရေးအိမ်ရာ စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်မိုးနှင့် တာဝန်ရှိသူများက စီမံကိန်းတည်နေရာ၊ အကျယ်အဝန်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံလုပ်ငန်း၊ လမ်းလုပ်ငန်း၊ ရေရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရှင်လင်းဆောင်၌ ပြသထားသည့် “ထင်းရှူးမြိုင်” မြို့ပြဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်း ပုံစံငယ်ကို ကြည့်ရှုပြီး အဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့၌ ပြည်နယ်ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် Shining Myanmar ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် “ချယ်ရီမြိုင်” တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ Shining Myanmar ကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးငွေဝင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အဆောက်အအုံပုံစံများ ရွေးချယ်ထားရှိမှု၊ စီမံကိန်းကာလအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ မြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ပြန်/ဆက်)

ယင်းနောက် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်မီးသွယ်တန်းရေး၊ သောက်သုံးရေဖြန့်ဖြူးရေး၊ အမှိုက်သရိုက်များ၊ စီမံကိန်းအဆောက်အအုံနှင့် အိမ်ရာများမှ ထွက်ရှိလာသော ရေဆိုးများကို ပြုပြင်သန့်စင်စက်များဖြင့် သန့်စင်ပြီး စနစ်တကျစွန့်ပစ်ရန်၊ စည်းကမ်းတကျ စွန့်ပစ်ရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်နှင့် အဆင့်မြင့်ယာဉ်ရပ်နားစခန်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**



## စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်ဖွင့်

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းက မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် နတ်စောင့်ကျေးရွာတွင် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်ဖွင့်ပွဲကို မေ ၂၁ ရက်တွင် နတ်စောင့်ကျေးရွာ (အထက)ကျောင်းခွဲ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ပြီး စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရေလှောင်ကန်ရှိ ကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ **(ဝဲပုံ)** ရေသုံးစွဲမှုကို ကြည့်ရှုသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့်လွယ်အိတ်၊ ဆရာ ဆရာမများအတွက် အင်္ကျီ၊ လုံချည်များ၊ ကျေးရွာရှိ အဘိုး ၂၆ ဦး၊ အဘွား ၄၉ ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီး ၂၅ ဦးအတွက် အဝတ်အစားနှင့် ဆေးဝါးများ၊ ကျေးရွာရှိ အိမ်ထောင်စုများအတွက် ပြက္ခဒိန်၊ မုန့်မျိုးစုံ၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများ၊ ကျေးလက်ကျန်းမာရေးဆေးခန်းသို့ သွေးပေါင်ချိန်စက်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ပြီး ကျေးရွာအတွင်းရှိ လူမှုရေးအဖွဲ့အစည်းအသီးသီးနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များသို့ အလှူငွေကျပ် ၃၀၀၀၀၀ နှင့် စက်မောင်းဆီ တစ်ပီပါတို့ကို ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားအပြီးတွင် မဟာမြိုင်ကျေးရွာ၊ ဇေယျာသုခ(အရှေ့)ကျေးရွာ၊ ပုဒါတ်စာကုန်း ကျေးရွာတို့မှ ကျေးရွာ အထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံ၍ ကျေးရွာအတွက် လိုအပ်ချက်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြပြီးနောက် ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသံဝရနှင့် သံဃာတော်များအား သင်္ကန်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးမျှော်နေကြသော တောင်သူလယ်သမားများ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မိုးကြိုလယ်ယာလုပ်ငန်းများဝင်ကြ

**ဖြူး မေ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်၊ ကျောက်ကြီး စသည့် ခြောက်မြို့နယ်အတွင်း မိုးစပါးနှင့် ဆောင်းသီးနှံမတ်ပဲများကို နှစ်စဉ်ရာသီအလိုက် မိုးကောင်းရေသောက်စနစ်ဖြင့် မိုးစပါးဧက တစ်သိန်းခွဲကျော်နှင့် မတ်ပဲဧက တစ်သိန်းကျော်အထိ အများဆုံး စိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်သည်။

ယခုနှစ်တွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် နေ့အပူချိန်များ စံချိန်တင်မြင့်တက်ခဲ့ပြီး မိုးရွာသွန်းမှုနောက်ကျမှုကြောင့် မိုးကြိုလယ်ယာလုပ်ငန်းများ ဝင်ရောက်ကြရန် မိုးကိုစောင့်ဆိုင်းမျှော်ကိုးနေကြစဉ် မေ ၁၇ ရက်ညနေပိုင်းမှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် လယ်သမားကြီးများမိုးကြိုလယ်ယာလုပ်ငန်းများဖြစ်သည့် လယ်ကွက်များ မီးရှို့ခြင်း၊ ပျိုးထောင်ရန် ပျိုးခင်းလယ်ကွက်များ ထယ်ထိုးခြင်း၊ သဘာဝမြေသြဇာများ တိုက်ချခြင်းလုပ်ငန်းများ စတင်လုပ်ကိုင်နေကြပြီဖြစ်သည်။**(ယာပုံ)**

ယခုနှစ်တွင်လည်း ဖြူးမြို့နယ် ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားကြီးများက မိုးစပါးစိုက်ဧက ၁၅၄၃၂၆ ကျော် စိုက်ပျိုးသွားကြမည်ဖြစ်သည်။

“ယခုနှစ်က နေ့အပူချိန်တွေ အလွန်ပူပြင်းတဲ့အတွက် ကျွန်တော်တို့ လယ်သမားတွေ မိုးကြိုလယ်ယာလုပ်ငန်းအနည်းငယ် နောက်ကျနေကြရပါတယ်။ အခါတိုင်းနှစ်တွေက ကဆုန်လဆန်းတာနဲ့ မိုးရွာတော့ မိုးကြိုလယ်ယာလုပ်ငန်းတွေ အစောလုပ်ကိုင်ပြီးစီးကြပြီး အခုအချိန် နယုန်လဆန်းဆိုရင် အရင်နှစ်က အချို့လယ်သမားများ ပျိုးထောင်ပြီးနေကြပါပြီ”ဟု ဖြူးမြို့နယ် ဇဟား ကျေးရွာမှ လယ်သမား ဦးတင်ညိုလေးက ပြောသည်။ **(ဖြူးမြင့်ဦး)**



## ပြည်တွင်းရေးရာ

✱ ကျောဖုံးမှ

အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လယ်ယာကဏ္ဍကို အဓိကအားထားနေရသည့် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးစရိတ်အရင်းအနှီး အထောက်အကူဖြစ်စေရန် သင့်တင့်သည့်ချေးငွေများ အကူအညီပေးရေး၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် နည်းပညာနှင့် စက်ကိရိယာများ ပံ့ပိုးပေးရေး၊ လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့်စျေးနှုန်းနှင့် ခိုင်မာသည့်စျေးကွက်ရရှိရေး၊ နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေစေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်နစ်နာမှုများအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေး စသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဥပဒေနှင့်အညီ ထိရောက်အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ရန် အတွက် တောင်သူလယ်သမားများ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများအား ရေးဆွဲအတည်ပြုပြဌာန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံထူထောင်နိုင်ရန် မိရိုးဖလာလက်မှုလယ်ယာလုပ်ငန်းများတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အစားထိုးအသုံးပြုပြီး ဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများ နိုင်ငံခြားမှ မှာယူတင်သွင်းပြီး သမဝါယမဝန်ကြီးဌာန၏စီမံမှုဖြင့် အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်အောင် ပံ့ပိုးပေးလျက်ရှိပါကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ပေးသည့်အတွက် အချိန်မီစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စိုက်ပျိုး၊ ရိတ်သိမ်းစရိတ် သက်သာခြင်းနှင့် သီးနှံအရည်အသွေးကောင်းမွန်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လုပ်အားသက်သာခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဝယ်ယူထားသည့် စက်ကိရိယာများကို မိမိတို့လယ်ယာလုပ်ကိုင်ခွင်မှာ အသုံးပြုသည့်အပြင် အခြားလယ်ယာများသို့ အငှားလိုက်ခြင်းအားဖြင့်လည်း အပိုဝင်ငွေရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယခင်တစ်သီးသာ စိုက်ပျိုးနိုင်သည့် အခြေအနေမှ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးညဏ်ထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးရသည့် စနစ်ကိုရွေးချယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး သမဝါယမအသင်းသားများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် လုံးလုံးလျားလျား မှီခိုအားထားမနေရတော့ဘဲ မိမိတို့စုဆောင်းငွေအရင်းအနှီး၊ မိမိတို့ ကိုယ်ပိုင်စက်ကိရိယာများနှင့် မိမိတို့ကိုယ်တိုင်တစ်ပိုင်တစ်နိုင်ရပ်တည်နိုင်ပြီး မိမိအကျိုးကိုသာမက အများအကျိုး၊ နိုင်ငံတော်အကျိုးကိုပါ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ပေးနိုင်ကြမည် ဖြစ်ပါကြောင်း။

သမဝါယမဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုဖြင့် သမဝါယမအသင်းသားပြည်သူများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ယခင်ထုတ်ချေးပေးခဲ့သည့် ချေးငွေများအပြင် နိုင်ငံခြားချေးငွေအဖြစ် ပထမအကြိမ် ၅၁၅၃၆ ဒသမ ၀၃ ကျပ်သန်းကို ထုတ်ချေးခဲ့ပြီး ပြေကျေလို့ ဒုတိယအကြိမ် ၅၇၁၂၂ ဒသမ ၂၄ ကျပ်သန်း၊ တတိယအကြိမ် ၅၂၄၂၅ ဒသမ ၀၃ ကျပ်သန်းကိုလည်း ထုတ်ချေးပေးခဲ့ပါကြောင်း၊ ချေးငွေအားလုံး ၁၀၀ ရာနှုန်းပြည့် ပြန်လည်ကောက်ခံရရှိသည့်အတွက် တာဝန်ကျေပွန်သည့် အသင်းသားပြည်သူများ၊ သမဝါယမအသင်းအဆင့်ဆင့်နှင့် သမဝါယမဝန်ကြီးဌာနကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဤအစဉ်အလာကောင်းကို သမဝါယမမူဝါဒ၊ လုပ်ထုံးလုပ်နည်းများအပေါ် လိုက်နာကြပြီး ဆက်လက်ထိန်းသိမ်းသွားရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

ပြင်ပတွင် အတိုးနှုန်းကြီးမားစွာရယူပြီး လိုအပ်သည့်ရင်းနှီးငွေကို ခက်ခဲစွာရှာဖွေနေရသည့် တောင်သူဦးကြီးများ စိုက်ပျိုးရာသီရောက်သည့်အခါ အခက်အခဲ ကြုံတွေ့နေရသည့် အခြေအနေကို သမဝါယမဝန်ကြီးဌာနက ပြည်ပချေးငွေများရယူပြီး အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးနေခြင်းကြောင့် ထိုက်သင့်သည့် သက်သာမှုရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ တောင်သူဦးကြီးများ၏ အကျိုးကို သမဝါယမက ကူညီစောင့်ရှောက်ပေးနေသကဲ့သို့ အသင်းသား ပြည်သူများကလည်း သတ်မှတ်ကာလတွင် တာဝန်ကျေရန်လည်း လိုအပ်ပါကြောင်း၊ ရေရှည်တွင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားရန်၊ ရရှိသည့်ချေးငွေအထောက်အပံ့ကို အမှန်တကယ် လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချရန် သမဝါယမဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း ဥပဒေမူဘောင်နှင့်အညီ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ရန်၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် သမဝါယမက ယခုထက်ပိုမို၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

အတိတ်က မြန်မာ့သမဝါယမ၏ ကောင်းမွေဆိုးမွေကို သင်ခန်းစာယူပြီး မိမိတို့ လက်ထက်မှာ အခြေခံပြည်သူများ၏ ဘဝမြင့်တက်လာအောင်၊ ဆင်းရဲနွမ်းပါးမှုနှုန်း လျော့နည်းကျဆင်းသွားအောင်၊ တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ ထို့အပြင် သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းနေသည့်နိုင်ငံများကို စံနမူနာယူပြီး မိမိတို့နိုင်ငံမှာလည်း အောင်မြင်ဖြစ်ထွန်းအောင် ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ဝိုင်းဝန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဦးတည်ချက်(၂)ရပ်နှင့်အညီ လက်တွေ့လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အဆိုပါ လုပ်ငန်းစဉ်(၈)ရပ်အနက် ပြည်သူများ လိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းအတွက် အသေးစား အရင်းအနှီးချေးငွေ ထုတ်ပေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်နှင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း စသည့် လုပ်ငန်း(၃)ရပ်ကို ယနေ့အခမ်းအနားတွင် ဆောင်ရွက်ပေးသွားမှု အခြေအနေများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တာဝန်ကျေ ပြန်လည်ပေးဆပ်ပြီး ထပ်မံထုတ်ချေးပေးမည့် သမဝါယမအသင်း ကိုးသင်း၊ အသင်းသား ၇၄၅ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၆၃ ဒသမ ၉ သန်းနှင့် ချေးငွေခံစားရခြင်းမရှိသေးသော သမဝါယမအသင်းသစ် ၁၁၈ သင်း၊ အသင်းသား ၇၂၂၄ ဦးအတွက် ထုတ်ချေးငွေကျပ် ၅၄၈ ဒသမ ၄ သန်း စုစုပေါင်းထုတ်ချေးငွေကျပ် ၇၁၂ ဒသမ ၃ သန်းကို လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ချေးငွေခံစားရခြင်းမရှိသေးသော သမဝါယမအသင်းသစ် ၆၀၊ အသင်းသား ၃၇၂၀ အတွက် ထုတ်ချေးငွေ ၃၁၀ ဒသမ ၈၄ သန်းကို လည်းကောင်း ပေးအပ်ရာ မြို့နယ်သမဝါယမအသင်းစု ကိုယ်စားလှယ်များက လက်ခံကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တာဝန်ကျေပြန်လည်ပေးဆပ်ပြီး ထပ်မံထုတ်ချေးပေးမည့် သမဝါယမအသင်း ၂၅၅ သင်း၊ အသင်းသား ၃၀၀၁၃ ဦးအတွက် ထုတ်ချေးငွေကျပ် ၆၄၅၀ ဒသမ ၇၃ သန်းနှင့် ချေးငွေခံစားရခြင်းမရှိသေးသော သမဝါယမအသင်းသစ် ၂၇၃ သင်း၊ အသင်းသား ၂၃၆၆၈ ဦးအတွက် ထုတ်ချေးငွေကျပ် ၂၄၇၁ ဒသမ ၈၁ သန်း စုစုပေါင်းထုတ်ချေးငွေကျပ် ၈၉၂၂ ဒသမ ၅၄ သန်းကို လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ တာဝန်ကျေပြန်လည်ပေးဆပ်ပြီး ထပ်မံထုတ်ချေးပေးမည့် သမဝါယမအသင်း ၂၄၄ သင်း၊ အသင်းသား ၂၁၇၇၃ ဦးအတွက် ထုတ်ချေးငွေကျပ် ၃၁၃၉ ဒသမ ၈၄ သန်းနှင့် ချေးငွေခံစားရခြင်းမရှိသေးသော သမဝါယမအသင်းသစ် ၂၄၉ သင်း၊ အသင်းသား ၁၇၇၇၆ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၆၁၁ ဒသမ ၁၂ သန်း စုစုပေါင်းထုတ်ချေးငွေကျပ် ၄၇၅၀ ဒသမ ၉၆ သန်းကိုလည်းကောင်းပေးအပ်ရာ မြို့နယ်သမဝါယမအသင်းစု ကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်းတို့ပေါင်းစပ်၍ ဆိုင်ကယ် ၇၈၄ စီး၊ အနှေးယာဉ်(ဆိုက်ကား) ၇၇ စီး၊ အပ်ချုပ်စက် ၁၇၅၁ လုံးနှင့် လယ်ယာသုံးပစ္စည်း ၁၅၆၄ မျိုးအတွက် တန်ဖိုးငွေကျပ် စုစုပေါင်း ၆၅၃၀ ဒသမ ၉၆ သန်းကို ပေးအပ်ရာ မြို့နယ်သမဝါယမအသင်းစုကိုယ်စားလှယ်တစ်ဦးက လက်ခံသည်။

ယင်းနောက် တက်ရောက်လာကြသော အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ဝင်းအတွင်း ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံပြခန်းများ၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သမဝါယမအသင်းများ အဆင့်မြှင့်ရာတွင် လိုအပ်သည့် စက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သွင်းအားစုများနှင့် နည်းပညာရပ်များဆိုင်ရာ ပြခန်းများ၊ သမဝါယမအသင်းများသို့ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးအပ်သွားမည့် လယ်ယာသုံးစက်ကိရိယာများနှင့် လယ်ယာသုံးယာဉ်များ၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ အနှေးယာဉ်(ဆိုက်ကား)နှင့် အပ်ချုပ်စက်များကို ကြည့်ရှုစစ်ဆေးပြီး အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ကြသည့် သမဝါယမအသင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ယခင်ထုတ်ချေးပေးထားသည့် ချေးငွေပေါင်းမှာ ကျပ် ၁၆၁၂၅ ဒသမ ၂၅၇ သန်းဖြစ်ပြီး ယခုချေးငွေသစ်နှင့်ဆိုလျှင် စုစုပေါင်း ထောက်ပံ့ချေးငွေ ကျပ်သန်းပေါင်း ၂၈၄၃၇ ဒသမ ၅၇ သန်း၊ ကျပ် ၂၈ ဘီလီယံကျော်ဖြစ်ကြောင်း သိရှိရသည်။ အလားတူတစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၀၇ မြို့နယ်နှင့် ကျေးရွာပေါင်း ၂၃၀၀၀ ကျော်မှ မိသားစုပေါင်း နှစ်သန်းကျော်အတွက် ချေးငွေပေါင်းကျပ် ၂၂၄ ဘီလီယံကျော် ထုတ်ချေးပေးထားကြောင်း သိရှိရသည်။ ယနေ့အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခရိုင်ရှိ သမဝါယမအသင်းများမှ အသင်းသား ၁၅၀၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မကွေးမြို့နယ် ကံသာကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကျင်းပ

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံသာကြီးကျေးရွာအုပ်စု ကံသာကြီးကျေးရွာတွင် မေ ၂၂ရက်က ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဟန်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက မိမိတို့ကျေးရွာမီးလင်းရေးအတွက် အနှစ်နှစ်အလလက ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မီးရရှိရေးအတွက် အခက်အခဲများနှင့် ကြုံခဲ့ရပါကြောင်း၊ မီးရရှိရေးအတွက် ကျေးရွာပြည်သူများ မျှော်လင့်ခဲ့သော်လည်း အိပ်မက်တစ်ခုပမာ ပျက်ပြယ်သွားခဲ့ပါကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် မိမိတို့ အိပ်မက်တစ်ခုကို အကောင်အထည်ဖော်ရန် ကြိုးစားဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် မေ ၂၂ ရက်တွင် ကျေးရွာမီးလင်းရေးကော်မတီကိုဖွဲ့စည်းပြီး မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခု မေ ၂၂ ရက်တွင် မိမိတို့ကျေးရွာပြည်သူများ မျှော်လင့်နေသော အိပ်မက်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ကျေးရွာပြည်သူများကလည်း မီးရရှိလာသည့်အတွက် ဝမ်းပန်းတသာကြိုဆိုခဲ့ကြပါကြောင်း၊ မိမိတို့ ပြည်သူလူထုကလည်း စွမ်းအားရှိသရွေ့ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံသာကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ငွေကျပ်သိန်း ၇၀၀ကျော် အကုန်အကျခံကာ ၂၀၀ ကေဗွီထရန်စဖော်မာ တစ်လုံးတပ်ဆင်ပြီး ကျေးရွာအတွင်း မီးများ စတင်ပေးလျက်ရှိသည်။ ကျေးရွာတွင် အိမ်ခြေပေါင်း ၂၂၅ အိမ်ရှိပြီး မီးသုံးစွဲသူ ၁၈၀ ကျော်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မကွေး)**

# ပစိဖိတ်နှင့် အတ္တလန္တိတ်ကမ်းရိုးတန်း ဆက်သွယ်ပေးမည့် ရထားလမ်းဖောက်လုပ်ရေး ဖြစ်တန်ခြေ လေ့လာမှုပြုလုပ်မည်



**လီမာ မေ ၂၃**

ပီရူးနိုင်ငံ၏ ပစိဖိတ်ပင်လယ်ကမ်းရိုးတန်းဒေသကို ဘရာဇီးနိုင်ငံ၏ အတ္တလန္တိတ်ပင်လယ်ကမ်းရိုးတန်းဒေသနှင့် ဆက်သွယ်ပေးမည့် ရထားလမ်းဖောက်လုပ်ရေး ဖြစ်တန်ခြေလေ့လာမှုပြုလုပ်သွားရန် တရုတ်နှင့် ပီရူးနိုင်ငံတို့ မေ ၂၃ ရက်တွင် သဘောတူညီလိုက်ကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တောင်အမေရိကတိုက်ကို သွယ်တန်းတည်ရှိမည့် အဆိုပါ ရထားလမ်းမှာ ကီလိုမီတာ ၅၃၀၀ (မိုင် ၃၃၀၀) ရှိမည်ဖြစ်ပြီး ရထားလမ်းဖောက်လုပ်နိုင်စွမ်းရှိမရှိ ဖြစ်တန်ခြေလေ့လာမှုပြုလုပ်သွားမည်ဖြစ်သည်။

တရုတ်ဝန်ကြီးချုပ် လီကေချန်းသည် လက်တင်အမေရိကခရီးစဉ်၏ တတိယမြောက် ခရီးတစ်ထောက်နိုင်ငံအဖြစ် ပီရူးနိုင်ငံသို့ရောက်ရှိနေချိန်အတွင်း အဆိုပါ သဘောတူညီချက်ပေါ်ထွက်လာသည်။

ဝန်ကြီးချုပ်လီသည် ပီရူးသမ္မတ အိုလန်တာဟူမာလာနှင့် မေ ၂၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ရေနံ၊ သန့်ရှင်းသောစွမ်းအင်၊ ဓာတ်သတ္တုတူးဖော်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းကဏ္ဍများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

တရုတ်နှင့် ပီရူးနိုင်ငံတို့သည် နိုင်ငံသုံးငွေကြေးများကို အသုံးပြု၍ ကုန်သွယ်မှုပြုလုပ်နိုင်သည့် နည်းလမ်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သင့်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

အင်ဒီးတောင်တန်းဒေသမှ ပစိဖိတ်ကမ်းရိုးတန်းဒေသသို့ ဆက်သွယ်မည့် ရထားလမ်းပေါ်ထွန်းလာခြင်းဖြင့် အာရှဒေသသို့ တောင်အမေရိကဒေသမှ ဓာတ်သတ္တုနှင့် ကောက်ပဲသီးနှံတို့ တင်ပို့ရာတွင် ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်ဆို၏။

**ရိုက်တာ။**

# ဂျပန်က ပစိဖိတ်ကျွန်းနိုင်ငံများအား ဒေါ်လာသန်း ၅၀၀ ထောက်ပံ့မည်

**တိုကျို မေ ၂၃**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ဖြေရှင်းနိုင်ရန်အတွက် ပစိဖိတ်ကျွန်းနိုင်ငံများအား အမေရိကန်ဒေါ်လာသန်း ၅၀၀ ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကတိပေးပြောကြားသည်။

ဖူကူရှီးမားစီရင်စုနယ်ရှိ အိုင်ဝါကီမြို့၌ ကျင်းပသော ပစိဖိတ်ကျွန်းနိုင်ငံများမှ ခေါင်းဆောင်များ အစည်းအဝေး ဒုတိယမြောက်နေ့တွင် ဝန်ကြီးချုပ် အာဘေးက အထက်ပါအတိုင်း ကြေညာလိုက်ခြင်းဖြစ်သည်။

အာဘေးက ၎င်း၏ အကျဉ်းချုပ်မိန့်ခွန်းတွင် ဂျပန်နိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသော နိုင်ငံတစ်နိုင်ငံအဖြစ် လျှောက်လှမ်းနေပါကြောင်း အလေးအနက်ပြောကြားပြီး မိမိ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုမူဝါဒကို သဘောတူညီမှုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် အာဘေးက ဒုတိယကမ္ဘာစစ်ပွဲအတွင်း ပစိဖိတ်ကျွန်းများပေါ်တွင် သေဆုံးသွားသော ဂျပန်လူမျိုးတို့၏ အကြွင်းအကျန်များကို ပြန်လည်ရရှိရန် ဂျပန်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပေးရန် အစည်းအဝေးကို တက်ရောက်လာသည့် ခေါင်းဆောင်များကို တောင်းဆိုထားသည်။

**အန်န်အိတ်ချ်ကေ။**

# သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် အမေရိကန်နှင့် ကျူးဘားဆွေးနွေး

**ဝါရှင်တန် မေ ၂၃**

အမေရိကန်နှင့် ကျူးဘားနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ရန် စတုတ္ထအကျော့ဆွေးနွေးပွဲကို မေ ၂၂ ရက်က ပြုလုပ်ခဲ့ကြသည်။ နှစ်နိုင်ငံတွင် သံရုံးများ အပြန်အလှန်ဖွင့်လှစ်ရေးအတွက် သဘောတူညီချက်ရရှိရန် များစွာနီးစပ်လာကြောင်း၊ လာမည့်ရက်သတ္တပတ်များအတွင်း နောက်ဆုံးကျန်ရှိနေသည့် အတားအဆီးများကို ကျော်လွှားလွန်မြောက်နိုင်မည်ဟု မျှော်လင့်ရကြောင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရော့ဘတ်တာဂျက်ကော့ဆင်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဝါရှင်တန်၌ မေ ၂၁ ရက်က စတင်ခဲ့သည်။ လွန်ခဲ့သည့် နှစ် ၅၀ ကျော်မှစ၍ သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ရပြီးနောက် သံရုံးများ အပြန်အလှန်ဖွင့်လှစ်ရေးအတွက် ဆွေးနွေးကြခြင်းဖြစ်သည်။

လွန်ခဲ့သည့် ငါးလတာကာလအတွင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် တိုးတက်မှုများ သိသိသာသာရရှိခဲ့ပြီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် များစွာနီးစပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့သဘောတူညီချက် ရရှိသည့်အခါ ဟာဗားနား၌ အမေရိကန်သံရုံးကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အာဏာရှင် အစိုးရအဖွဲ့များ အုပ်ချုပ်သည့် နိုင်ငံများ၌ အမေရိကန်သံတမန်များအပေါ် ထိန်းချုပ်ကန့်သတ်မှုများ ရှိသည်မှာ သဘာဝဖြစ်သော်လည်း မိမိတို့က သံတမန်လုပ်ငန်းများကို အပြည့်အဝလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဂျက်ကော့ဆင်က ပြောကြားသည်။

**ရိုက်တာ။**

# အိန္ဒိယသရုပ်ဆောင်မင်းသမီးဟောင်း ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်ခံရ

**နယူးဒေလီ မေ ၂၃**

အန်မာဟု လူသိများသူ အိန္ဒိယသရုပ်ဆောင်မင်းသမီးဟောင်း ဂျေဂျယာလာလီသာသည် မေ ၂၃ ရက်က တမီလ်နာဒူဝန်ကြီးချုပ်အဖြစ် တစ်ဖန်ကျမ်းသစ္စာကျိန်ဆို လိုက်ကြောင်း သိရသည်။

ဒေသန္တရပါတီ AIADMK ကို ဦးဆောင်သူ ဂျယာလာလီသာသည် မဒရပ်စ်တက္ကသိုလ်၌ ဝန်ကြီး ၂၈ ဦးနှင့်အတူ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ယင်းအခမ်းအနားကို တမီလ်နာဒူပြည်နယ်အုပ်ချုပ်ရေးမှူးက စီစဉ်ပေးခဲ့ပြီး ပြည်သူ ၃၀၀၀ ကျော် တက်ရောက်ခဲ့သည်။ အသက် ၆၇ နှစ်ရှိ ၎င်းအား အထူးတရားရုံးတစ်ရုံးက ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သည့် အကျင့်ပျက်ခြစားမှုတစ်ခုနှင့် ပတ်သက်၍ ပြစ်ဒဏ်ချမှတ်ပြီးနောက် လွန်ခဲ့သည့်နှစ် စက်တင်ဘာလက တမီလ်နာဒူပြည်နယ် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ရသည်။

ထို့ပြင် ဂျယာလာလီသာမှာ ဝင်ငွေနှင့် အချိုးအစားမမျှတသော ပိုင်ဆိုင်မှုပစ္စည်းများ ပိုင်ဆိုင်မှုနှင့်စွဲချက်တင်ခံခဲ့ရသည်။ သို့သော် ယခုလအစောပိုင်းတွင် တရားရုံးက အပြစ်မရှိသောကြောင့် လွှတ်ပေးခဲ့သည်။

အာဏာစွန့်လွှတ်ခဲ့သည့်ကာလအတွင်း ပြည်နယ်ဝန်ကြီးချုပ်နေရာအား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး အိုပန်နီယာဆယ်လ်ဗန်အား လွှဲပြောင်းပေးအပ်ခဲ့သည်။

အိန္ဒိယဗဟိုအစိုးရက အန်မာအာဏာပြန်လည်ရရှိလာမှုနှင့် ပတ်သက်၍ ချီးကျူးထောပနာပြုခဲ့သည်။

မိမိတို့သည် တမီလ်နာဒူပြည်နယ်နှင့် အကောင်းဆုံးဆက်ဆံရေးကို ထိန်းသိမ်းသွားမည်ဖြစ်ပြီး ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အရွန်ဂျိတ်လေးက ပြောကြားသည်။

**ဆင်ဟွာ။**





# ဆော်ဒီအာရေဗျတွင် ရှီးယိုက်ဘုရားကျောင်းကို အိုင်အက်စ်စစ်သွေးကြွများ အသေခံပုံးခွဲတိုက်ခိုက်

**ရီယာ့ဒ် မေ ၂၃**

ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းတွင် ရှီးယိုက်ဘုရားကျောင်းတစ်ခုကို အသေခံဖောက်ခွဲရေးသမားတစ်ဦးက မေ ၂၂ ရက်တွင် ဗုံးခွဲတိုက်ခိုက်ရာ ဘုရားဝတ်ပြုနေသူ ၂၁ ဦးသေဆုံးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အစ္စလာမ့်နိုင်ငံ(အိုင်အက်စ်) စစ်သွေးကြွများက ၎င်းတို့လက်ချက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ဆော်ဒီအာရေဗျနိုင်ငံအတွင်း ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြစ်သည်။

အကြီးဆုံးပင်လယ်ကွေ့နိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း လူအသေအပျောက် အများဆုံးသော တိုက်ခိုက်မှုဖြစ်သည်။ ဂိုဏ်းဂဏတိုက်ခိုက်မှုများ ပေါ်ပေါက်နေချိန်အတွင်း အိမ်နီးချင်း ယီမင်နိုင်ငံကို ဆော်ဒီဦးဆောင်သည့် နိုင်ငံများက နှစ်လကြာ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အီမန်အလီ ဘုရားကျောင်းအတွင်း ဗုံးပေါက်ကွဲခဲ့ချိန်တွင် ဘုရားဝတ်ပြုနေသူ ၁၅၀ ကျော် ရှိနေကြောင်း မျက်မြင်တွေ့သူများက ပြောကြားကြသည်။

လူ ၈၀ ကျော်ဒဏ်ရာရရှိသည်ဟု ဆော်ဒီကျန်းမာရေးဝန်ကြီးက နိုင်ငံပိုင်ရုပ်သံသို့ ပြောကြားသည်။

**ရိုက်တာ။**

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော်　　မေ　၂၃**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMITကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Submit ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇွန် ၂၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ သံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း-၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၅ နှင့် ၄၁၂၂၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




# ကလေးမြို့အဝင် မုခ်ဦးဆောက်လုပ်မှု မကြာမီပြီးစီးမည်

**ကလေး　မေ　၂၃**

ကလေးမြို့သာယာလှပရေးနှင့် မြို့ကျက်သရေပိုမိုမြှင့်တင်နိုင်ရေးအတွက် မြို့၏တောင်ဘက် သာစည်နှင့်ချင်းဆိုင်ကျေးရွာကြား အာရှပတ်လမ်းမကြီးပေါ်တွင် မြို့အဝင်မုခ်ဦးကို ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ လှူဒါန်းပြီး မြောက်ဘက်မြို့အဝင်မုခ်ဦးအရွယ်အစားအတိုင်း ထပ်မံဆောက်လုပ်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းမြို့အဝင်မုခ်ဦးကြီးအား အကျယ် ၃၅ ပေ၊ အမြင့် ၂၉ ပေ ၃လက်မ၊ ကားအဝင် ကင်းလွတ်အမြင့် ၁၈ ပေ၊ RC သံကူကွန်ကရစ်ဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး မြို့အဝင်မုခ်ဦးကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီး "ကလေးမြို့မှ ကြိုဆိုပါ၏"နှင့် "ကလေးမြို့မှ နှုတ်ခွန်းဆက်သပါ၏" စာတန်းအပါအဝင် မြန်မာ့ပန်းပုလက်ရာများ၊ ပုဂံခေတ်အနုပညာလက်ရာများဖြင့်အလှဆင်၍ လှပစွာဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**(ဂျိုးနက်)**

# မြစ်၊ ချောင်းများတွင် ဘက်ထရီရှော့ခ်တိုက်သူများကို ထိရောက်စွာအရေးယူရန်လိုအပ်

**ကလေး　မေ　၂၃**

မြစ်သာမြစ်ရိုးတစ်လျှောက်နှင့် နေရဥ္စရာမြစ်ရိုးတစ်လျှောက်တွင် ဘက်ထရီရှော့ခ်တိုက်မှုများကြောင့် မြစ်ရိုးတစ်လျှောက် မြစ်ငါး ရှားပါးလာမှုနှင့်ကြုံတွေ့လာရကာ မြစ်ချောင်းများတွင် ဘက်ထရီရှော့ခ်တိုက်သူများကို ထိရောက်စွာအရေးယူရန် လိုအပ်လာကြောင်း အစိမ်းရောင်လွင်ပြင်အဖွဲ့မှ ကိုဝင်းက ပြောသည်။



မြစ်သာမြစ်အတွင်း ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေမှုကို တွေ့ရစဉ်။

"ရှော့ခ်တိုက်တာက ငါးမျိုးစိတ်တွေ ပျောက်ကွယ်ကုန်တယ်ဆိုတာကို ငါးဖမ်းတဲ့သူတွေ အသိစိတ်ရှိမှ တားဆီးနိုင်မှာပါ။ ဒီလိုရှော့ခ်တိုက်တာကိုလည်း သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနရဲ့ အရေးယူမှု၊ စောင့်ကြည့်မှုတွေ လုပ်ဖို့လိုအပ်ပါတယ်၊ ဥပဒေရှိပေမယ့် အရေးယူမှုအားနည်းတော့ ရှော့ခ်တိုက်ငါးဖမ်းတဲ့သူတွေကလည်း ဂရုပြုမှုအားနည်းလာတယ်"ဟု ၎င်းက ဆိုသည်။

မြစ်၊ ချောင်းများတွင် ငါးရှော့ခ်တိုက်ဖမ်းဆီးမှုနှင့်ပတ်သက်၍ ဒေသခံတစ်ဦးကပြောကြားရာတွင် "မြစ်တွေ ချောင်းတွေမှာ သဘာဝငါးဆိုတာ ရှားသွားပြီဖြစ်ပါတယ်။ တချို့က ချောင်းတွေမှာ ဆေးချကြတယ်။ ငါးတွေမူးပြီး အပေါ်ကို ပေါ်လာတဲ့အခါ ဖမ်းကြတယ်။ ဆေးတွေကို ချောင်းအထက်ကနေ ချတာဆိုတော့ ငါးအသေး၊ အကြီး အကုန်မူးကုန်ကြတယ်။ ခံနိုင်ရည်မရှိတဲ့ငါးတွေဆို သေကုန်ရော၊ နောက်ပြီးပိုဆိုးတာက ဘက်ထရီရှော့ခ်တိုက်ကြတဲ့သူတွေဖြစ်ပါတယ်။ ရှော့ခ်မိတဲ့ငါးတွေက သေရင်သေ မသေရင်လည်း မျိုးမပွားနိုင်ကြတော့ ငါးတွေ မျိုးသုဉ်းကုန်တယ်"ဟု ဒေသခံတစ်ဦးက ဆိုသည်။

ငါးရှော့ခ်တိုက်ခြင်းကြောင့် အပြစ်ပေး အရေးယူနိုင်မှုမှာ ထောင်ဒဏ် သုံးနှစ်မှ ခုနစ်နှစ်အထိ ကျခံရနိုင်ကြောင်း သိရသည် ။

**(လင်းလက်ကြယ်စင်)**

# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ




ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀)နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ သုံးခုထားရှိကာ နံပါတ်(၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသသတင်း နှင့် နံပါတ်(၃)တွင် နောက်ဆုံးရထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး(MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့်ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# e-pension card များ စနစ်တကျလက်ခံဆောင်ရွက်

**ရန်ကုန်　မေ　၂၃**

အငြိမ်းစားဝန်ထမ်းများအတွက် အငြိမ်းစားလစာများကို လစဉ် ၂၀ ရက်မှစတင်ထုတ်ပေးလျက်ရှိရာ စတင်ထုတ်ပေးသည့်နေ့များတွင် ပင်စင်စားဝန်ထမ်းများ စုပြုံလာရောက်ထုတ်ယူနေကြပြီး ပင်စင်စားဝန်ထမ်းများ အခက်အခဲမရှိစေရန် ပင်စင်စားဝန်ထမ်းတစ်ဦးက မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ပင်စင်လာရောက်ထုတ်ယူသူများ၏ (e-pension card)များကို စနစ်တကျလက်ခံကာ ဘဏ်ဖွင့်ချိန်အမီတင်ပြနိုင်ရေး စေတနာထား၍ ဆောင်ရွက်ပေးနေသည်ကို မေ ၂၀ ရက်က တွေ့ခဲ့ရသည်။

**အေးသန်း(စိန်တုံးကြီး)**

# မူးယစ်ဆေးဝါးနှင့် ... — မှုခင်းကျူးလွန်ရေး

# မှုခင်းကျူဆင်းရေး အသိပညာပေး

**ရမည်းသင်း　မေ　၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ အထက(၁) ခန်းမ၌ မေ ၂၀ ရက်က မူးယစ်ဆေးဝါးနှင့် ကာမရာဂလှုံ့ဆော်ဆေးဝါးများ အလွဲသုံးမှုမရှိစေရေးနှင့် မှုခင်းကျူးဆင်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရာ ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးဦးက မှုခင်းကျူးဆင်းရေး အသိပညာပေးဟောပြောပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်)မှ ရဲအုပ်ကျော်ခင်က မူးယစ်ဆေးဝါးနှင့် ကာမရာဂလှုံ့ဆော်ဆေးဝါးများ အလွဲသုံးမှုမရှိစေရေး ဟောပြောဆွေးနွေးရာ ဟောပြောပွဲသို့ ဒေသခံ ၂၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**(ဘိုဘို)**



# ကစ်တီပယ်ရီ၏တေးအယ်လ်ဘမ်အသစ် လာမည့်နှစ်တွင် ထွက်ရှိမည်

အမေရိကန်ပေါ့ပ်အဆိုတော် ကစ်တီပယ်ရီ၏ တေးအယ်လ်ဘမ်သစ် "prism"ကို တစ်ကမ္ဘာလုံး ဖြန့်ချိသွားနိုင်ရန် ဆောင်ရွက်နေပြီး နောက်ရှစ်လခန့်အကြာ ၂၀၁၆ အစပိုင်းတွင် စတင်ထုတ်လုပ်ဖြန့်ချိနိုင်မည် ဖြစ်ကြောင်း သူ၏မန်နေဂျာက ပြောသည်။

ယခုထွက်ရှိမည့်တေးစီးရီးသည် သူ၏စတုတ္ထမြောက် တေးအယ်လ်ဘမ်ဖြစ်ကာ စတူရီယို အယ်လ်ဘမ်ကို မူ ၂၀၁၃ အောက်တိုဘာလကတည်းက ထုတ်လွှင့်ခဲ့သည်။

မန်နေဂျာ စတီဗင် ဂျန်စန်က“Prism ကို လာမယ့် ၂၀၁၆ အမီထွက်နိုင်ဖို့ စီစဉ်နေပါတယ်။ ဒီတစ်ခေါက် စင်ကာပူမှာ ဖျော်ဖြေပြီးတော့ နောက်နှစ်တွေမှာ အခြားအာရှနိုင်ငံတွေကို သွားရောက် ဖျော်ဖြေဖို့လည်း စိတ်ကူးရှိပါတယ်။ အိန္ဒိယကိုလည်း သွားရောက်ဖျော်ဖြေဖို့ စီစဉ်ထားပါတယ်” ဟု ပြီးခဲ့သည့် သီတင်းပတ်က စင်ကာပူတွင် ပြုလုပ်ခဲ့သော ဂီတနှင့်ဖျော်ဖြေရေးညီလာခံတွင် ပြောခဲ့သည်။

အဆိုပါ တေးအယ်လ်ဘမ်တွင်ပါဝင်သော "Roar" နှင့် "Dark Horse" သီချင်းများသည် ဘေဘုတ်၏ နံပါတ်တစ်နေရာကို ရောက်ရှိခဲ့ကြပြီး "Birthday" နှင့် "Unconditionally" မှာမူ ထိပ်တန်းသီချင်း ၂၀ တွင် ပါဝင်ခဲ့သည်။

ယခု တေးအယ်လ်ဘမ်၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲကို အောက်တိုဘာလတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကာ ယင်းဖျော်ဖြေပွဲ၏ နောက်ဆုံးအဖြစ် ပီရူးနိုင်ငံ၌ စက်တင်ဘာ ၂၂ ရက်တွင် ဖျော်ဖြေသွားမည်ဖြစ်သည်။

**ခင်ခင်သက်**



## ၂၄ နာရီအတွင်း ကြည့်ရှုသူသန်း ၂၀ ကျော်ခဲ့တဲ့ တေလာဆွစ်ရဲ့ Bad Blood

အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်၏ သီချင်းသစ် "Bad Blood" ၏ ဗီဒီယိုသည် စတင်ထုတ်လွှင့်ပြီး ၂၄ နာရီအကြာတွင် ကြည့်ရှုသူပေါင်း ၂၀ ဒသမ ၁ သန်းရှိခဲ့ရာ Vevo မှတ်တမ်းတွင် စံချိန်သစ်ချိုးနိုင်ခဲ့သည်။

အဆိုပါ ဗီဒီယိုတွင် တေလာ၏ အချစ်ဆုံးသူငယ်ချင်းများနှင့် ဆယ်လီနာ ဂိုမက်ဇ်၊ ဂျက်ဆီကာ အယ်လ်ဘာ တို့ အပါအဝင် လေးစားအားကျရသော အခြားအဆိုတော်များ ပါဝင်သရုပ်ဆောင်ထားကာ မေ ၂၁ ရက်က အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။

တေလာမတိုင်မီ Vevo မှတ်တမ်းတွင် စံချိန်ချိုးထားနိုင်ခဲ့သော နစ်ကီမင်နက်ရှ်၏ "Anaconda" သည် ကြည့်ရှုသူပေါင်း ၁၉ ဒသမ ၆ သန်းရှိခဲ့လေသည်။ Vevo မှတ်တမ်းတွင် တေလာ၏ အခြားသောသီချင်းများဖြစ်သည့် " You Belong With Me"၊ 'Shake It Off" နှင့် "Mean" တို့သည် လတ်တလောတွင် ကြည့်ရှုသူပေါင်း ၅ ဘီလီယံခန့်ရှိနေပြီဖြစ်သည်။

**ခင်ခင်သက်**

## Family Festival မှာ သီချင်းဆိုခဲ့တဲ့ မင်းသားလီမင်ဟို

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဆုန်ပါဂုမြို့နယ်ရှိ ဆိုးလ်အိုလံပစ် အားကစားရုံ၌ မေ ၂၂ ရက် သောကြာနေ့က စတင်ကျင်းပခဲ့သည့် Lotte Duty Free Family Festival 2015 တွင် မင်းသားလီမင်ဟိုက သူ၏ ပရိသတ်များကို ချစ်စဖွယ်ကောင်းသည့် အမူအရာတွေနဲ့ နှုတ်ဆက်ပြီး သီချင်း အေးအေးလေးများဖြင့် သီဆိုဖျော်ဖြေ ပေးခဲ့ကြောင်းသိရသည်။

မေ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက် ကြာပြုလုပ်မည့် (၃၅) ကြိမ်မြောက် Family Festival သို့ ပတ်ဟေဂျင်းနှင့် Super Junior၊ ကင်မ်ဘုန်းဆု၊ လီဆန်းချယ်၊ ဒီဘီချီ၊ ရှင်ဟွာ၊ EXOနှင့် AOA တို့လည်း ပါဝင်ဖျော်ဖြေမည် ဖြစ်သည်။

**စန္ဒာဝင်း**

## အဆိုတော်ယူရီရဲ့ အလှအပလျှို့ဝှက်ချက်



အညိုရောင်ဆံပင်လေးနှင့် မိတ်ကပ်ခပ်ပါးပါးသာလိမ်းခြယ်ထားသည့် ကိုရီးယားနိုင်ငံ၏နာမည်ကြီး ကေပေါ့ပ်အဖွဲ့ဖြစ်သည့် Girls’ Generation မှ အဆိုတော်ယူရီသည် ဇွန်လထုတ် Cosmopolitan မဂ္ဂဇင်းတွင် သူ၏ကျန်းမာကြံ့ခိုင်သည့် အလှတရားနှင့်ပတ်သက်၍ ဖွင့်ဟပြောဆိုသွားခဲ့သည်။

အလှပဂေးယူရီက သူ၏အလှအပလျှို့ဝှက်ချက်မှာ “အရာရာကို အမြဲတမ်း အကောင်းဘက်က ပဲတွေးပါတယ်။ တစ်ခါတလေ အမှားလုပ်လိုက်မိတဲ့အခါမျိုး၊ ဒါမှမဟုတ် ပင်ပန်းပြီးအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့အခါမျိုးမှာတောင် အကောင်းမြင်စိတ်နဲ့ပဲ ကြည့်ပါတယ်။ ဒီမကောင်းတဲ့ အရာတွေဆိုတာ အမြဲရှိနေတာမဟုတ်ဘူး။ မကြာခင်ပြီးဆုံးသွားမှာပဲဆိုပြီး တက်တက် ကြွကြွပျော်ပျော်ရွှင်ရွှင်နေတတ်လို့ပါပဲ” ဟုဆိုသည်။

ပြီးပြည့်စုံသောအလှတရားပိုင်ရှင်ဖြစ်ရန်မှာ ရုပ်ကိုသာအလှပြင်နေရုံနှင့်မပြီးဘဲ မိမိ၏အတွင်းစိတ်ကိုလည်းလှပအောင် စိတ်ထားတတ်ဖို့အရေးကြီးကြောင်းကိုလည်း ယူရီ က အလှအပနဲ့ပတ်သက်ပြီးပြောပြသွားခဲ့သည်။

အဆိုတော်ယူရီသည် မကြာသေးမီက အိုစန်ပေးနှင့် လူသိရှင်ကြား လူအများရှေ့တွင် တွဲပြခဲ့ပြီး လက်ရှိတွင် Girls’ Generation အဖွဲ့၏ အယ်လ်ဘမ်သစ်ကို မေလတွင်ထွက်ရှိနိုင်ရေးအတွက် ပြင်ဆင်နေကြောင်းသိရသည်။

**စန္ဒာဝင်း**

## ရုပ်မြင်သံကြားအစီအစဉ်

*၂၄ - ၅ -၂၀၁၅ (တနင်္ဂနွေနေ့)*

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှား အားကစား
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင် ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပျော်ပျော်နေသေခဲ
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စက်ရုပ်ချစ်သူ (အပိုင်း-၂၁)
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၂၉)
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းခူးသူဆူးစူးပါစေ (အပိုင်း-၄၅) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာဖွဲ့ကြိုး (အပိုင်း-၅၀)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၈း၄၀ Cartoon Series (Go Torara Go)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိုအေစစ်ကမ္ဘာလေး” (အပိုင်း-၇၇)
- ၉း၄၀ Weekly Sports Diary
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၁၀ Star တို့ရဲ့လက်ရာ
- ၁၁း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ထာဝရမန္တလေး” (အပိုင်း-၃၁+၃၂)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [ခါးနဲ့တူသောသား (အပိုင်း-၁)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၁၉)
- ၄း၄၅ အတွေးမျဉ်းပြိုင်များ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၂၀)
- ၇း၂၀ Fashion Week (Designer Twin Su Htwe)
- ၇း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [ခါးနဲ့တူသောသား (အပိုင်း-၂)]
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိုအေစစ်ကမ္ဘာလေး” (အပိုင်း-၇၈)
- ၉း၁၅ Guess It !
- ၉း၃၅ Sunday Talk (ဦးအောင်သန်းမော်၊ မျိုးမြတ်သူ)
- ၁၀း၂၀ MRTV-4 Stage
- ၁၀း၄၅ World of Knowledge (Seconds From Disaster 9-11)
- ၁၁း၃၅ Singapore Sunday
- ၄း၁၅ စိမ်းလဲ့စိုအားလပ်ရက် အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း၏ ဇမ္ဗူသီရိဘုရားဖူးအဖွဲ့ ဗုဒ္ဓဂယာခရီးစဉ်

### mitv

- A Lucky Boy
- Toddy Palm Product Shop
- Art Students :Their Dream
- ID Show (Ep-3) Traffic
- A Traditional Doctor
- Interesting Features of Rakhine
- Products Of Myanmar - Kachin Traditional Knife
- Jade Industry: Myanmar Rewarding Business
- Food Trip (Ep-10) (Part -2)
- Today Myanmar
- Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose
- Min Thu Wun (Ep-4) Political Life & Remembrance
- Myanmar Masterclass: Portraiture
- Great Shwedagon: The Exhibition Hall Of The Great Chronicle Of Buddha
- Nang
- Ar Khar New Year Festival
- Products Of Myanmar - Kachin Traditional Knife
- Crab Business (Part-I) Mud Crab
- Products Of Myanmar - Myanmar Circular Stone Slab
- Great Minds of Myanmar (Anthropologist U Kyaw Win)
- Mesmerizing Scenes or Image of Japan (Part-2)

အားကစား

# ဇာဗီ ၏ ဘာစီလိုနာနှုတ်ဆက်ခြင်းအိပ်မက်ကောင်းကို ဂျူဗင်တပ်ဖျက်ဆီးနိုင်ဟု အယ်လီဂရီဆို

ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘာစီလိုနာမှ ထွက်ခွာတော့မည့် ဇာဗီ၏ဘာကာကစားသမားဘဝ နောက်ဆုံးနှုတ်ဆက်ပွဲဖြစ်လာမည့် ဂျူဗင်တပ်နှင့်ရင်ဆိုင်ရမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို အရှုံးနှင့်သာခွဲခွာသွားခြင်းမျိုး ဖြစ်လာစေရန် ဂျူဗင်တပ်အသင်းများက အလိုရှိနေသည်ဟု ဂျူဗင်တပ်နည်းပြ အယ်လီဂရီက ဆိုသည်။

လာမည့် ဇွန် ၆ ရက်တွင် ဘာလင်၌တွေ့ဆုံယှဉ်ပြိုင်ရမည့် ဘာစီလိုနာနှင့် ဂျူဗင်တပ်နှစ်သင်းစလုံးမှာ ဖလားသုံးလုံးအိပ်မက်အားကောင်းနေသော အသင်းများဖြစ်ကြပြီး အီတလီချန်ပီယံဂျူဗင်တပ်က ဖလားနှစ်လုံးဆွတ်ခူးထားပြီးဖြစ်သော်လည်း ဘာစီလိုနာကမူ ကိုပါဒယ်ရေးဖလားရရှိရန် ဘီဘာအိုအသင်းနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲမတိုင်မီ ရင်ဆိုင်သွားရမည်ဖြစ်သည်။

ဇာဗီသည် ပြီးခဲ့သည့်မေ ၂၁ ရက်ကပင် လာမည့်ဘောလုံးရာသီတွင် ကာတာကလပ်အယ်လ်ဆတ်သို့ ပြောင်းရွှေ့ကစားမည်ဟု အတည်ပြုကြေညာခဲ့ရာ ၎င်း၏ဘာကာကစားသမား၂၄ နှစ်တာကာလကို ယခုနှစ်နွေတွင် အဆုံးသတ်သွားမည်ဖြစ်သည်။ အယ်လီဂရီကမူ ဘာကာသူရဲကောင်း၏ နှုတ်ဆက်ခြင်းကို စိတ်ပျက်သွားအောင်ပြုလုပ်နိုင်သော စွမ်းရည်မျိုး ဂျူဗင်တပ်တွင်ရှိနေသည်ဟု ယုံကြည်နေသည်။

"ဒီနှစ်ဟာ ဇာဗီရဲ့ ဘာကာကစားသမားဘဝ နောက်ဆုံးရာသီဖြစ်မှာပါ။ သူက စပိန်လက်ရွေးစင်အသင်းအတွက်ရော ဘာကာအသင်းအတွက်ရော အံ့ဖွယ်စွမ်းဆောင်ပေးနိုင်ခဲ့တဲ့စွမ်းရည်ပိုင်ရှင်ဖြစ်ပါတယ်။ ဒါပေမယ့် သူရဲ့ခွဲခွာမှုကို စိတ်ပျက်သွားအောင်ပြုလုပ်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်မိပါတယ်။ ဘာကာဟာ ပြီးပြည့်စုံတဲ့တိုက်စစ်အတွဲဖြစ်တဲ့ နေမာ၊ မက်ဆီ၊ ဆွာရက်ဇ်တို့ သုံးဦးရှိနေသလို ကွင်းလယ်မှာလည်း အင်နီယေစတာက အကောင်းဆုံးထိန်းကျောင်းထားပါတယ်။ ဒါပေမယ့် ဂျူဗီကလည်း လိဂ်ပွဲနဲ့ ဖလားပွဲမတူအောင် ကစားနိုင်တယ်ဆိုတာ လာဇီယိုနဲ့ကိုပါအီတလီယာဖလားဗိုလ်လုပွဲမှာ ပြသပြီးဖြစ်တာကြောင့် ဒီလိုတူညီတဲ့ပုံစံမျိုးနဲ့ပဲ ချန်ပီယံလိဂ်မှာ ဘာကာကိုရင်ဆိုင်သွားမှာပါ" ဟုအယ်လီဂရီက ပြောကြားခဲ့သည်။



ဂျူဗင်တပ်အသင်း ကိုပါအီတလီယာဖလား ဗိုလ်စွဲပြီးနောက် အောင်ပွဲခံနေစဉ်။

# စီရိုနယ်လ်ဒိုအတွက် ယူရို ၁၂၅ သန်းဖြင့် ကမ်းလှမ်းရန် ပီအက်စ်ဂျီအသင့်ရှိနေ

ရီးယဲလ်ရဲ့ဖလားလက်မဲ့ရာသီကြောင့် မပျော်မရွှင်ဖြစ်နေတဲ့ တိုက်စစ်မှူးစီရိုနယ်လ်ဒိုကို ပြင်သစ်လီဂူး-၁ ချန်ပီယံပီအက်စ်ဂျီက ယူရို ၁၂၅ သန်းနဲ့ ကမ်းလှမ်းဖို့အသင့်ရှိနေပါတယ်။ ရီးယဲလ်ဥက္ကဋ္ဌပီရက်ဇ်က စီရိုနယ်လ်ဒိုကို ရောင်းမှာမဟုတ်ဘူးလို့ တုံ့ပြန်ထားပေမယ့်လည်း ဒီနှစ်နွေဈေးကွက်ဖွင့်ချိန်မှာ အဆိုပါပေါ်တူဂီတိုက်စစ်မှူးကို ပြင်သစ်မြေကို အရောက်ခေါ်ယူသွားနိုင်မယ်လို့ ပီအက်စ်ဂျီဘက်က ယုံကြည်နေပါတယ်။

စပိန်သတင်းစာ မာကာရဲ့ဖော်ပြချက်အရဆိုရင် ပီအက်စ်ဂျီဥက္ကဋ္ဌ နာဆာအယ်လ်ခီလိုင်ဖီဟာ စီရိုနယ်လ်ဒိုကို အကြီးအကျယ်အားပေးတဲ့ပရိသတ်ဖြစ်တာကြောင့် ဒီကစားသမားကိုရမယ်ဆိုရင် ငွေအများအပြားသုံးစွဲဖို့ လက်တွန့်နေမှာမဟုတ်ဘဲ ရီးယဲလ်ကတောင်းဆိုတဲ့ဈေးကို ပေးဖို့အသင့်ရှိနေပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ လက်ရှိ ရီးယဲလ်ရဲ့အနေအထားအပေါ် စိတ်ပျက်နေတဲ့သတင်းတွေကြောင့် တခြားအသင်းပေါင်းများစွာကလည်း သူ့ကို ရရှိဖို့ လာရောက်ချိတ်ဆက်နေကြပါတယ်။

ဒါပေမယ့်လည်း စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းက ၂၀၁၇ အထိဖြစ်တာကြောင့် ကစားသမားကိုယ်တိုင်က သူရဲ့ရီးယဲလ်အနာဂတ်နဲ့ ပတ်သက်ပြီး ဆွေးနွေးသွားဖို့အတွက် ပီရက်ဇ်နဲ့တွေ့ဆုံသွားဖို့ရှိနေပါတယ်။ ရီးယဲလ်ရဲ့ ဘာနေဗျူးမှာ လာလီဂါ နောက်ဆုံးပွဲအဖြစ်ကစားရမယ့် ဂီတာဖေးကို ဧည့်ခံမယ့်ပွဲမှာတော့ လာလီဂါသွင်းဂိုးအများဆုံးဆုရရှိဖို့ နီးစပ်နေတဲ့ စီရိုနယ်လ်ဒိုရဲ့သွင်းဂိုးတွေကို ထပ်မံမြင်တွေ့ရဖို့ရှိနေပါတယ်။



## ဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်သည် ယခုနှစ်ဘောလုံးရာသီအကုန်၌ ဆောက်သမ်တန်မှ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်သွားမည်ဖြစ်သည်။
- မန်ယူနှင့် စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့သော တိုက်စစ်မှူးဗန်ပါစီမှာ လာမည့်နှစ်ဘောလုံးရာသီတွင် မန်ယူ၌ဆက်လက်ကစားမည်လား (သို့မဟုတ်) တူရကီကလပ်များမှကမ်းလှမ်းလာမှုကို လက်ခံမည်လား ဆိုသည်ကို ယတိပြတ်ဆုံးဖြတ်ချက် မချရသေးပေ။
- အာဆင်နယ်အနေဖြင့် ဝဲလ်ကော့နှင့် စာချုပ်သက်တမ်းတိုးမြှင့်မှုကိစ္စရပ်အား အက်ဖ်အေဖလားဗိုလ်လုပွဲအပြီးမှသာ ဆွေးနွေးသွားမည်ဖြစ်သည်။
- ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုကို ချယ်လ်ဆီးနည်းပြမော်ရင်ဟိုနှင့် ကွင်းလယ်လူ အေဒင်ဟာဇက်တို့က ရရှိခဲ့ကြသည်။
- မန်စီးတီးက လီဗာပူးတိုက်စစ်မှူး စတားလင်းအတွက် ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းသွားမည်ဖြစ်သည်။

မေလှဲ့သင်း စုစည်းသည်

## ချယ်ဆီးမှထွက်ခွာဖြစ်ပါက ပရီမီယာလိဂ်အသင်းတစ်သင်းကိုသာ ကိုင်တွယ်သွားရန် မော်ရင်ဟိုဆန္ဒရှိနေ

ချယ်ဆီးနည်းပြမော်ရင်ဟိုသည် ၎င်းအား အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က အလိုရှိသမျှ ချယ်လ်ဆီးအသင်းအား ကိုင်တွယ်သွားမည်ဖြစ်သော်လည်း အကယ်၍ ချယ်လ်ဆီးမှထွက်ခွာဖြစ်ခဲ့ပါက အခြားပရီမီယာလိဂ်အသင်း တစ်သင်းကိုသာ ဆက်လက်ကိုင်တွယ်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မော်ရင်ဟိုက "မစ္စတာအေဗရာမိုဗစ်ချ်က ကျွန်တော့်ကို ချယ်လ်ဆီးအသင်းကိုကိုင်တွယ်ဖို့ လုံလောက်တဲ့ အရည်အသွေးမရှိတော့ဘူးလို့ ယူဆတဲ့တစ်နေ့ကျရင် တခြားအင်္ဂလန်အသင်းတစ်သင်းကိုပဲ ဆက်လက်ဦးဆောင်ပေးခွင့်ရချင်ပါတယ်။ အခုဆို ကျွန်တော့်ကို ချယ်လ်ဆီးမှာ ရနေတဲ့လစာနှစ်ဆလောက်ပေးပြီး ကမ်းလှမ်းလာတဲ့ အခြားအသင်းတွေတောင်ရှိနေပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်ချယ်လ်ဆီးကနေ ထွက်ခွာမသွားချင်ပါဘူး။ ကျွန်တော်ချယ်လ်ဆီးကို ချစ်ပေမယ့် တစ်ချိန်ချိန်မှာတော့ အခြားအသင်းတစ်သင်းရဲ့ နည်းပြဖြစ်လာနိုင်ပါတယ်" ဟုဘီဘီစီဘောလုံးပစ်မှတ်အစီအစဉ်တွင် ပြောကြားခဲ့သည်။

မော်ရင်ဟိုသည် အင်္ဂလန်ဘောလုံးလောကကို သဘောကျနှစ်ခြိုက်သူဖြစ်ကာ သူ၏လက်အောက်တွင် ချယ်လ်ဆီးကို ပရီမီယာလိဂ်ဖလား သုံးကြိမ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ် သူ၏ချယ်လ်ဆီးတစ်ကျော့ပြန် ဒုတိယရာသီတွင် ချယ်လ်ဆီး၏ ငါးနှစ်တာဝေးကွာနေသော ပရီမီယာလိဂ်ဖလားကို ပြန်လည်ရရှိအောင် ဦးဆောင်မှုပေးနိုင်ခဲ့သည်။

### မေ ၂၄ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်များ

| | | | |
|---|---|---|---|
| အာဆင်နယ် | - | ဝက်စ်ဘရွန်း | ည-၈း၃၀ |
| ဗီလာ | - | ဘန်လေ | ည-၈း၃၀ |
| ချယ်လ်ဆီး | - | ဆန်းဒါးလန်း | ည-၈း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - | ဆွမ်ဆီး | ည-၈း၃၀ |
| အဲဗာတန် | - | စပါး | ည-၈း၃၀ |
| ဟားလ်စီးတီး | - | မန်ယူ | ည-၈း၃၀ |
| လက်စတာ | - | ကျူပီအာ | ည-၈း၃၀ |
| မန်စီးတီး | - | ဆောက်သမ်တန် | ည-၈း၃၀ |
| နယူးကာဆယ် | - | ဝက်စ်ဟမ်း | ည-၈း၃၀ |
| စတုတ် | - | လီဗာပူး | ည-၈း၃၀ |

(မောင်မောင်ဇော်)

# အစွန်းနှစ်ဖက်မှ လွတ်အောင်

ရွှေခိုင်သိန်း(ဘဏ)

ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်လာသည့် လူငယ်အချို့နှင့် စကားပြောဖြစ်ခဲ့သည်။ အချို့က မြန်မာစာအဓိက၊ အချို့ သမိုင်း၊ အချို့အင်္ဂလိပ်စာ၊ အချို့ဒဿနိကဗေဒ အသီးသီးဖြစ်ကြောင်းတွေ့ရ၏။ . . . . မြို့မှ ကြိုဆို နှုတ်ဆက်ပါ၏။ . . . မှ လွမ်းသူ့ပန်းခွေချသည်။ . . . မှ အမှာစကားပြောကြားသည်။ ဦး. . . အား ချေး ငွေကျပ် ၃၀ သိန်းကိုထုတ်ချေးရန် အဖွဲ့မှခွင့်ပြု လိုက်သည်။

ကတ္တားပုဒ်'က' သုံးရမယ့်နေရာမှာ ထွက်ခွာရာ ပြပုဒ်'မှ' ကိုမှားယွင်းသုံးထားတယ်။ အရေးအတွက်ပြကိန်း ကိုလည်း ကြည့်ဦး. . . ဆယ်ဆတိုးဂဏန်းဖြစ်တယ်။ ကျပ်သိန်း ၃၀ လို့သုံးမှမှန်တယ်။ "မင်း. . . ဘယ်လို သဘောရသလဲ" မြန်မာစာအဓိကဘွဲ့ရလူငယ်အားမေး ကြည့်သည်။ "ဆရာ. . . ကျွန်တော်ပြန်ကြည့်ရဦးမယ်။ ကျောင်းမှာတော့သင်ဖူးပါရဲ့" ဟု မြန်မာစာအဓိက လူငယ်ကပြန်ပြောသည်။

ကျောင်းပညာကို လက်တွေ့ဘဝနှင့်မဆက်စပ် တတ်သေးသော မြန်မာစာဘွဲ့ရလူငယ်အတွက် ကျွန်တော်သည် အားမလိုအားမရဖြစ်မိသည်။ ဒီနေ့မြန်မာစာ အရေးအသားကတော့ ဒီအတိုင်းဖြစ်နေတယ်။ ပြင်လဲမပြင်ကြဘူး။ မှန်တယ်ထင်လို့ တော်တော်များများ တောင်အသုံးတွင်နေပြီ။ မခက်ပါလား။

အလားတူ ကျောင်းပညာဖြစ်သော ဒဿနိကဗေဒ၊ ယင်းဘာသာ၏ ဘာသာခွဲ ယုတ္တိဗေဒနှင့်ကိုယ်ကျင့်တရား ပညာတို့ကို ယနေ့ လူမှုဆက်ဆံရေးနယ်ပယ်၊ အတွေး အခေါ်နယ်ပယ်တို့တွင် တက္ကသိုလ်ဘွဲ့ရလူငယ်တွေ လက်တွေ့ အသုံးချတတ်လျှင် သိပ်ကောင်းမှာပဲဟု စိတ်ကိုဆွဲထုတ်ကာ ဆန့်တန်းကြည့်မိသည်။

တစ်ချိန်က ကျောင်းတွင်သင်ကြားဖူးသည့် မရှိုးနိုင်၊ မဟောင်းနိုင် ယုတ္တိပဟေဠိကိုမြင်ယောင်လာသည်။ အေသင်မြို့သူမိခင်က သားဖြစ်သူအား ဤသို့ပြောဖူး သည်။

"ငါ့သား မင်းမှတ်ထား။ လောကမှာ မှန်တာကိုလုပ် ရင် လူတွေကမုန်းလိမ့်မယ်။ တစ်ခါ မမှန်တာကို လုပ်ပြန် ရင်လည်း နတ်တွေကမုန်းလိမ့်မယ်။ လောကမှာ မှန်တာ လည်းလုပ်ရမယ်။ မမှန်တာလည်းလုပ်ရမယ်။ ဒါကြောင့် ငါ့သားကို လူမုန်းတဲ့ အခါလည်းရှိမယ်။ နတ်မုန်းတဲ့အခါ လည်းရှိမယ်"

မိခင်စကားကို သားဖြစ်သူက ယုတ္တိဆန်ဆန်ချေပ ထားပုံမှာ- "အမေရယ်. . . ကျွန်တော်မှန်တာကို လုပ်ရင်တော့ နတ်ကချစ်လိမ့်မယ်။ တစ်ခါ မမှန်တာကို လုပ်ရင်လည်းလူတွေက ချစ်လိမ့်မယ်။ ကျွန်တော် လောကမှာ မှန်တာကိုလဲလုပ်မယ်။ မမှန်တာကိုလည်းလုပ် မယ်။ ဒါကြောင့် နတ်ကရော လူကပါ ကျွန်တော့်ကို ချစ်ကြပါလိမ့်မယ်။ မစိုးရိမ်ပါနဲ့ အမေ. . "။ (သားဖြစ် သူက အမေပြောသည့် ပေါင်းစပ် ဝါကျနှစ်ခုကို ရှေ့ နောက် ကပြောင်းကပြန်လုပ်ထားသည်။ တစ်ခါ ဝါကျ တစ်ခု၏ အဟုတ်သဘောကို မဟုတ်အဖြစ် လည်း ကောင်း၊ မဟုတ်သဘောကို အဟုတ်အဖြစ်လည်းကောင်း ဆန့်ကျင်ထားသည်။ သို့ဖြစ်ရာ သားဖြစ်သူ၏ စကားကို မှန်သလိုလိုထင်ရပါသည်။)

ဤသို့စကားပြောပုံပြောနည်းကို ယုတ္တိဗေဒတွင် နှစ်စွန်းထွက်ဆင်ခြေ (Dilemma) ဟုကင်ပွန်းတပ်ကြ သည်။ အနောက်တိုင်းမှာသာမဟုတ်၊ ရှေးခေတ်မြန်မာ လူငယ်များ ချစ်ရေးချစ်ရာကိစ္စမှာ အထက်ပါအတိုင်း နှစ်စွန်းထွက်ဆင်ခြေကို အသုံးပြုပြီး စကားပြောကြပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

"ဆေးတံကို တစ်ညိုလောက်၊ ရော့. . . သောက် တော့ပေး၊ မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်ကကြိုက် လို့ထင်၊ သောက်စေချင် ခုတင်တွင်ထောင်ထားကွဲ့. . . ညိုနွဲ့ရယ်လေ. . "

စာဆိုတော် မယ်ခွေ၏ "ဆေးတံတိုကဗျာ"။ ရှေး တုန်းက လူငယ်မောင်မယ်များ ချစ်ရေးချစ်ရာပြောကြ သည်မှာ ပဟေဠိဆန်နေသည်။ ကဗျာ၏သဘောမှာ ချစ်သူ မောင်တော်၏ စိတ်သဘောကို မယ်ကသိလိုသဖြင့် ဆေးတံကိုမီးညှိပေးရင်း အကဲစမ်းသောနည်းဖြစ်သည်။ မယ်ကမီးညှိပေးသည်ကို မောင်ကမသောက်ဘူးဟု ဇွတ်တရွတ်ငြင်းလျှင် သည်လောက်ဂရုတစိုက်မီးညှိပေး သည်ကိုသော်မှ စာနာထောက်ထားမှု မရှိဘဲ ငြင်းပယ်သဖြင့် မောင်ဟာအရိုင်းအစိုင်းတစ်ယောက်ပဲဟု မယ်ကသဘော ထားပေလိမ့်မည်။ အကယ်၍ ဆေးတံကို မောင်ကချက်ချင်း ယူငင်ပြီး သောက်လိုက်လျှင်လည်း အကြိုက်ဝါသနာ အလို ရမွက်ကြီးသည့် မောင်တစ်ယောက်ပဲလို့ ထင်မြင်ပေ လိမ့်မည်။

အစွန်းနှစ်ဖက်ဖြစ်နေပြီ။ မယ်ကပေးသည့် ဆေးတံ ကို ငြင်းပယ်မလား၊ ချက်ချင်းယူသောက်မလား၊ သည် တော့ အစွန်းနှစ်ဘက်က လွတ်အောင်တိမ်းရှောင်လိုက် သည်။ ငြင်းပယ်ရာလည်း မကျ၊ အကြိုက်ကြီးရာလည်းမကျ သည့် အဖြေကိုပေးလိုက်နိုင်သည်။ "သောက်စေချင် ခုတင် တွင် ထောင်ထားလိုက်ပါ" ဟူ၍. . ။

လူ့လောကတွင် မည်သူမဆို ရှောင်ထွက်ခြင်းငှာ မစွမ်းသာသော ညှပ်ပူးညှပ်ပိတ်ပြဿနာမျိုး(အစွန်းနှစ် ဖက်မှ မလွတ်သည့်ပြဿနာမျိုး)နှင့်ကြုံရတတ်သည်။ ယင်းသို့ ကြုံကြိုက်လျှင် လွတ်အောင်ရုန်းထွက်နိုင်သော နည်းကို ကြံဆကြည့်ကြသည်။ ယင်းကို ဦးချိုနှစ်ချောင်းကြား မှလွတ်အောင် ရုန်းထွက်နိုင်သောနည်း (Escaping between the horns of the Dilemma) ဟု တင်စား ခေါ်ကြသည်။

"ရှေ့ကိုတိုးတော့ ထမ်းပိုး၊ နောက်ကိုဆုတ်တော့ လှည်းတုတ်" ရှေ့နှင့်နောက် ညှပ်ပိတ်ထားသဖြင့် ရုန်းထွက် ရန် မဖြစ်နိုင်ဟု တရားသေစွဲမှတ်ထားကြသည်။ သို့သော် ပြဿနာတွင် ရှေ့နှင့်နောက်သာပြော၍ ဘေးတစ် ဘက်တစ်ချက်ကို မပြောထားချေ။ သို့ဖြစ်ရာ ဘေးပေါက်က (တောင်နှင့်မြောက်က) ခုန်ထွက်လျှင် လွတ်မြောက်နိုင် သည်။ ယုတ္တိဆန်သည့် ရယ်ရွှင်ဖွယ်ပုံပြင်တစ်ခုလည်း လေ့လာကြည့်ကြစို့။

တစ်ခါက အမျိုးသမီးတစ်ဦး။ မိမိခင်ပွန်းသည် ပျက်စီးဆုံးပါးသွားသည်။ အသုဘကိစ္စပြီးစီး၍ နောက်ပိုင်း ညများတွင် အိမ်၌ တစ်ဦးတည်းအိပ်ရသည်။ အိပ်ရာဝင်၍မှ မကြာသေး။ ခုတင်အောက်က "ခလောက်. . ခလောက်" ဖြင့် အသံတစ်ခုကြားရသည်။ ထိုအမျိုးသမီးကား သနား စဖွယ်ညလုံးပေါက် အိပ်မပျော်ချေ။ အိမ်နီးနားချင်းများက အကြံပြုလာသဖြင့် ခုတင်အောက်သို့ ဆင်းပြီး အိပ်ကြည့် သည်။ ခုတင်အောက်ရောက်တော့ "ခလောက်. . . ခလောက်" အသံသည် ခုတင်အထက်သို့ တက်သွားပြီး ယခင်အတိုင်း ကြားမြဲကြားနေရသည်။ မည်သို့ လုပ်မည် နည်း။ အိပ်ရေးပျက်၊ အခက်ကြုံချေပြီ။

စိတ်ရောဂါအထူးကုဆရာဝန်သို့ သွားရောက် ဆွေးနွေးရာ အစွန်းနှစ်ဖက်ကလွတ်အောင် ဆရာဝန်ကြီး ကဆောင်ရွက်ပေးလိုက်သည်။ "ခုတင်ခြေထောက်ကို ဖြတ်ပစ်လိုက်ပါ"ဟူသတည်း။

မှန်ပါသည်။ ဤအမျိုးသမီးအတွက် ရှောင်တိမ်းမရ သော အစွန်းနှစ်ဘက်မှာ ခုတင်၏အထက်နှင့်အောက် သာဖြစ်သည်။ သို့ဖြစ်ရာ အထက်လည်းမရှိ အောက်လည်း မရှိသည့် အခြေအနေကို ဖန်တီးခြင်းဖြင့် (ခုတင်ခြေထောက် ကို ဖြတ်ပစ်ခြင်းဖြင့်) ပြဿနာပြေလည်သွားသည်။

လူငယ်လူရွယ်များ အထူးသဖြင့် အမျိုးသမီးငယ်များ တစ်ခါမဟုတ်တစ်ခါ အိမ်ထောင်ရေးတွင် ရတက်မအေး ဖွယ်အဖြစ်မျိုးနှင့်ကြုံရတတ်သည်။

တက္ကသိုလ်ကျောင်းသူတစ်ဦး ပစ္စည်းဥစ္စာကြွယ်ဝ သည့် မိဘနှစ်ပါးရှိသည်။ မိဘများက သမီးကလေး တက္ကသိုလ်ကဆင်းလျှင် နောင်ရေးစိတ်အေးဖို့ 'ပညာလည်း စုံ ကြင်ရာလည်းလုံ'အောင် လူငယ်တစ်ဦးရွေးချယ်ပေး ထားသည်။ သမီးကိုယ်တိုင်စုံစမ်းကြည့်ရာ ထိုလုလင် ကလေးမှာ အရုပ်ဆိုးအကျည်းတန်နေကြောင်းတွေ့ ရသည်။ သမီးကလေးလက်မခံနိုင်ပါ။

သမီးသည် မိမိကိုယ်တိုင် ခေတ်မီပညာတတ်သူပီပီ တက္ကသိုလ်တွင် မိမိကိုယ်တိုင်ရွေးချယ်ထားသူရှိနေပြီ။ မိဘပေးစားသူကို မယူနိုင်ကြောင်းရှင်းပြရာ မိဘက ရာဇသံပေးလာသည်။ မိဘသဘောအတိုင်းမဖြစ်ရင် အမွေ ဖြတ်ပစ်မည်။

အစွန်းနှစ်ဘက်ကို မည်သို့ရှောင်ရှားမည်နည်း။

တစ်ဘက်သောအစွန်းသည် သူချစ်ကိုရှာမည့် အစွန်း (မိဘပေးစားသူကို ယူရမယ်)သို့သော် မိမိကိုယ်တိုင်က မကြိုက်နိုင်သဖြင့် သူချစ်ကိုရှာလျှင် တစ်သက်လုံး စိတ်မချမ်းသာဖြစ်နိုင်သည့် အစွန်းဖြစ်နေသည်။ အခြား အစွန်းတစ်ဖက်ကတော့ ကိုယ်ချစ်ကိုရှာမည်(မိမိကိုယ် တိုင်ရွေးချယ်ထားပြီး)။ သို့ရာတွင် အမွေဖြတ်ခံရ၍ တစ် သက်လုံးဆင်းရဲဒုက္ခရောက်မည့်အစွန်းဖြစ်နေပြန်သည်။

အစွန်းနှစ်ဖက်မှ လွတ်အောင်ကြံဆနိုင်သလား။ စဉ်းစားလျှင် အဖြေထွက်ပါလိမ့်မည်။ "အပျိုကြီးလုပ်နေ ကြည့်ပါလား" ဒီတစ်ခါ ကိုယ်ချစ်ကိုရှာရန်မလိုဘဲ အမွေ ဖြတ်ခံမည့် အစွန်းမှလွတ်မြောက်ပြီး သူချစ်ကိုရှာမည့် မိဘပေးစားသူနှင့်လည်း မယူဖြစ်အောင် ရှောင်တိမ်းနိုင် လေပြီ။

အစွန်းနှစ်ဖက်မှ လွတ်မြောက်နိုင်သည့် အထက်ပါ အဖြေမျိုးကို မကြိုက်သေးလျှင် အစွန်းများကို လက်တွေ့တွင် ချိုးဖျက်ပစ်ခြင်းဖြင့် ပြဿနာမှအဖြေ ကိုရယူနိုင်သေးသည်။ အမွေဖြတ်မခံလိုပါက မိဘ ပေးစားသူကိုယူရလိမ့်မည်။ မိဘပေးစားသူတွင် အရုပ် ဆိုး အကျည်းတန်မှုသည် မည်မျှဆိုးရွားလေသနည်း။ အသေအချာလေ့လာရမည်။ ယောကျ်ားလေး၌ရှိအပ် သော အရည်အချင်းများ ရဲရင့်ခြင်း၊ ဉာဏ်ပညာပြည့်စုံခြင်း၊ အကျင့်ကောင်းခြင်း၊ ယောကျ်ားပီသခြင်းနှင့် ပြည့်စုံလျှင် ရုပ်ရည်အနည်း အကျဉ်းချို့ယွင်းမှုကို လျစ်လျူရှုထားခြင်း ဖြင့် အားလုံးစိတ်ချမ်းသာ၊ ကိုယ်ချမ်းသာအဖြစ်သို့ ရောက်ရှိနိုင်သည်။ (မင်းကုသနှင့်မယ်ပဘာဝတီတို့ ပုံဝတ္ထုကိုနမူနာယူကြည့်ပါ။)

ဤအခြေအနေမျိုးကို မကျေနပ်သေးလျှင် အခြား အစွန်းတစ်ဖက်ကိုလည်း ချိုးဖျက်ကြည့်ပါ။ မိမိရွေး ချယ် ပြီးသည့် လူငယ်ကို ရယူမည့်အစွန်းတစ်ဖက်။ သို့သော် အမွေပြတ်ခံရလျှင် ဆင်းရဲဒုက္ခရောက်လိမ့်မည်။ တူနှစ် ကိုယ်တဲအိုပျက်မှာနေရနေရ ချစ်တာကြိုက်တာ ပဓာန စကားသည် ရှေးခေတ်က မှန်ကောင်းမှန်မည်။ ယနေ့ အိမ်ထောင်ပြု မနက်ဖြန် ဆန်ပြုတ်သောက်ပြီး ပြန်ဆုတ် ရသည့် အဖြစ်မျိုးနှင့်မကြုံတွေ့လိုကြချေ။

သို့ဖြစ်ရာ မိဘနှစ်ပါးရှေ့မှာ သရုပ်ဆောင်ကောင်း ကောင်း မင်မောင်းကောင်းကောင်းဖြင့် ချဉ်းကပ် ကန်တော့လိုက်ပါ။ မိမိရွေးချယ်ထားသူသည် ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါဖြစ်ကြောင်း အမှန်အတိုင်းတင်ပြပါ။ မိဘတို့မည်သည် တောင်းဆိုးပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံ ရှိသည်။ သားဆိုးသမီးဆိုးကို ပစ်ပယ်ရိုးထုံးစံမရှိချေ။ ထိုအခါ ပေးထားသည့် ရာဇသံကို ရုပ်သိမ်းပြီး ကိုယ်ချစ် ကို ရှာနိုင်လျက် အမွေလည်းအဖြတ်ခံရမည့် အခြေ အနေမျိုးမရှိတော့ချေ။ သားရွှေအိုးထမ်းလာသည်ကို မြင်ရလိုသော အဖြေကိုရလိမ့်မည်။

ကျောင်းကသင်ပေးလိုက်သည့် တက္ကသိုလ်ပညာ သည် အလွန်တန်ဖိုးရှိသည့် ပညာများဖြစ်ပါ၏။ လူ့ဘဝ တွင် နေတတ်ထိုင်တတ်ရန် အသုံးတည့်သည့် ပညာရပ်များချည်းဖြစ်ပါသည်။ လူငယ်တွေကျောင်း ပညာကို လက်တွေ့ဘဝတွင် သုံးဖြစ်အောင် သုံးစေချင် သည့် စေတနာအမှန်ပါ။ ။

❑❑❑



# မန်းတွင်စည်းကမ်းဖောက်ဖျက်ဆိုင်ကယ်များအား ညပိုင်း၌ပါ စစ်ဆေးအရေးယူမည်

**မန္တလေး မေ ၂၃**

မန္တလေးတွင် ယာဉ်မောင်းသူများနှင့် ဆိုင်ကယ်စီးနင်းသူများ ညပိုင်းအချိန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုလိုက်နာစေရေးနှင့် ထိခိုက်သေဆုံးမှု လျော့နည်းစေရေးအတွက် ပူးပေါင်းအဖွဲ့များက မေလနောက်ဆုံးပတ်မှ စတင်ကာအရှိန်အဟုန်မြှင့်၍ စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်စည်းကမ်း ဖောက်ဖျက်သော ယာဉ်မောင်းနှင့်ဆိုင်ကယ်များကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့များက ယာဉ်မောင်းနှင်သူ၏ ယာဉ်မောင်းလိုင်စင်၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ သို့မဟုတ် ဆိုင်ကယ်ကို ခေတ္တထိန်းသိမ်း၍ မြို့တော်စည်ပင်၊ မော်တော်ယာဉ် တရားရုံးများသို့ တရားစွဲဆို တင်ပို့သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အသိပေးထားသည်။

မန္တလေးမြို့တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေး၊ ထိခိုက်မှု လျော့နည်းစေရေးအတွက် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့တော်စည်ပင်၊ နယ်မြေခံရဲတပ်ဖွဲ့၊ ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် နေ့ခင်းပိုင်းအချိန်များတွင် ယာဉ်စည်းကမ်းလိုက်နာစေရေးအတွက် စစ်ဆေးကြပ်မတ်အရေးယူမှုများကြောင့် စည်းကမ်းလိုက်နာမှု တိုးတက်ကောင်းမွန်လျက်ရှိသည်။

ဆိုင်ကယ်စီးသူများသည် ညပိုင်းအချိန်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ မဆင်မခြင်ဆိုင်ကယ်မောင်းခြင်း၊ လိုင်စင်မဲ့ဆိုင်ကယ်များစီးနင်းသွားလာခြင်း၊ တစ်လမ်းမောင်းလမ်းများပေါ် ယာဉ်ကြောပြောင်းပြန်စီးနင်းခြင်း၊ ခုံးကျော်တံတားများအပေါ် ဖြတ်သန်းမောင်းနှင်ခြင်း၊ သုံးယောက်စီးခြင်းများကြောင့် ညအချိန်ယာဉ်မတော်တဆမှုများ ဖြစ်ပွားကာအသက်ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**

## လေဘေးသင့်ပြည်သူများအားအိမ်သုံးပစ္စည်းများထောက်ပံ့ပေးအပ်

**နတ်မောက် မေ ၂၃**




မေ ၆ ရက်က နတ်မောက်မြို့နယ် ဖက်သန်းတောင်ကျေးရွာအုပ်စုတွင် လေပြင်းတိုက်ခတ်ခဲ့ရာ လေဘေးသင့်သူများအား မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သော အိမ်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖက်သန်းတောင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးခန်းတွင် မေ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲတွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖက်သန်းတောင်ကျေးရွာ၊ ပင်းကြိုင်ရွာသစ်ကျေးရွာနှင့် တောင်ဘက်ကြီးကျေးရွာတို့မှ လေဘေးသင့်အိမ်ခြေ ၄၀ ရှိအိမ်ထောင်စုဝင်များအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်ဇော်၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား ကျားလုံချည်၊ မလုံချည်၊ ကာဘော်လစ်ဆပ်ပြာနှင့် တဘက်များကို တစ်အိမ်ထောင်လျှင် လေးမျိုးစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှဝင်း**

## တောင်တွင်းကြီးမြို့နယ်၌ တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်းကုသခြင်းဆောင်ရွက်

**တောင်တွင်းကြီး မေ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသပေးလျက်ရှိရာ မေလ တတိယပတ်က ပရပ်ကြယ်ကျေးရွာသို့ရောက်ရှိပြီးဆေးဝါးများ ကုသပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆေးဝါးများကွင်းဆင်းကုသရာတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဇော်ဦး၊ ဒုတိုင်းရင်းဆေးမှူး ဒေါ်နှင်းနှင်းဝေနှင့်အဖွဲ့ကဒေသခံ ၈၁ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဇီဝိတဒါနအဖြစ် တိုင်းရင်းဆေးဝါးများဖြင့်အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

## အာရ်စီကွန်ကရစ်တံတား မေလကုန်အပြီး တည်ဆောက်မည်

**မိုးညှင်း၊ မေ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ချောင်းဝကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော နန့်သဲပြင် အာရ်စီကွန်ကရစ်တံတားသည် ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နန့်သဲပြင် တံတားသည် အင်းတော်ကြီးအင်းအရှေ့ဘက်ကမ်း ကန်ပတ်လမ်းတွင် အသစ်ဖောက်လုပ်လျက်ရှိသည့် မနခေါ်ကျေးရွာနှင့် ချောင်းဝကျေးရွာအကြား မော်တော်ကားလမ်းမကြီးပေါ်တွင် တည်ရှိသည်။

နန့်သဲပြင် အာရ်စီကွန်ကရစ်တံတားအရှည်မှာ ၂၆၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိကြောင်း သိရသည်။

ယင်းတံတားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသာလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ၂၆၇ သန်း အကုန်အကျခံဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ တံတားဆောက်ခြင်းလုပ်ငန်းများကို မနော ဧကရီကုမ္ပဏီ မိုးကောင်းအခြေစိုက်မှ တာဝန်ခံ ဦးစံလွင် (PE)အဖွဲ့မှ တာဝန်ယူကာ လုပ်သားအင်အား ၁၀၀ ဖြင့် ၂၀၁၄ ခုနှစ် မတ် ၁ ရက်မှ နေ့ဆိုင်း ညဆိုင်းများဖြင့် စတင်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မေလကုန်တွင် အပြီးသတ်တည်ဆောက်မည် ဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

ယင်းတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ဒေသခံပြည်သူများ၏ ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့စေမည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ စီပွားရေးများလည်း ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း

ဦးသန့်ဇော်
B.Sc.IC.Q.DA, DMP, MBA, ACCA (Pro)
LCCI I ,II ,III & MYOB
18 - May 2015 စမည်
I&II Sec (A): Mon to Wed 9:00 - 11:00 am (သုံးလပြတ်)
Sec (B): Mon to Wed 6:00 - 7:45 pm
Sec (C): Sat - Sun 4:00 - 5:45 pm
ORION Business School ...

ပါရင့် ဆရာ/ဆရာမကြီးများသင်မည်။
စီးပွားရေးတက္ကသိုလ်/ညနေပိုင်းမဟာဘွဲ့
EMBA/EMPA ဝင်ခွင့်
GMAT, Reasoning & English
Sec A ပြီး Sec B 25-May-2015 စမည်။ (ရုံးချိန်လွတ်)
▪ ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည်၊
အမှတ်–၂၆၅၊ ပ–ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဒဂုံစင်တာအနီး)။
09-5115997, 09-32358423

EVER TOP ဘာသာစကားသင်တန်းများ Ph:09254903604 0973040610
အမှတ်(၆၆/၆၈)၊ ၅လွှာ၊ အင်းစိန်လမ်း၊ (စံရိပ်ငြိမ်မှတ်တိုင်၊လှည်းတန်းအနီး)

ဂျပန်
ဦးအောင်ဆွေဦး၊ ဦးအေးသိန်း
ဂျပန်စကားပြော (ပုံမှန်/အမြန်)
အဆင့်မြှင့် / စာမေးပွဲတန်းများ

အင်္ဂလိပ်
ဦးမိုးမြင့်မောင် (Top English)
(a) Saya William
ဆရာအောင်အောင်၊
4-Skills (၅၀၀၀)
Phonetics
Practical English
Grammar+Writing
စကားပြော ၃လပြတ် (၁၀၀၀၀/)

ကိုရီးယား
ဒေါ်ခင်ယုယုစမ်း
EPS TOPIK / 4-Skills

တရုတ်
ဆရာစိုင်းဆိုင်စမ်းဝ်
တရုတ်စကားပြော လစဉ် (၈၀၀၀)

မလေး
ဦးစိုးသီဟ
မလေးစကားပြောအမြန်

ဂျပန်အခြေခံ ၂လပြတ်(၁၅၀၀၀)တန်းခွဲသစ်



***မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)***



# ဂုဏ်ဝင်မှာစာတင် အိုဘွဲ့... ဘင်လာဒင်

ကိုရင်ညြ

နာမည်ဆိုးဖြင့် ကမ္ဘာကျော်ကြားခဲ့သူ အိုစမာဘင်လာဒင်သည်ကား တော်ရိလျော်ရိ ပုဂ္ဂိုလ်မဟုတ်၊ အမေရိကန်လို စူပါပါဝါနိုင်ငံကြီးတစ်နိုင်ငံကိုပင် အန်တုဗလပြု စိန်ခေါ်ဝံ့သူဖြစ်ခဲ့လေသည်။

စကားပြောလျှင် စမ်းရေစီးသံပမာ သိမ်မွေ့ညင်သာစွာ ပြောတတ်သူ အိုစမာဘင်လာဒင်သည် ကြည်ညို လေးစားဖွယ်ကောင်းလောက်အောင် တည်ကြည်သော ဉပဓိရုပ်ရှိ၏။ ကဗျာတွင်ဝါသနာပါ၏။ ကဗျာကို ဖတ်ရှုံသက်သက် မျှသာမဟုတ် ကဗျာကိုလည်း ရေးဖွဲ့နိုင်စွမ်းရှိသည်ဟု ပြောစမှတ်ပြုကြလေသည်။

၂၀၀၀ ပြည့်နှစ်က ယီမင်နိုင်ငံ ပင်လယ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော အမေရိကန်ဖျက်သင်္ဘော ‘ယူအက်စ်အက်စ်ကိုးလ်’ ကို အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီးနောက် လေးလအကြာတွင် ဘင်လာဒင်၏ သားတစ်ဦး ထိမ်းမြားမင်္ဂလာပြုလေရာ ဘင်လာဒင်က ကဗျာတစ်ပုဒ်ရေးစပ်ခဲ့သည်။ အမေရိကန်စစ်သင်္ဘော ဖောက်ခွဲခံရမှုကြောင့် ရေတပ်သား ၁၇ ဦး သေဆုံးခဲ့ရသည့်အဖြစ်ကို ဘင်လာဒင်က ခံစားပြီး ကဗျာရေးဖွဲ့ခဲ့သည်။

ယူအက်စ်အက်စ်ကိုးလ် စစ်သင်္ဘောကြီး ဖောက်ခွဲခံရ၍ သင်္ဘောနံဘေး အပေါက်ကြီး ဖြစ်နေပုံ၊ အေကေ-၄၇ ရိုင်ဖယ်သေနတ် ဘင်လာဒင် ပစ်ခတ်နေပုံတို့ကို ဗီဒီယိုရိုက်ကူးကာ ဝါဒဖြန့်ဗီဒီယိုတိတ်ခွေကို ကမ္ဘာတစ်ဝန်း ဖြန့်ချိခဲ့သည်။ ‘ကိုးလ် ဖောက်ခွဲရေးသမားများ’ ဟု ကဗျာကို ခေါင်းစဉ်ပေးကာ ဗီဒီယိုတိပ်ခွေတွင် ထည့်သွင်းဖော်ပြခဲ့သည်။

ဆော်ဒီပြည်ပြေး သန်းကြွယ်သူဌေးကြီး ဘင်လာဒင်သည် အယ်လ်ခိုင်ဒါအဖွဲ့၏ အကြီးအမှူးအဖြစ် ရပ်တည်လျက် နဖူးရေ ဒူးရေအရ သိမ်မွေ့ညင်သာသူဖြစ်လင့်ကစား အထက်ဖော်ပြပါ ဖြစ်စဉ်ကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများကို သွေးအေးအေးဖြင့် စီစဉ်ညွှန်ကြားခဲ့သူဖြစ်လေသည်။

အမေရိကန်ပြည်ထောင်စုအတွက် သမိုင်းနှင့်ချီ၍ အရှိုက်ထိုးခံလိုက်ရသော ဖြစ်စဉ်အဖြစ် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကိုလည်း နဖူးတွေ့ဒူးတွေ့ တွေ့ကြုံခဲ့ရလေသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု၏ အနိဋ္ဌာရုံမြင်ကွင်းများကို တွေ့မြင်ရသည့်အခိုက် အကြမ်းဖက်မှု၏ ဂယက်လှိုင်းများ ဘဝင်လျှံကာ ကျွက်ကျွက်ညံခဲ့ရသည်ကို ကမ္ဘာသူ ကမ္ဘာသားများ တွေ့ကြုံခံစားခဲ့ကြရသည်မဟုတ်ပါလော။

ဤသို့လျှင် အမေရိကန်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြရသည်။ ခေတ်မီ စစ်အင်အား ပိုင်ဆိုင်သောနိုင်ငံကြီးနှင့် အကြမ်းဖက်သမားအင်အားစုတို့ စီးချင်းထိုးတိုက်ခိုက်ကြပုံများကို အာဖဂန်နစ္စတန် စစ်မြေပြင်၌ တွေ့မြင်ခဲ့ကြရသည်။

အာဖဂန်စစ်တလင်းမြေမှာ စိစိညက်ညက် ကြေခဲ့ရသော်လည်း အကြမ်းဖက်ဂုရုကြီး ဘင်လာဒင် တစ်ယောက် စားအိုးစားခွက် မပျောက်ခဲ့ဘဲ ကိုယ်ယောင်ဖျောက်ကာ ပါကစ္စတန်နိုင်ငံ အက်ဘော့တာဘတ်မြို့၌ အိမ်တစ်ဆောင် မီးတပြောင်ပြောင်ဖြင့် အငြိမ့်သား ပုန်းအောင်းနေထိုင်ခဲ့လေသည်။

သို့ရာတွင် ကံကြမ္မာ အလှည့်အပြောင်းအရ မြွေပွေးပိုးထိခဲ့သည်။ ၂၀၁၁ ခုနှစ် မေ ၂ ရက်တွင် ပါကစ္စတန်နိုင်ငံ အက်ဘော့တာဘတ်မြို့ရှိ ဘင်လာဒင်ပုန်းခိုနေသော ခြံဝင်း အတွင်းသို့ အမေရိကန်နေဗီ SEALS ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ စီးနင်းဝင်ရောက်ခဲ့ရာ အိမ်တွင်းရှိ လူများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဦးခေါင်းကျည်သင့်ကာ ဘင်လာဒင် သေဆုံးခဲ့ရသည်။

ပျံလေတဲ့ငှက်ခါး နားခါမှသိစိမ့်ဟူဘိသို့ အမေရိကန်ကွန်မန်ဒိုများ အောင်ပွဲခံခဲ့သည်။ အမေရိကန် ကွန်မန်ဒိုများသည် ယင်းစီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်အတွင်း ဘင်လာဒင်၏နေအိမ်မှ စာလွှာစာတမ်း အများအပြားကိုလည်း သိမ်းဆည်းရရှိခဲ့သည်။

ဘင်လာဒင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရပြီးနောက် လေးနှစ်အကြာကာလဖြစ်သော ၂၀၁၅ ခုနှစ် မေ ၂၀ တွင် အမေရိကန်အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးက ဘင်လာဒင်၏ ပုံရိပ်လွှာကို ပြည်သူများ ပိုမိုပီပြင်ထင်ရှားစွာ သိရှိနိုင်စေခြင်းအလို့ငှာ အဆိုပါ စာလွှာစာတမ်းများကို လျှို့ဝှက်ကန့်သတ်အဆင့်မှ ပယ်ဖျက်ပေးခဲ့လေသည်။

ဘင်လာဒင်၏ နေအိမ်မှ သိမ်းဆည်းရမိခဲ့သော စာလွှာစာတမ်းများကို ဘာသာပြန်ဆိုခဲ့ပြီးနောက် အများပြည်သူတို့ သိရှိနိုင်စေရန် လျှို့ဝှက်ကန့်သတ်အဆင့်မှ ပယ်ဖျက်ပေးခြင်းဖြစ်သည်။

အဆိုပါ စာလွှာစာတမ်းများမှာ အရေအတွက်အရ ၁၀၀ ကျော်ရှိပြီး ဘင်လာဒင်နှင့် သူ၏မိသားစု၊ ဘင်လာဒင်နှင့် အယ်လ်ခိုင်ဒါ ခေါင်းဆောင်များအကြား အပြန်အလှန် ရေးသားခဲ့ကြသည့် ပေးစာများ ပါဝင်သည့် အပြင် ဘင်လာဒင် အမြဲတမ်းဖတ်ရှုခဲ့သည့် အင်္ဂလိပ်စာဖြင့် ရေးသားထားသော စာအုပ်များကို ၎င်း၏ ဒီဂျစ်တယ်စာကြည့်တိုက်တွင် တွေ့ရှိရလေသည်။ အယ်လ်ခိုင်ဒါအဖွဲ့၏ ဝင်ငွေ၊ ထွက်ငွေများကို ဖော်ပြထားသည့် စာရင်းအင်းများကိုလည်း သိမ်းဆည်းရရှိခဲ့လေသည်။

အဆိုပါ စာလွှာစာတမ်းများပေါ်မှ ကောက်ချက်ချနိုင်သည့် အချက်တစ်ချက်မှာ ဘင်လာဒင်သည် အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်ရန် ဘဝတစ်သက်တာလုံး ဇောကပ်နေခဲ့သည်ဆိုခြင်းပင်။

အမေရိကန်ပြည်ထောင်စု ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေရန် ကြံစည်အားထုတ်မှုကို ဖော်ပြသည့် အကြောင်းခြင်းရာများကို ၎င်း၏ စာလွှာစာတမ်းများတွင် ထင်ဟပ်ဖော်ကျူးနေသည်ဆို၏။

အယ်လ်ခိုင်ဒါအဖွဲ့အတွက် အသေခံတိုက်ခိုက်ပေးမည့် သူများအား ရှာဖွေစုဆောင်းခဲ့ပုံကို စာလွှာစာတမ်းအထောက်အထား တစ်ရပ်အရ သိရသကဲ့သို့ အနောက်အုပ်စု၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အံ့မခန်းတိုးတက်နေမှုအား ၎င်းက မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်နေခဲ့ပုံကိုလည်း စာလွှာစာတမ်းအထောက်အထား တစ်ရပ်အရ သိရလေသည်။

‘အာရပ်နွေဦး’ လူထုမငြိမ်မသက်မှုများကို မီးထိုးပေးခဲ့သည်မှာ သတင်းအချက်အလက် နည်းပညာဖြစ်ပြီး အင်တာနက်လူမှုကွန်ရက်၏ အခန်းကဏ္ဍကို ဘင်လာဒင် အသိအမှတ်ပြုခဲ့သည်။

ကွန်ပျူတာသိပ္ပံပညာရပ်ကို ကျွန်ုပ်တို့က တီထွင်ခဲ့သည်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် ဆက်သားများကို အသုံးပြုသင့်ပြီး အင်တာနက် e-mail ကို အခြေပြုကာ စာပေးစာယူမပြုသင့်ကြောင်း ၂၀၁၀ ပြည့်နှစ်နေ့စွဲပါ အင်လာဒင်၏ စာတစ်စောင်တွင် ဖော်ပြထားလေသည်။

“e-mail စာတွေအားလုံးကို ကျွန်ုပ်တို့ရဲ့ ရန်သူက အလွယ်တကူ လေ့လာစောင့်ကြည့်နိုင်တယ်။ ဒါကြောင့် e-mail ကနေ သတင်း ပေးပို့မှုတွေ မလုပ်ကြပါနဲ့” ဟူ၍ ဘင်လာဒင်က ရေးသားခဲ့သည်။

မြောက်ပိုင်း အာဖရိကဒေသရှိ စစ်သွေးကြွအဖွဲ့များကို ဘင်လာဒင်က တိုက်တွန်းခဲ့ပုံမှာ ဤသို့ဖြစ်၏။

“အစ္စလမ္မစ်နိုင်ငံတော် ထူထောင်မယ့်အစား ဆီရာလီယွန်နဲ့ တိုဂိုနိုင်ငံတွေမှာရှိတဲ့ အမေရိကန်သံရုံးတွေကို တိုက်ခိုက်ကြစမ်းပါ။ အမေရိကန် ရေနံကုမ္ပဏီတွေကို တိုက်ခိုက်ကြစမ်းပါ။ ယီမင်မှာရှိတဲ့ အယ်လ်ခိုင်ဒါအဖွဲ့ခွဲတွေအနေနဲ့လည်း ရဲတပ်ဖွဲ့နဲ့ စစ်တပ်တွေကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းမပြုကြဘဲ အမေရိကန် ပစ်မှတ်သက်သက်ကိုသာ တိုက်ခိုက်ကြပါ”

ဘင်လာဒင် အသက်ထင်ရှားရှိနေစဉ်က အိုင်ဇစ် (ISIS) အဖွဲ့ဟူ၍ တည်ရှိခဲ့ခြင်း မရှိသေးပေ။ ယခုအခါတွင်မူ ယင်းအဖွဲ့က အစ္စလမ္မစ်နိုင်ငံတော်ထူထောင်ရေး ရည်မှန်းချက်ဖြင့် တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့်တင်လျက်ရှိလေသည်။

ဘင်လာဒင်မှာ အမေရိကန် ပစ်မှတ်များကိုသာ တစ်မျိုးတည်း အာရုံစိုက်ခဲ့သူဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသရှိ အယ်လ်ခိုင်ဒါနှင့် ချိတ်ဆက်ထားသော အဖွဲ့များအနေဖြင့် အမေရိကန်ကိုသာ ပစ်မှတ်ထားရန် ၎င်းက ညွှန်ကြားခဲ့သည်ဟု စာလွှာအထောက်အထားများအရ သိရလေသည်။

ဘင်လာဒင်၏ ဒီဂျစ်တယ်စာကြည့်တိုက်၌ စာရေးဆရာ Bob Woodward ၏ “အိုဘားမား၏ စစ်ပွဲများ” (Obama's Wars) အမည်ရှိ စာအုပ်ကို တွေ့ရသလို အယ်လ်ခိုင်ဒါအဖွဲ့ နှင့် ပတ်သက်၍ နိုင်ငံတကာ မဟာဗျူဟာ လေ့လာရေးဌာနများနှင့် တက္ကသိုလ်များမှ ပညာရှင်များ၏ သုံးသပ်လေ့လာချက်စာတမ်းများကိုလည်း တွေ့ရလေသည်။

ဘင်လာဒင်၏ စာလွှာစာတမ်းအချို့မှာမူ အကြမ်းဖက်မှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုပြဿနာအား မွတ်စလင်ကမ္ဘာက အာရုံစိုက်ကြရန် အလေးအနက်သတိပေးထားသည်ကို ထူးထူးခြားခြား တွေ့မြင်ရလေသည်။

ဘင်လာဒင်၏ စာလွှာစာတမ်းအချို့မှာမူ ၎င်း၏မိသားစုနှင့် ပတ်သက်နေပြီး မိသားစုအပေါ် သံယောဇဉ်ကြီးမားသူအဖြစ် ယင်းစာလွှာစာတမ်းအထောက်အထားများအရ သိရသည်။ ဘင်လာဒင်မှာ ဇနီးလေးဦးရှိပြီး သားသမီးအယောက် ၂၀ ရှိကာ သူတို့အပေါ် ချစ်မိုးကြီး ရွာသွန်းဖြိုးခဲ့ပုံကို စာလွှာစာတမ်းများက ဖော်ကျူးထားလေသည်။ ။



ဘင်လာဒင် ကိုယ်ယောင်ဖျောက်ကာ နေထိုင်ခဲ့သည့်နေအိမ်

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" မောင် . . . လောကကြီးကို မကြောက်ပါဘူး "

" ဒါပေမယ့် ခိုင်နဲ့ လမ်းတွဲလျှောက်ရမှာကိုတော့ ကြောက်တယ် . . . ဒီလိုလား"

ဤစကားမှာ ကျွန်တော် မခံနိုင်ဆုံး စကားဖြစ်သည်။ ထို့ကြောင့် နေရာမှ ထမိ၏။

"ကဲ . . . လျှောက်ကြမယ်။ ဘယ်လျှောက်ကြမလဲ "

ထိုအခါကျမှ ခိုင်က ပြုံးသည်။

" လမ်းလျှောက်တယ်ဆိုတာ ခြေဦးတည့်ရာလျှောက်တာ အကောင်းဆုံးပဲ၊ ဒီအခွင့်အရေးကို ခိုင်မရတာ ကြာလှပြီ . . . "

ထိုညက ခိုင်နှင့် ကျွန်တော် တကယ်ပင် ခြေဦးတည့်ရာ လျှောက်ကြသည်။ ပုသိမ်လမ်းမှ ထွက်၍ ရှမ်းလမ်းအတိုင်း တက်ကာ သံတံတားလမ်းမှတစ်ဆင့် ကြည့်မြင်တိုင် လမ်းမကြီးဘေးတစ်လျှောက် ဗားကရာချောက်အထိ သွားကြသည်။

မိုးည ငွေလဝန်းကို တိမ်ဖြူတို့ ပွတ်တိုက်ဖြတ်သန်းနေ၍ ညသည် မှိတ်တစ်ချီ လင်းတစ်လှည့်ရှိနေ၏။ မိုးနံ့၊ ရေနံ့ကို သယ်ဆောင်သော မုတ်သုန်လေနွဲ့နွဲ့သည် ဟောင်းနွမ်းကျန်ရစ်ပြီဖြစ်သော အတိတ် ကာလ၏ အိုမင်းသော တေးညှိုးညှိုးကို ပြန်သီဆိုနေသကဲ့သို့ ထင်ရသည်။

လမ်း၌ လူသူလေးပါး မရှိလှ။ ဈေးကြီးလမ်း အိမ်တစ်ခုရှေ့မှ ကာလသားတစ်သိုက် စုဝေးတီးမှုတ်နေသံကို ကြားရသည်။

ခိုင်သည် မိုးပြင်ကို ကြည့်၍ ကျေနပ်စွာ ဆိုသည်။

" အား . . . လွတ်လပ်လိုက်တာ "

ကျွန်တော်က ခိုင့်ကို ပြုံး၍ လှည့်ကြည့်မိသည်။ ခိုင်က ကျွန်တော့်ကို မေးသည်။

"မောင်ကော . . . မလွတ်လပ်ဘူးလား "

"မောင်ကတော့ အမြဲလွတ်လပ်နေတာပဲ ခိုင် . . . "

ကျွန်တော့်စကားတွင် ဟာသမပါဘဲလျက် ခိုင်က ရယ်သည်။

" မောင့်ဘဝဟာ အမြဲလွတ်လပ်နေတယ်၊ ဟုတ်တယ်။ ဒါပေမယ့် ခိုင်ကတော့ ဘယ်တုန်းကမှမလွတ်လပ်ခဲ့ဘူး "

ခိုင်သည် ရယ်ပြန်၏။

ထိုစဉ် ရန်ကုန်ဘက်ပြေးသော လက်ရုံးတံဆိပ် ဘတ်(စ်) ကားတစ်စီးသည် ကျွန်တော်တို့နောက်မှအပြင်းမောင်းကာ လာနေ၏။

" လိုက်မလား . . . လိုက်မလား . . . ၊ မော်တင် . . . ၊ ဆူးလေ၊ ပုဇွန်တောင်၊ ရေကျော် . . . " ကျွန်တော် မည်သို့မျှ မပြုနိုင်မီ ခိုင်သည် ကားကို လှမ်းတားသည်။

" အို . . . ခိုင် . . . ဘာလုပ်တာလဲ " ကားသည် ရပ်လာ၏။ ခိုင်သည် ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ကားပေါ်သို့ သွက်လက်စွာ တက်သွားသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ ဘာမျှ မလုပ်နိုင်ပါ။ ခိုင့်နောက်မှ ကပ်၍ ကားပေါ်သို့ လိုက်တက်ခဲ့ရ၏။

မော်တော်ကားပေါ်တွင် . . . ဝေဖန်ငြင်းခုံရန်မှာ ကြွန်ရွေ့မရသော အလုပ်ဖြစ်သဖြင့် ကျွန်တော်က ဘာမျှ မပြောနိုင်။

ခိုင်သည် ပြုံးပြုံးလေး ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး စပယ်ယာကို ကားခ ထုတ်ပေးသည်။

" ဆူးလေထောင့်ကို . . . "

"လုပ်ပေဦး မိခိုင် . . . အငိုက်မိတော့ ခံရပြီကော . . . "

ဤသို့သာ စိတ်တွင်းမှ ရေရွတ်ရင်း မှင်သေသေနှင့် ကားဆောင်ရာ ပါခဲ့ရ၏။ ခိုင်ကသာ ဘာမျှမဖြစ်လေဟန် စကားကို ထိုထိုသည်သည် ပြောနေ၏။

ဆူးလေထောင့်၌ ကျွန်တော်တို့နှစ်ဦး ဆင်းကြသည်။

" ကဲ . . . ဆိုစမ်း ခိုင် . . . ဒါ ဘာလာလုပ်တာလဲ "

ကားပေါ်မှ မြေပြင်သို့ ခြေချမိလျှင်မိခြင်း ကျွန်တော်က မေး၏။ ခိုင်က ကျွန်တော့်အမေးကို အမှုမထင်ဟန် ဖြေသည်။

" အို . . . မောင်ကလည်း ခိုင်တို့ ချောက်ထဲကျတာမှ မဟုတ်ဘဲ၊ ဦးလေး ဦးပိုးဖြူကြီး လာကယ်ဖို့ မလိုပါဘူး၊ ဟုတ်လား "

ခိုင့်စကားကြောင့် ကျွန်တော်ပါ ရောရယ်မောမိသည်။ တတ်နိုင်လေသည့် မိခိုင်လေး။ ကျွန်တော်နှင့် ခိုင်သည် တစ်ဦးလက် တစ်ဦးတွဲကာ ကလေးများသဖွယ် ဆူးလေဘုရားလမ်းရှိ ရုပ်ရှင်ရုံမှ ကြော်ငြာ ဓာတ်ပုံများကို လိုက်ကြည့်ကြသည်။ စာအုပ်ဆိုင်များကို ဝင်၍ ဟိုလှန် သည်လှန် ရှုကြသည်။ မဂိုလမ်း(ရွှေဘုံသာ)တွင် ဝင်စားသောက်ပြီးကြသောအခါ ည၉ ၁၀-နာရီ ကျော်နေပေပြီ . . . ။

" မပျော်ဘူးလား မောင် . . . "

ခိုင်က ကလေးငယ်သဖွယ် မေးသဖြင့် လူကြီးဘဝကို မေ့လျက် ကျွန်တော်ကလည်း မိုက်မိုက်ကန်းကန်း ပြောသည်။

"သိပ်ပျော်တယ် . . . ခိုင်၊ မောင်တကယ်ပျော်တယ် "

ဘတ်(စ်)ကား ပြတ်ခဲ့ပြီ ဖြစ်သဖြင့် ထိုညက ခိုင်နှင့် ကျွန်တော်သည် တက္ကစီနှင့် အိမ်ပြန်ခဲ့ရ၏။ ခိုင်က ခပတ်ပလာတာများ ဝယ်ယူလာခဲ့သည်။

ကျွန်တော်တို့ အိမ်ပြန်ရောက်သောအခါ၌ ခြံဝ၌ စိုးရိမ်တကြီး စောင့်မျှော်နေသော ဒေါ်လှယဉ်နှင့်ကြိုင်ကို တွေ့ရသည်။

" ဟဲ့ . . . အမလေး ဘယ်ပျောက်သွားကြတာလဲ "

ဒေါ်လှယဉ်က ရင်ဘတ်ဖိရင်း ဆိုသည်။ ကြိုင်ကသာ ဝင်ဖြေပြော၏။

" ဒါကြောင့် မပူပါနဲ့လို့ မေမေ့ကို ကြိုင်ပြောသားပဲ။ စောစောက မောင်နဲ့ တွေ့တယ်။ မောင်နဲ့ ထွက်သွားတာ ဖြစ်ရမယ်လို့ . . . "

ကျွန်တော်က အားတုံ့အားနာ ဖြစ်မိသော်လည်း ခိုင်က အမူအယာမပျက်ဘဲ ဝယ်ယူလာခဲ့သောအထုပ်ကို ကြိုင့်အားလှမ်းပေးသည်။

" မောင်နဲ့ စကားပြောရင်း ဆာတာနဲ့ မဂိုလမ်း သွားကြတာပါ။ ရော့ . . . မမကြိုင် ခပတ်ပလာတာ ပူတုန်းစားကြဦး . . . "

မိခိုင်က တတ်နိုင်သဖြင့် ကျွန်တော် ဘာမျှ အထူးမဖြေရှင်းရတော့။ ကျွန်တော် ပြန်သောအခါ ခြံဝအထိ လိုက်ပို့သော ခိုင်၏ မျက်နှာ၌ စိတ်ထင်သည်ကို လုပ်ရပြီး၍ ကျေနပ်သော ကလေးတစ်ဦး၏ ရွှင်လန်းမှုအား တွေ့ရသည်။

" ခိုင် သိပ်ဆိုးတယ်၊ နောက်တစ်ခါ လမ်းလျှောက်ရအောင်လို့ ခေါ်ရင် မောင် မလိုက်တော့ဘူး "

ခိုင်က ပြုံး၍သာ ကြည့်နေသည်။ ဤအပြုံးက ကျွန်တော့် စကားကို မယုံ၊ ပမာမပြု၊ အတည် မယူကြောင်း ဖော်ပြနေ၏။

ငမိုက်သား ကျွန်တော်၏ အသည်းနှလုံးသည်လည်း ထင်သလောက် မမာပါ။ အကြောင်းမှာ ထိုည အိပ်မက်တွင်း၌ ခိုင်နှင့် ကျွန်တော်သည် လက်ချင်းတွဲ၍ မြရာရုံတို့ လွှမ်းသော သန်လျင်မြို့၏ ကုန်းမို့မို့ထက် လျှောက်သွားနေကြသည်။ အဝေးရပ်နှင့် မိုးပြင်ဆီမှ ခရစ်ယာန် ဓမ္မသီချင်းများကို သံပြိုင်ဆိုနေသကဲ့သို့ ဝေစည်လေးတွဲ့ ပျံ့လွင့်ညင်သာသော တေးသံတို့ကို ကြားနေရ၏။ မိုးမြူတို့ သိပ်ကာ . . . သည်းကာ လွှမ်းလာသော အမှောင်၌ ခိုင်နှင့် ကျွန်တော် ကွဲသွားကြသည်။ ခိုင့်ကို တကြော်ကြော် အော်ခေါ်ရင်း ကျွန်တော်က တစ်တောင်တက် တစ်တောင်ဆင်း လိုက်ရှာသည်။ မှိုင်းညိုသော ကျိုက်ဗောဓိ ကုန်းခြေ၊ သီဟိုဠ်သရက်ပင်ကိုင်းတစ်ခုမှ ကျဆင်းလာသော ဒါန်းတစ်ခုထက် ပန်းဝေအောင်ပန်လျက် တေးဆိုညည်းနေသော ခင်မြိုင်ကို တွေ့ရသည်။

သဇင်ပန်းနံ့တို့ကလည်း ကြိုင်နေ . . . လှိုင်နေ၏။ တေးသံတို့ကလည်း ငိုညည်းဆွေးမြေ့စွာ ပေါ်လာနေသည်။ တုန်ယင်ချောက်ချားသော နှလုံးဖြင့် ကျွန်တော်က ခင်မြိုင်ကို ငေးကြည့်နေသည်။ စိုးရိမ်ထိတ်လန့်စိတ်များကြောင့် ထွက်ပြေးရန် ကြံသည်။ သို့ရာတွင် ခြေထောက်များက နေရာမှ ရွေ့၍မရ။

ထိုအခိုက်တွင်ပင် ခင်မြိုင်က ကျွန်တော့်ဘက် လှည့်လိုက်သည်။ ရင်ခွင်ဝယ် စောင်းအိုတစ်လုံးကို ပိုက်ရင်း ညှိုးလျော်ဖြူနွမ်းသော မျက်နှာလေးဖြင့် ခင်မြိုင်ကကျွန်တော့်ကို ကြေကွဲစွာ ဖိတ်ခေါ်သည်။

" လာလေ . . . မောင်ညို . . . ။ ခင်မြိုင် စောင့်နေရတာ ကြာပါပြီ ရှင်ရယ် . . . "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းသုံးပစ္စည်း 1Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၅-၂၀၁၅ ရက်မှ ၁၃-၆-၂၀၁၅ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**



## T.V (ရန်ကုန်)
## အမျိုးသား/အမျိုးသမီး ကားမောင်းစက်ပြင်သင်တန်း

၁။ No. 93/99၊ ဗညားဒလလမ်း၊ (၄ လမ်းမှတ်တိုင်နှင့် မဆလာစက်မှတ်တိုင်အနီး)

၂။ မဆလာစက်မှတ်တိုင်ရှေ့

၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။

**Ph: 09-5041550, 09-73044311, 09-421150033, 09-420066955, 09-31551976**

**အမှန်တကယ် ကားမောင်းတတ်ကျွမ်းလိုလျှင်**
**T.V (ရန်ကုန်)နှင့် သင်လိုက်ပါ။**



## Myanmar EI Dorado Paradise (MEP) Travels & Tour

ဗန်ကောက်-ပတ္တရား (၃ ည ၄ ရက်) 29 May 500 USD

20 May မတိုင်ခင် စာရင်းပေးသွင်းပါက 20 USD Discount

အထူးဈေးနှုန်းဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။

Ph: 01-505929, 01-521963, 09-254774773, 09-73174886

Full Package



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ လမ်းဦးစီးဌာန၊ ဥတ္တရခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၂၃-၅-၂၀၁၅ ရက်၊ (ရုံးချိန်အတွင်း)

(ခ) တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - ၇-၆-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

(ဂ) တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၀-၆-၂၀၁၅ ရက်၊ နံနက်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းအမှတ်-၀၆၇-၂၁၁၅၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## အဆင့်မြင့်တိုက်ခန်းအမြန်ငှားမည်

ရန်ကင်းမြို့နယ်၊ Sedona Hotel အနီး၊ ရွှေအုန်းပင်အိမ်ရာ မျက်နှာချင်းဆိုင်၊ ရန်ကင်းမြို့မဈေးအနီး၊ ရန်ငြိမ်းလမ်းမပေါ်တွင်တည်ရှိသော ရန်ငြိမ်းအိမ်ရာ၊ စတုတ္ထထပ်၊ 1MB, 2BM, 4AC, FTTH အင်တာနက်လိုင်း၊ (အဆင့်မြင့်ပြင်ဆင်ပြီး)၊ (Fully Furnished) (နိုင်ငံခြားသားများအတွက် အထူးသင့်လျော်ပါသည်။)

မှတ်ချက် - နှစ်ရှည်ငှားရမ်းမည့်သူကို ပို၍ ဦးစားပေးမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၅၀၆၀၆၀၊ ၀၉-၃၃၄၉၀၀၀၇



ပညာအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုရှိဖို့မလို

## လစာ (၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်

ကိုးရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်

## E . P . S (TOPIK)

အလုပ်သမားစာမေးပွဲအောင်မြင်ရုံဖြင့် အလုပ်လျှောက်ထားနိုင်ပြီ၊

၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Tesk အပါဝင် ထူးချွန်ကျောင်းသား ထောင်ကျော်မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း

" တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည် "

**ကိုထွေး — ကိုးရီးယားဘာသာ သင်တန်းကျောင်း**

အမှတ် (၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊

PH : 01 38 97 40 , 09 4500 20 337 , 09 420 243 587



## ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ ရန်ကင်းလမ်း၊ ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။ အဆင့်မြင့်ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။

ဖုန်း- 09-5401011, 09-73095677



## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်အမှတ်(၁၃က^၁/၂၂)၊ အကျယ်အဝန်း ပေ(၂၀×၆၂)၊ (၁၂၄၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ(၂)လမ်း၊ အမှတ် (၃/ခ) မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ဖြစ်သူ ဦးမြင့်လွင်[၁၂/ဗတထ(နိုင်)၀၁၀၃၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနောင်နောင်(အထက်တန်းရှေ့နေ)**
**အမှတ်(၁၄၄)(က)၊ ပတ္တမြားလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၅၈၂၇၃၊ ၀၉-၂၅၀၀၁၄၄၃၂**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ပုလဲမြို့နယ် တွင် စတင်ထုတ်ချေး

**ပုလဲ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု(၅၆) အုပ်စုရှိတောင်သူ ၁၂၀၀၀ ကျော်ထံသို့ ငွေကျပ်သိန်းပေါင်း ၃၅၈၉၄ ဒသမ ၄၀ ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် မေ ၂၁ ရက်မှစတင်၍ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်အောင်မြင့်က "မေလထဲမှာ မိုးစတင်ရွာသွန်းခဲ့ပြီဖြစ်လို့ မိုးသီးနှံ စိုက်ပျိုးရာသီအမီ ငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ မေ ၂၁ မွန်းလွဲ ၁ နာရီက တောင်ရွာသစ်ကျေးရွာ အုပ်စုမှာရှိတဲ့ တောင်သူ ၇၂ ဦးတို့ရဲ့ မိုးစပါး စိုက်ဧက ၂၁၇ ဧကနဲ့ ပဲစင်းငုံ ၃၂၅ ဧကအတွက် ငွေကျပ် ၂၈၂၀၀၀၀၀ သိန်းကို စတင်ထုတ်ချေးပေးမှာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ကျေးရွာအုပ်စုအလိုက် မိမိတို့ဆန္ဒသဘောအရပါဝင်တဲ့ တောင်သူသုံးဦး တစ်ဖွဲ့စနစ်နဲ့ စပါးတစ်ဧကကို ငွေကျပ်တစ်သိန်း၊ အခြားသီးနှံကိုတော့ ငွေကျပ်နှစ်သောင်းနှုန်းနဲ့ ထုတ်ချေးပေးသွားမှာ ဖြစ်ပါ တယ်။ အဓိကအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် ပုံစံ (၇) ရရှိတဲ့ တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ယင်းသို့ချေးငွေများထုတ်ချေးခြင်းသည် နိုင်ငံသားအားလုံးတို့၏ စားနပ်ရိက္ခာ လိုအပ်ချက်ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာ ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# မိတ္ထီလာမြို့ သီးကုန်း ၂၈၅ မိုင်၌ အရေးပေါ်ရှေးဦးပြုစုခြင်း စခန်းအဆောက်အအုံဆောက်လုပ်သွားမည်

**မိတ္ထီလာ မေ ၂၃**

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးအမြန်လမ်း သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်း အနီးတွင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်အား စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း၏ လှူဒါန်းငွေကျပ် ၃၅၃ သိန်းကျော်ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကြက်ခြေနီ တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးနေဦးက ပြောသည်။

မေ ၁၉ ရက် နံနက်ပိုင်းတွင် သီးကုန်း ၂၈၅ မိုင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ် ဆောက်လုပ်ရန် အတွက် မြေနေရာပန္နက်ရိုက်ခြင်းကို စတင်ဆောင်ရွက်ခဲ့ပြီး မိုင်တိုင်အမှတ် (၁၈၄) နှင့် (၂၈၅) အကြား မန္တလေးမှ ရန်ကုန်ဘက်သွားသည့် လမ်းအနီး၌ ဆောက်လုပ်ခြင်းဖြစ်သည်။

"မြေနေရာအကျယ်အဝန်းက ပေ ၁၅၀ ပတ်လည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းတဲ့ ငွေကျပ် ၃၅၃၃၉၁၈၈ နဲ့ဆောက်လုပ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မိတ္ထီလာ ၂၈၅ မိုင် သီးကုန်း ယာဉ်ရပ်နားစခန်း အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်အား သံမဏိကိုယ်ထည် (Steel structure) ဖရိန်များဖြင့် တည်ဆောက်မည်ဖြစ်ကာ အလျား ၆၁ ပေ၊ အနံ ၃၆ ပေ၊ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံအမျိုးအစားဖြစ်ပြီး ခြောက်လခန့်ဖြင့် ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ယူဆောက်လုပ်မည့် ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးစိုးအောင်က ပြောသည်။

"အဆောက်အအုံသစ်ကို အလွန်ဆုံး ခြောက်ခန့်အချိန်နဲ့ ပြီးစီးအောင် တည်ဆောက်သွားမှာဖြစ်ပါတယ်။ သံမဏိကိုယ်ထည် (Steel structure ) ဖရိန်နဲ့ တည်ဆောက်သွားမှာပါ။ ဖြူး ၁၁၅ မိုင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံထက် နည်းနည်းပိုကြီးတယ်။ ၁၁၅ မိုင် အဆောက်အအုံက အလျား ၅၂ပေ၊ အနံ ၃၁ ပေဖြစ်ပါတယ်။ အဲဒီအဆောက်အအုံကိုလည်း ကျွန်တော် တာဝန်ယူတည်ဆောက်ပေးခဲ့တာပါ။ မိတ္ထီလာ ၂၈၅ မိုင် အရေးပေါ်ရှေးဦးပြုခြင်းစခန်း အဆောက်အအုံက အလျား ၆၁ ပေ၊ အနံ ၃၆ ပေ ရှိပါတယ်" ဟု ဦးစိုးအောင်က ပြောသည်။

မိတ္ထီလာ ၂၅၈ မိုင် ယာဉ်ရပ်နားစခန်း အနီးတွင် ယာယီအရေးပေါ်ရှေးဦးပြုစခန်းကို ရန်ကုန်မှ မန္တလေးဘက်သို့သွားရာလမ်းဘက်အခြမ်း၌ ၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်က စတင်ဖွင့်လှစ်၍ ယနေ့အချိန်အထိ အမြန်လမ်းပေါ်တွင် ဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှု ၉၆ ခုမှ သေဆုံးလူနာ ၃၁ ဦး၊ ထိခိုက်ဒဏ်ရာရလူနာ ၂၄၂ ဦးတို့အား အရေးပေါ်ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ကလေးမြို့အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကြီးဆောက်လုပ်မှုပြီးစီး

**ကလေး မေ ၂၃**

ကလေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကြီးသည် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအချိန်တွင် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းသည်နိုင်ငံတော်အစိုးရက ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်တွင် စတင်ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ကလေးမြို့ သဇင်ရပ်ကွက်၊ ယုဒသန်လမ်းရှိမြေနေရာ ငါးဧကအတွင်းတွင် အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၃၄ ပေ RC သုံးထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းကျောင်းဆောင်သစ်သည် ကလေးမြို့ရှိ အ-ထ-က ကျောင်းများတွင် ပထမဆုံးသော RC သုံးထပ်ကျောင်းဆောင်သစ် အဆောက်အအုံဖြစ်ပြီး ၂၀၁၅ ခုနှစ် ပညာသင်နှစ် အမီ အမြန်ပြီးစီးရန် ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ ယင်းကျောင်းဆောင်သစ်အပါအဝင် ကလေးမြို့၌ အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်းရှိလာပြီဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**


## မွေးနေ့မင်္ဂလာဆုတောင်း

ဒေါက်တာမြတ်သူဇာမောင် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

မိဘအပေါ် သိတတ်လိမ္မာပြီး၊ မောင်လေးအတွက် စံပြအစ်မတစ်ယောက်ဖြစ်သော သမီးကြီး၏ ၂၄-၅-၂၀၁၅ရက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ကျန်းမာစွာဖြင့် လူသားအားလုံး ကျန်းမာရေးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေ-

ချစ်သောဖေဖေ - ဦးမောင်မောင်တာ    မောင်လေး - ဉာဏ်လင်းမောင်မောင်
မေမေ - ဒေါ်အေးအေးသွင်    ဒု/နှစ် သွား/ဆေးတက္ကသိုလ်






## အလှပြင်သင်တန်း (New Lady) Beauty Spa

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့်ဆံထုံး၊ မိတ်ကပ်၊ လက်သည်းပန်းချီ၊ ပန်းအလှပြင်အခြေခံနှင့် အထက်ပါဘာသာရပ်(၁၄)မျိုးကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်တန်းကြေး(နှစ်သိန်းခွဲ)နှင့် ၂လအတတ် သင်ကြားပေးမည်ဖြစ်ပါသည်။ နယ်မှလာသူ အဆောင်စီစဉ်ပေးမည်။

အမှတ်(၄၄)၊ သခိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဖုန်း-၀၉-၄၂၈၁၄၂၉၆၅၊ ၀၉-၄၂၁၁၈၂၀၃၊ ၀၉-၄၃၁၈၅၂၃၆



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | 12mm MS Plate | ၁၀၀တန် |
| (ခ) | 75KW,5 MGD Low Lift Pump | ၂စုံ |
| (ဂ) | Automatic Air Valve, Check Valve | ၄၁လုံး |
| (ဃ) | မြက်ဖြတ်စက် | ၂စီး |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁-၆-၂၀၁၅ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့



## ရှမ်းပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ်အတွက် (ဒုတိယအကြိမ်အဖြစ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း(၅)ခုအပါအဝင် ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ခရိုင်ရုံး(၃)ရုံးတည်ဆောက်ခြင်း(လွိုင်လင်/လင်းခေး/မိုင်းဆတ်)
(ခ) PVC နှင့် GI ပိုက်များဝယ်ယူခြင်း
(၄"Ø၊ ၃"Ø၊ ၂"Ø၊ ၁½"Ø PVC)ပိုက်များ
(၂"Ø GI၊ ၁½"ØGI) ပိုက်များ

၂။ (က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့)
(ခ) တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက် - ၂၄-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက် - ၂၅-၆-၂၀၁၅ ရက် (ကြာသပတေးနေ့)

၃။ အသေးစိတ်သိရှိလိုသည့်အချက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖုန်းအမှတ်-၀၈၁-၂၁၂၄၂၅၀၊ ၀၈၁-၂၁၂၄၄၈၁များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ



## တိုက်ခန်းအမြန်ရောင်းမည်

တိုက်သစ်/တိုက်ခန်း အမြန်ရောင်းမည်။
မြေညီ(ကားပါကင်ပါ)၊ ၃-လွှာ (ခေါင်းရင်းဖက်)
(၂၅' × ၆၀') ရင်ကွဲ ထောင့်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၂)လမ်း
ဖုန်း-၀၁-၈၅၅၀၉၈၇၊ ၀၉-၂၅၄၄၈၇၉၃၀



## ငါးကန် (၂၅၀) ဧက ငှားမည် / အကျိုးတူ

ကတ္တရာလမ်းမဘေး
၀၉ ၃၀၂၀ ၉၉၇၇



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ပွဲစားမလို)

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ ပြည်ထောင်စုကားလမ်းမကြီးပေါ်၊ မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံအနီးတွင်တည်ရှိသော ခြံအကျယ်အဝန်း (၁၁.၄၈)ဧက၊ (လန-၃၉)ကျပြီး၊ အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိပြီးဖြစ်သော ကလောမြို့ နတ်ရေကန်အနီးတွင်ရှိသောကြောင့် ရေရရှိမှုလည်းကောင်း၊ လျှပ်စစ်မီးလည်းရရှိပြီး၊ ရှုခင်းလည်းကောင်းသောကြောင့် ဟိုတယ်လုပ်ငန်းကြီး လုပ်ကိုင်မည့်သူများအတွက် နေရာကောင်းဖြစ်ပါသည်။

၂။ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့၊ ပြည်ထောင်စုကားလမ်းမကြီးပေါ်၊ ကမ်းပါးနီကျေးရွာ၊ ခုတင်(၇၀၀)ဆေးရုံအနီးတွင် တည်ရှိသော ခြံအကျယ်အဝန်း(၄)ဧကကျော် (လန-၃၉)ကျပြီး၊ အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိပြီးဖြစ်သော နေရာကောင်းဖြစ်ပါသည်။

(ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဆီဆိုင်လုပ်ငန်းလုပ်ကိုင်မည့်သူများအတွက် အထူးသင့်လျော်ပါသည်။)

မှတ်ချက် - အမှန်တကယ်စိတ်ဝင်စားသောသူများသာ ဆက်သွယ်ပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၆၆၁၆၃၆၊ ၀၉-၄၉၆၆၁၆၃၆

# အပြည်ပြည်ဆိုင်ရာသဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ဖရင့်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာများကို လုပ်ငန်းအမျိုးအစားခွဲခြား၍ဘက်ပေါင်းစုံမှဆွေးနွေး

**နေပြည်တော် မေ ၂၃**

အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ကွန်ဖရင့်ကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော် Kempinski Hotel တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက် နံနက်ပိုင်းမှစတင်၍ ကွန်ဖရင့် တတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Kempinski Hotel ဧရာဝတီခန်းမ၌ ကျား၊ မ အမျိုးအစားခွဲခြားမှုနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကစ္စပနဒီခန်းမ၌ ထုတ်လုပ်မှုကွင်းဆက်များမှတစ်ဆင့် ဒေသခံပြည်သူများအတွက် အကျိုးအမြတ်ရရှိစေခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပွဲများအား တစ်ချိန်တည်းပြုလုပ်ခဲ့ကြသည်။

ဧရာဝတီခန်းမ၌ ကျင်းပသော ကျား၊ မ အမျိုးအစားခွဲခြားမှုနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ တောင်အာရှအမျိုးသမီးများကွန်ရက် South Asia Women's Network မှ Professor and Ambassador jzpfol Ms. Veena Sikri နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ Senior Tourism Specialist ဖြစ်သူ ဒေါ်ကြည်ကြည်အေးနှင့် ICIMOD မှ Dr. Galam Rasul တို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

ကစ္စပနဒီခန်းမ၌ ပြုလုပ်သော သဘာဝအခြေခံခရီးသွားလုပ်ငန်း ဝန်ဆောင်မှုဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်များမှ တစ်ဆင့် ဒေသခံပြည်သူများအတွက် အကျိုးအမြတ်ရရှိစေခြင်း ခေါင်းစဉ်ဖြင့် ပြုလုပ်သော ဆွေးနွေးပွဲ၌ သဘာဝအခြေခံခရီးသွားလုပ်ငန်း ထုတ်ကုန်တွင် တည်းခိုနေထိုင်ခြင်း၊ စားသောက်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်း ရောင်းချခြင်း၊ ဧည့်လမ်းညွှန် ဝန်ဆောင်မှုပေးခြင်းတို့အပြင် လေ့လာရေးခရီးစဉ်များ သွားရောက် ခြင်းတို့ပါဝင်သည့် ထုတ်လုပ်မှုကွင်းဆက်များတွင်ဒေသခံများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍများမှ ပါဝင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ၎င်းသဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် ဒေသခံများအား အကျိုးအမြတ်ရရှိစေကြောင်း သိရှိနားလည်လာသည်နှင့်အမျှ ဒေသခံများ၏ ပိုမိုပူးပေါင်းပါဝင်မှုရရှိစေရေးကိစ္စရပ်များ၊ ဒေသထွက်သီးနှံများအား လာရောက်လည်ပတ်သူများအား တိုက်ရိုက်ရောင်းချနိုင်သည့်အခွင့်အလမ်း ပိုမိုရရှိစေရေးကိစ္စရပ်များ၊ ဒေသထွက်ထုတ်ကုန်များ၊ သဘာဝသားရဲတိရစ္ဆာန်များအား ထိခိုက်မှုမရှိစေဘဲ ထုတ်လုပ်ထားသည့် ထုတ်ကုန်များအဖြစ် အသိအမှတ် ပြုခံရခြင်းဖြင့် ပိုမိုဈေးကောင်းရရှိစေနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် နယ်စပ်ဖြတ်ကျော် အမွေအနှစ်လမ်းကြောင်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအားကစ္စပနဒီခန်းမတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ICIMOD မှ Ms. Marjorievan Strien မှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ နယ်စပ်ချင်းထိစပ်နေသောဒေသများ၌ တရားမဝင်သစ်ထုတ်လုပ်မှုလုပ်ငန်း၊ ဆင်စွယ်မှောင်ခိုလုပ်ငန်းနှင့် ကျားနှင့်အခြားသော သားရဲတိရစ္ဆာန်များ၏ အရေခွံနှင့် အခြားသောခန္ဓာကိုယ် အစိတ်အပိုင်းများရောင်းချခြင်းလုပ်ငန်းများ ပြုလုပ်ရန် လွယ်ကူသည့်အတွက် ၎င်းကိစ္စရပ်များအား နှစ်ဖက်အစိုးရ ညှိနှိုင်းပူးပေါင်းတားဆီးဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအဖွဲ့အစည်းများပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်အရေးယူမှုလုပ်ငန်းစဉ်များ ဆောင်ရွက်သွားရေးကိစ္စရပ်များ၊ အမျိုးသားအထိမ်းအမှတ်ဉယျာဉ်များသည် နှစ်နိုင်ငံနယ်စပ်အနီး (သို့မဟုတ်) နှစ်ဖက်လုံးတွင်ပါဝင်နေပါက ပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော် သမိုင်းဝင်ဘုရားဖူးလမ်းကြောင်းများအား ပူးပေါင်းဖော်ထုတ်မြှင့်တင်ဆောင်ရွက်သွားရေး ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော် သဘာဝအရင်းအမြစ်မှောင်ခိုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းဖြေရှင်းခဲ့သည့် ဥပမာကောင်းများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ နေ့လည်ပိုင်း ဆွေးနွေးပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ Kempinski Hotel ဧရာဝတီခန်းမ၌ သဘာဝနယ်မြေများအတွင်းယုံကြည်မှုဆိုင်ရာ ခရီးသွားလုပ်ငန်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပုဂံခန်းမ၌ ယဉ်ကျေးမှုအသစ်ပြန်လည် ဖော်ထုတ်ခြင်းနှင့် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများအား စီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကစ္စပနဒီခန်းမ၌ သဘာဝနယ်မြေများအတွင်း စီမံခန့်ခွဲမှုပိုမိုအားကောင်းလာစေရေး သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် စောင့်ကြပ်ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့်လည်းကောင်း တစ်ပြိုင်နက် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သဘာဝအခြေခံခရီးသွား ကွန်ဖရင့် ပိတ်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တက်ရောက်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်က စတင်၍ လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် သမိုင်းဝင်အမွေအနှစ်များစွာရှိသော်လည်း ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော တိုးတက်မှုများရရှိ ခံစားနိုင်ရန်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာကို စတင်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကြွယ်ဝသော ဂေဟစနစ်နှင့် ရှားပါးတိရစ္ဆာန်မျိုးစိတ်များစွာပိုင်ဆိုင်သည့်အတွက် သဘာဝ အခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ရန် အလွန်သင့်တော်ကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ကာကွယ်ထိန်းသိမ်းထားသော သစ်တောဧရိယာများအား ထိန်းသိမ်းရန်သာမကဒေသခံ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများနှင့် လူနေမှုဘဝကိုပါ ဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒချမှတ်ခြင်းနှင့် စီမံခန့်ခွဲမှု မဟာဗျူဟာ ဖော်ဆောင်ခြင်းသည် ပထမခြေလှမ်း သာဖြစ်ပြီး အဆိုပါမူဝါဒနှင့် မဟာဗျူဟာအား ဆက်လက်အကောင်အထည်ဖော်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်နိုင်ရန်အတွက် ယခုကျင်းပသည့် ကွန်ဖရင့်သည် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ယခုလို အပြည်ပြည်ဆိုင်ရာသဘာဝ အခြေခံခရီးသွားလုပ်ငန်း မူဝါဒရေးဆွဲရေးနှင့် ကွန်ဖရင့်ကျင်းပရေးပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သော ICIMOD နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ICIMOD မှ ဒေသဆိုင်ရာ အစီအစဉ်မန်နေဂျာ Dr. Dhrupad Choudhury က အမှာစကားဆက်လက်ပြောကြားပြီး ICIMOD မှ Ms. Marjorie van Strein က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ကြေးမုံ**

## သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ကာကွယ်ထိန်းသိမ်းထားသော သစ်တောဧရိယာများအား ထိန်းသိမ်းရန်သာမက ဒေသခံပြည်သူများအတွက် အလုပ် . . .


### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကချင်ပြည်နယ်၊ မချမ်းဘော့-ဖရုခ-နောင်မွန်လမ်းပေါ်ရှိ တံတားအမှတ်(၁/၁)၊ မလိခတံတား(မချမ်းဘော့)တွင် အသုံးပြုရန်အတွက် Main Cable ကြိုးနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၅-၆-၂၀၁၅ ရက်
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်၊အချိန် - ၃၀-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့်ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၄၆၅**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
### လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
### (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်း သုံးပုံစံတစ်မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၂-၅-၂၀၁၅ ရက်မှစ၍ ၅-၆-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေး ဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင် တိတိ) ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၅-၆-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်း လွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

### ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာ
### သိမ်ကျောင်းအလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ကျုံမငေးမြို့စက်ရုံဓမ္မရိပ်သာအတွင်း၌အများကောင်းမှုဖြင့် "သာသနဇောတိက" သိမ်ကျောင်းတော်ကြီးကို ဆောက်လုပ်ခဲ့ရာ အောင်မြင်ပြီးစီးပြီဖြစ်၍ "ကျောင်းလှူဒါနချမ်းသာရ"သိမ်ကျောင်းရေစက်ချ တရားတော်မြတ်များကို အောက်ပါဓမ္မသဘင်အစီအစဉ်များအတိုင်း အတူတကွနာယူလိုသောကြောင့် သိမ်ကျောင်းအလှူရှင်များနှင့်ဓမ္မမိတ်ဆွေ များတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဓမ္မသဘင်အစီအစဉ်များ**

၁၃၇၇ခု နယုန်လဆန်း (၈)ရက် (၂၅.၅.၂၀၁၅)တနင်္လာနေ့ ည(၇း၃၀)နာရီ
ကျုံမငေးမြို့၊ ဇေတဝန်ရွှေကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ
၁၃၇၇ခု နယုန်လဆန်း (၉)ရက် (၂၆.၅.၂၀၁၅)အင်္ဂါနေ့ ည(၇း၃၀)နာရီ
ကျုံမငေးမြို့၊ စက်ရုံဓမ္မရိပ်သာ ဓမ္မကထိက ဘဒ္ဒန္တဝိဂတ
၁၃၇၇ခု နယုန်လဆန်း (၁၀)ရက် (၂၇.၅.၂၀၁၅)ဗုဒ္ဓဟူးနေ့ ည(၇း၃၀)နာရီ
ဝါးခယ်မမြို့၊ ရွာလယ်ကျောင်းသစ် ပရိယတ္တိစာသင်တိုက်ဦးစီးပဓါနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဓမ္မသာမိ
၁၃၇၇ခု နယုန်လဆန်း (၁၁)ရက် (၂၈.၅.၂၀၁၅)ကြာသပတေးနေ့ နံနက်(၉း၃၀)နာရီ
ကျုံမငေးမြို့၊ စက်ရုံဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနမှ "ကျောင်းလှူဒါန ချမ်းသာရ"တရားတော်ချီးမြှင့်ပါမည်။

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-
မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရန်ပစ္စည်းများ- Fire Extinguisher (3)Items, Flexible Hose Pipe(23)Nos, Sewing Head (1)Set
(ခ) ကုန်ကြမ်းပစ္စည်းများ - (4½"x6½") Plastic Bag (10000)Lb, Candle Wick(5500)Viss
(ဂ) စက်ဆီ/ ချောဆီ - Ultra Coolant Oil (400)Liter
နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ - Propylene Dichloride (PDC)(74) Kg
၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက်-၂၇-၅-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်/အချိန်-၂၆-၆-၂၀၁၅ရက်၊ ၁၂း၀၀နာရီ
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၀၉၃**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### မွန်ပြည်နယ်၊ မော်လမြိုင်မြို့
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် (၁၁)ကေဗွီဓာတ်အားလိုင်းအသစ်များ သွယ်တန်းခြင်း၊ (၁၁/၀. ၄) ကေဗွီ ဓာတ်အားခွဲရုံအသစ်များ တည်ဆောက်ခြင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်းသစ်များ တည်ဆောက်ခြင်း၊ စံမမီဓာတ်အားလိုင်းများအား ကွန်ကရစ်တိုင်၊ သံလက်တန်းနှင့် ကြိုးများလဲလှယ်ခြင်းလုပ်ငန်းများတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသည်။

တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၁-၆-၂၀၁၅ရက်မှ ၁၅-၆-၂၀၁၅ရက်၊ ၁၆း၀၀နာရီအထိ
တင်ဒါသွင်းရမည့်ရက် - ၁၅-၆-၂၀၁၅ရက်မှ ၁၅-၇-၂၀၁၅ရက်အထိ
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**ဖုန်းနံပါတ်-၀၅၇-၂၄၂၂၄၊ ၀၉-၈၇၂၅၅၇၁၊ ၀၉-၈၇၂၅၅၇၂၊ ၀၉-၃၆၁၁၉၈၂၈**

### N-Car Company မှ
### အောက်ပါဝန်ထမ်းများ အလိုရှိသည်

1. Sales and Marketing (မ-၂ဦး)
2. ကိုရီးယားစကားပြန် (ကျား/မ-၂ဦး)
3. ကိုရီးယားကားစက်ပြင် (ကျား-၅ဦး)
4. အင်္ဂလိပ်/ကိုရီးယား(မြန်မာစာသင်ကြားရန်) (ဆရာမ-၁ဦး)

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Form နှင့်တကွ လာလျှောက်ရန်။
အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူဦးစားပေးမည်။
ဆက်သွယ်ရန်ဖုန်း-09-250869601, 09-401604282
လိပ်စာ- အမှတ်(၈)၊ အေဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊ မင်္ဂလာဒုံ။

# လူကုန်ကူးခံရသူအမျိုးသမီးနှစ်ဦး နေရပ်သို့ ပြန်လည်ရောက်ရှိ၊ ကျန်နှစ်ဦးအား ကယ်ဆယ်နိုင်ရေးဆက်လက်ဆောင်ရွက်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အမှတ်(၁၂) ရပ်ကွက်အတွင်း နေထိုင်ကြသော အမျိုးသမီးလေးဦးကို တစ်ရပ်ကွက်တည်းနေ အမျိုးသမီးတစ်ဦးက ယုံကြည်အောင် မက်လုံးပေးပြောဆိုပြီး လူကုန်ကူးပွဲစားတချို့နှင့် ပူးပေါင်းဆက်သွယ်ကာ ထိုင်း-မြန်မာ နယ်စပ်ရှိ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူတို့ထံ ပို့ဆောင်ရောင်းစားမှု တစ်ခု ယခုလအတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေထိုင်သူ အမျိုးသမီးလေးဦးကို တစ်ရပ်ကွက်တည်းနေ မသင်းသင်းဆိုသည့် အမျိုးသမီးက တစ်ဖက်နိုင်ငံတွင် အလုပ်အကိုင်ကောင်းကြောင်း တစ်နှစ်၊ နှစ်နှစ်ခန့်အလုပ်လုပ်ကိုင်လိုက်လျှင် အစစအရာရာ အဆင်ပြေစေနိုင်ကြောင်း ယုံကြည်အောင် လှည့်စားပြောဆိုပြီး တစ်ဖက်နိုင်ငံနှင့် အဆက်အသွယ်ရှိသည့် လှိုင်သာယာမြို့နယ် အမှတ်(၁၈) ရပ်ကွက်နေသူ မစန္ဒာထံသို့ အခကြေးငွေယူကာ လွှဲပြောင်းအပ်နှံပေးထားခဲ့သည်။

မသိနားမလည်သည့် မိန်းကလေးငယ်အပါအဝင် အမျိုးသမီးလေးဦးကို မစန္ဒာဆိုသူက အောင်မင်္ဂလာအဝေးပြေးဝင်းမှတစ်ဆင့် သံဖြူဇရပ်မြို့နယ်သို့ ကိုယ်တိုင်လိုက်လံပို့ဆောင်ပေးခဲ့ရာ အဆင်သင့်စောင့်ဆိုင်းနေသော အမည်မသိ အသက် ၅၀ ခန့် အမျိုးသားက လာရောက်ကြိုဆိုခေါ်ယူသွားခဲ့သည်။ မစန္ဒာဆိုသူ အမျိုးသမီးသည် သံဖြူဇရပ်မှ ၎င်းနေထိုင်ရာ ရန်ကုန်မြို့သို့ ပြန်လည်နေထိုင်နေခဲ့စဉ် လူကုန်ကူးပို့ဆောင်ပေးထားခံခဲ့ရသော အမျိုးသမီး လေးဦးတို့သည် ဒေသခံလူကုန်ကူးပွဲစားမှတစ်ဆင့် ထိုင်း-မြန်မာ နယ်စပ် ဘုရားသုံးဆူကျေးရွာနေ ကိုမျိုးလေး၊ မခိုင် (ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်) နေအိမ်သို့ ရောက်ရှိသွားခဲ့ရာ မေ ၁၄ ရက်မှစတင်ကာ လိမ်လည်လှည့်ဖြား လူကုန်ကူးခံခဲ့ရသည်။

လှိုင်သာယာမြို့နယ်နေ ယင်းအမျိုးသမီးလေးဦးတို့သည် မေ ၁၅ ရက် ည ၁၁ နာရီခန့်တွင် ထွက်ပြေးခဲ့ကြရာကိုမျိုးလေးနှင့်အဖွဲ့က ယင်းတို့ ထဲမှ နှစ်ဦးကိုပြန်လည်ဖမ်းဆီးရမိသွားခဲ့ပြီး ကျန်နှစ်ဦးသည်အဆိုပါနေရာမှထွက်ပြေးလွတ်မြောက်လာခဲ့ပြီး ပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ အကူအညီကို ရယူကာ လှိုင်သာယာမြို့နယ်ရှိ နေအိမ်သို့ မေ ၁၇ ရက်တွင် ပြန်လည်ရောက်ရှိလာခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍အမှတ် (၆) လူကုန်ကူးမှု ကာကွယ်တားဆီးရေးတပ်ဖွဲ့စု (ရန်ကုန်) မှ ဒုရဲအုပ်ဝင်းနိုင်ကတရားလိုပြုလုပ်ကာ အဓိက တရားခံများဖြစ်သည့်မစန္ဒာနှင့် မသင်းသင်းတို့နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေ ရဲစခန်းသို့ အမှုဖွင့်လှစ်တိုင်ကြားခဲ့သည်။

ယင်းတိုင်ကြားမှုအရ စခန်းမှူးရဲအုပ် ချစ်ကိုကိုက (ပ)၃၆၄/၁၅ လူကုန်ကူးမှုကာကွယ်တာဆီးရေးပုဒ်မ ၂၄/၃၂ ဖြင့်အမှုဖွင့်ကာ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သော တရားခံများ အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးနှင့် တစ်ဖက်နိုင်ငံတွင် ကျန်ရှိနေသော အမျိုးသမီးငယ်နှစ်ဦးအား ပြန်လည်ကယ်ဆယ်နိုင်ရန် လူကုန်ကူးမှု ကာကွယ်တားဆီးနှိမ်နင်းရေးဘားအံ၊ မြဝတီမြို့ရှိ နယ်မြေခံတပ်ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်နေသည်ဟု သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# မြင်းမူမြို့နယ် ပုလဲတန်ကျေးရွာတွင် ရေတိုင်စနစ်ဖြင့် ရေများစတင်ဖြန့်ဝေပေး

**မြင်းမူ မေ ၂၃**



စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပုလဲတန်ကျေးရွာတွင် ဧရာဝတီမြစ်အတွင်းမှ မြစ်ရေကို ရေတင်စက်ဖြင့် တင်ပြီး ကျေးရွာအတွင်း ရေတိုင်စနစ်ဖြင့် ရေများ စတင်ဖြန့်ဝေပေးသည့်အတွက် မြစ်ရေများကို ဖူလုံစွာရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်နှင့် (၄)မိုင်ခန့် ဝေးကွာသော ပုလဲတန်ကျေးရွာသည် ယခင်က သောက်ရေ၊ သုံးရေ ခက်ခဲခဲ့သော်လည်း ယခုအခါ ဧရာဝတီမြစ်အတွင်းမှ မြစ်ရေကို (၁၀)ကီလိုလျှပ်စစ်မော်တာနှင့် နှစ်လက်မ ရေပိုက်များဖြင့် ကျေးရွာအတွင်းရှိ အလျား ၁၂ ပေ၊ အနံရှစ်ပေရှိ ရေကန်ကြီးသို့ နေ့စဉ် တင်ပေးလျက်ရှိပြီး ရေကန်အတွင်းမှ ရေကို ရေတိုင်စနစ်ဖြင့် ဖြန့်ဝေပေးခြင်းဖြစ်သည်။

"အရင်က နွေပိုင်းမှာ ရေ အခက်အခဲရှိခဲ့ပါတယ်။ အခု ဧရာဝတီမြစ်ရေကို ကျေးရွာအရောက် ရေရရှိအောင် အလှူရှင်က အကုန်ကျခံ လှူဒါန်းပေးခဲ့ပါတယ်။ အဲဒီမြစ်ရေကို ရေကန်ထဲမှာ သိုလှောင်ပြီးတော့ ကျေးရွာအတွင်းက အိမ်တွေဆီအရောက် ရေတိုင်များနဲ့ ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျေးရွာအတွင်းမှာ မီးသတ်ရေတိုင် (၁၅)တိုင်ကိုပါ စီစဉ်ထားရှိထားပါတယ်။ အခုဆိုရင် ကျွန်တော်တို့ရွာမှာ လျှပ်စစ်မီးလည်း ရှိနေပြီ။ ရေလည်း ဖူလုံအောင် ရရှိနေလို့ ကျေးရွာပြည်သူများအားလုံး အဆင်ပြေနေကြပါပြီ" ဟု ပုလဲတန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဆွေက ပြောသည်။

ဧရာဝတီမြစ်မှ ကျေးရွာအရောက် ရေရရှိရေးအတွက် ရန်ကုန်မြို့မှ အလှူရှင် ဦးရန်မိုးလျှန်+ဒေါ်လီကျူရှန်း၊ မိသားစုက အကုန်အကျခံ လှူဒါန်းပေးခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ပုလဲတန်ကျေးရွာတွင် အိမ်ခြေ ၁၈၈ အိမ်အနက်မှ အိမ်ခြေ ၁၈၀ အိမ်သို့ ရေတိုင်စနစ်ဖြင့် ရေများ ပို့လွှတ်ဖြန့်ဝေနေပြီဖြစ်ရာ ကျေးရွာပြည်သူများအတွက် သောက်ရေ၊ သုံးရေနှင့် တိရစ္ဆာန် သုံးရေများ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆင့်ပွားသင်တန်း တိုက်ကြီးမြို့၌ဖွင့်လှစ်

**တိုက်ကြီး မေ ၂၃**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မေ ၁၈ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်း၊ သင်တန်းနည်းပြများအဖြစ် တိုက်ကြီးမြို့မ ရဲစခန်းမှူး ဒုရဲမှူးကျော်ကျော်ခိုင်၊ ဥက္ကံနယ်မြေရဲစခန်းမှူး ရဲအုပ်စိုးဝင်း၊ အဖျောက်နယ်မြေရဲစခန်းမှူးရဲအုပ်သန်းဦး၊ ဖိုးခေါင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်ဆန်းလင်း၊ ကတိုင်စိန်ရဲကင်းစခန်းမှူး ရဲအုပ်မျိုးဇော်ဦးတို့တက်ရောက်ခဲ့ပြီး သင်တန်းသားအရာရှိနှစ်ဦး၊ အခြား အဆင့် ၄၈ ဦးပေါင်း ၅၀ ဦး တက်ရောက်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ သင်တန်းအဖွင့်အမှာစကားပြောကြားခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**


## ဝန်ထမ်းအလိုရှိသည်။

Office Staff ကျား/မ (၂)ဦး
- အသက်(၂၀ မှ ၃၀)နှစ်၊ ဘွဲ့ရ၊ Word,Excel ကျွမ်းကျင်၊
  လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်

Driver(ကျွမ်းကျင်) ကျား(၃)ဦး
- အသက်(၂၅ မှ ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ် ၊

အထွေထွေဝန်ထမ်း ကျား(၁၀)ဦး
- အသက်(၂၀ မှ ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်

အမှတ်(၄၅)၊သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း - ၀၉-၇၃၀၂၇၇၃၃



## Myanmar Nissenken Co.,Ltd
## Japanese Language အရည်အချင်းရှိသူ အမြန်အလိုရှိသည်။

No.343, ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ **Ph No:09-253528387, 09-253528389**

ကျား၊ မ (၅)ဦး

အထည်ချုပ် အတွေ့အကြုံရှိသူ၊ Accounting အတွေ့အကြုံရှိသူနှင့် ၎င်းအတွေ့အကြုံမရှိသော်လည်း Japan စာ အရည်အချင်းရှိသူ အလိုရှိပါသည်။
ခန့်မှန်းလစာ-၃သိန်းမှ ၆ သိန်းအထိ (မိမိအရည်အချင်းပေါ် မူတည်သည်။)
လျှောက်ထားလိုသူများသည် ဖုန်းဖြင့်အရင်ဆက်သွယ်ရန်နှင့် လျှောက်ထားမည့်သူပေါ် မူတည်ပြီး အင်တာဗျူးရက်ကို သတ်မှတ်ပါမည်။



## လုံးချင်းတိုက်အမြန်ငှားမည်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဗဟိုဘဏ်အနီး၊ ရတနာသိဒ္ဓိရပ်ကွက်၊ ရာဇသင်္ဂဟအိမ်ရာ အပိုင်း (၂)တွင် တည်ရှိသော 1 RC လုံးချင်းအမြန်ငှားမည်။ ခြံအကျယ် ပေ(၁၅၀×၁၅၀) ပတ်လည် (4MB အိပ်ခန်း၊ 6AC, FTTH အင်တာနက်လိုင်းနှင့် ကြိုးဖုန်း တစ်လုံး) အဆင့်မြင့်ပြင်ဆင်ပြီး၊ ပရိဘောဂအပြည့်အစုံ၊ ဆိတ်ငြိမ်ရပ်ကွက်လည်း ဖြစ်ပါသည်။
(နိုင်ငံခြားသားများအတွက် အထူးသင့်လျော်ပါသည်။)
မှတ်ချက် - နှစ်ရှည်ငှားရမ်းမည့်သူ ဦးစားပေးမည်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၂၅၀၅၀၆၀၆၀၊ ၀၉-၃၃၄၉၀၀၀၇



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော Relay, Transformer Accessories and Security Light များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၂-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - ၁၉-၆-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၄း၀၀ နာရီ |

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



## Bright-Star Education Centre
## BEC INTERNATIONAL

- KG မှ Grade XI ထိ
- ကျောင်းစဖွင့်မည့်ရက် ၂၅-၅-၂၀၁၅ ရက်(တနင်္လာနေ့)
- မူကြိုကို လစဉ်လက်ခံသင်ကြားပေးပါသည်။
- ကျောင်းသားသစ်များ လက်ခံနေပါပြီ။

**BEC(1)** အမှတ် ၈၇၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၇၇၄၂၊ ၀၉-၂၅၄၂၅၅၅၅၄
**BEC(2)** အမှတ် ၃၃(က)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၉၀၅၁၊ ၀၉-၅၁၄၈၂၅၄
**BEC(3)** အမှတ် ၁၆၃/၁၆၅၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၄၉၇၇၊ ၀၉-၅၁၄၈၂၅၄



## အမြန်ရောင်းမည်

ကိုယ်ပိုင်အမှတ်တံဆိပ်ရှိ ကျား/မ အဝတ်အထည်များ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချနေသော စက်ရုံ(ယခုလက်ရှိ လည်ပတ်လုပ်ကိုင်နေသည်။)အား သင့်တင့်သော ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။
(စာရွက်စာတမ်း၊ စက်ပစ္စည်း၊ အထည်အလိပ်၊ ဈေးကွက်၊ ဝန်ထမ်း)အားလုံး အသင့်လုပ်ကိုင်နိုင်သည်။

**Ph:09799344065, 09255903390**



23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ပဲအမျိုးမျိုး၊ ကဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၁၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆


## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၇**

ကွယ်လွန်သူ ဒေါ်ခင်စန်းဝေ(ခ)သီလရှင်ဒေါ်စန္ဒမာလာ၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဒေါ်တင်တင်နွယ် လျှောက်သူ

အမှတ်(၇၆၄)၊ ကုက္ကိုတန်း၊ (၉)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးနေ ဒေါ်တင်တင်နွယ်က ကွယ်လွန်သူ ဒေါ်ခင်စန်းဝေ(ခ)သီလရှင်ဒေါ်စန္ဒမာလာ၏ အစ်မအရင်းဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဒေါ်ခင်စန်းဝေ(ခ)သီလရှင်ဒေါ်စန္ဒမာလာမှာ ကျန်ရှိရစ်သော မြန်မာ့စီးပွားရေးဘဏ်ခွဲ(လှည်းကူးမြို့)ရှိ စုဆောင်းငွေများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်စန်းဝေ(ခ)သီလရှင်ဒေါ်စန္ဒမာလာမှာ ကျန်ရစ်သောဘဏ်စုဆောင်းငွေများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ်၊ ဇွန်လ ၂ရက် (၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော် ၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ၏လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ်၊ မေလ ၇ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မောင်မြင့်)**
**ဒု-ခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

ဆောင်းပါး

# ကျွန်တော်ထောင်းမိသော 'ပေါင်' များ

à ဒေါက်တာငွေးအောင်

ဒီတစ်ပတ်လည်း ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရဦးမှာပါ။ လူနာရယ်လို့ ဖြစ်လာရင် ဆရာဝန်ဆိုတာနဲ့ တွေ့ကြရပြီး၊ တွေ့တုန်း ဆုံတုန်းမှာ ဘယ်လိုအဆင်မပြေတာ၊ ကျွန်တော်တို့ ဆရာဝန်တွေဘက်က ဘာတွေလို နေတတ်တာတွေကို တင်ပြချင်လို့ပါ။

ကိုယ်တွေ့လို့ ပြောရမှာပါ။ ကိုယ်တိုင် ဝေဒနာတစ်ခုကို ခံစားခဲ့ရပါတယ်။ အဲဒီအတွက် အထူးကုဆရာဝန်ကြီးတစ်ယောက်နဲ့ ပြင်ပဆေးရုံကြီးတစ်ခုမှာ သွားပြခဲ့ပါတယ်။ တချို့ဗေဒင်ဆရာတွေကို မေးရသလိုပါဘဲ။ စကားနှစ်ခွန်းတိတိပြောပြီး ပြန်ထွက်ခဲ့ရပါတယ်။ စမ်းသပ်မှုတစ်ခု လုပ်ခိုင်းပါတယ်။ ပြီးမှပြန်ပြပါတဲ့။ စမ်းသပ်မှုအဖြေရရင်တော့ သေသေချာချာ ပြောခွင့်၊ ဆွေးနွေးခွင့်ရမယ် ထင်ခဲ့ပါတယ်။ ဒါပေမယ့် စမ်းသပ်မှုလုပ်ပြီး နေ့ချင်းပြန်ပြချိန်မှာ စကားသုံးခွန်းပဲ ပြောခွင့်၊ ကြားခွင့် ရခဲ့ပြန်ပါတယ်။

အဲဒီဆရာဝန်ကြီး အဓိကပြောတာကတော့ ရောဂါရဲ့သဘောက မီးချောင်းသက်တမ်းကုန်လို့ ကျွမ်းသလိုပါပဲတဲ့။ မီးချောင်းကျွမ်းရင် ဘာလုပ်လို့ရသလဲ။ ပြန်တောင်မေးလိုက်ပါသေးတယ်။ မီးချောင်းလို အသစ်အစားဝယ်ထည့်လို့ မရတဲ့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းကရောဂါမို့ ဒီအတိုင်းပဲနေတော့ဆိုတဲ့ သဘောပါပဲ။ စိတ်ဓာတ်ကျစရာပါ။ အဲဒါနဲ့ပဲ စိတ်ဓာတ်ကျကျနဲ့ အဝေးမှာရှိနေတဲ့ သူငယ်ချင်းပါရဂူကို အင်တာနက်တွေ၊ အီးမေးလ်တွေ၊ တယ်လီဖုန်းတွေအားကိုးနဲ့ လှမ်းပြီး တိုင်ပင်ရပါတယ်။ အကူအညီတောင်း ရပါတယ်။ သူ့ရဲ့လမ်းညွှန်မှု၊ အကြံဉာဏ် ပေးမှုတွေနဲ့ပဲ ဟိုအရင်ဆရာကြီးပြောခဲ့တဲ့ မီးချောင်းအကျွမ်းဟာ လေးပုံသုံးပုံလောက် နီးနီး ပြန်လင်းလာခဲ့ပါပြီ။ ဒီနေရာမှာ လူနာက ဆရာဝန်ကိုယ်တိုင် ဖြစ်နေလို့၊ သူငယ်ချင်း ပါရဂူကလည်း ဆက်သွယ်လို့ရလို့ပါ။ တခြားသူတွေသာဆိုရင် စိတ်ဓာတ်ကျပြီး မီးချောင်း အကျွမ်းကြီးနဲ့ ဒီအတိုင်း တစ်သက်လုံး နေသွားရမလားပါပဲ။

သူငယ်ချင်းပါရဂူက ရှင်းပြတာက ဒီရောဂါလက္ခဏာတွေက ဆရာကြီးပြောသလို မီးချောင်းကျွမ်းတာမျိုး၊ လွယ်လွယ်ပြောရရင် အိုနာရောဂါ ဖြစ်နိုင်သလို တခြားအကြောင်းတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်တဲ့။ ကံသေကံမ ဒါ့ကြောင့် ဒါဖြစ်တယ်လို့ မပြောနိုင်ရင် တခြားဖြစ်နိုင်တာတွေကိုလည်း ဖြစ်နိုင်ခြေအလိုက် ရှင်းပြသင့်ပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့အထဲမှာ အိုနာကိစ္စ အပြင် အရေးကြီးတဲ့ အကျိတ်အဖုကိစ္စ၊ ဆေးကုရင် ပြန်ကောင်းဖို့ အလားအလာကောင်းတဲ့ ပိုးဝင်တဲ့ ကိစ္စတွေပါဝင်နေလို့ပါ။

အဲဒီဆရာကြီးက ဖြစ်နိုင်ခြေတွေကို မသိဘဲ ရောဂါနာမည်တတ်မှားတာလား။ ကျွန်တော်တော့ မထင်ပါဘူး။ ပါမောက္ခကြီးတစ်ဦးအနေနဲ့၊ သက်ကြီးဝါကြီး၊ နာမည်ကြီး ဆရာဝန်ကြီးတစ်ယောက်အနေနဲ့ ဒီရောဂါလက္ခဏာတွေအတွက် ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းအရင်းတွေ အများကြီးရှိတယ်ဆိုတာ သိမှာပါ။ ပါမောက္ခကြီး၊ သက်ကြီးဝါကြီး၊ နာမည်ကြီး ဆရာဝန်ကြီးတစ်ယောက် ဖြစ်နေလို့ကို အခုလိုဖြစ်ခဲ့တာလို့ ကျွန်တော်တော့ ထင်ပါတယ်။ အဲဒီနေ့က ကျွန်တော့် တိုကင်နံပါတ်က (၂၆)ပါ။ နောက်မှာလည်း လူနာတွေရှိသေးတယ်။ ဒီတော့ လူနာတစ်ယောက်စီကို အချိန်တိုတိုအတွင်း ပြီးအောင်ကြည့်နိုင်ဖို့က နဲနဲမေး၊ နဲနဲပြောတဲ့ စနစ်ကျင့်သုံးမှ ရမှာပေါ့။ တခြားနာမည်မကြီးတဲ့ ဆရာဝန်တွေဆိုရင်တော့ ဒီထက်ပို အချိန်ပေးနိုင်မှာပါ။

ကျွန်တော့်ကိစ္စမှာဆိုရင် ဖြစ်ခဲ့တာက ရုတ်တရက်ကြီး။ အဲဒါကို အိုနာလို့ ပြောတာကတော့ နဲနဲလွဲနေသလားလို့ပါ။ ရုတ်တရက်ဖြစ်ခဲ့တာပါဆိုတာကို ပြန်ဆွေးနွေးဖို့ ကြိုးစားသေးပေမယ့် အိုနာကိစ္စ ပြောပြီးတာနဲ့ (သူ့အပြော မီးချောင်းကျွမ်းပြီးတာနဲ့) စမ်းသပ်ခန်းထဲကို ရောက်နှင့်နေပြီဖြစ်တဲ့ နောက်လူနာကို စကားလှမ်းပြောနေပြီမို့ အခွင့်မသာခဲ့ပါဘူး။ ဆရာကြီးရဲ့ ကုသချက်ကြောင့် မသေပေမယ့် မပျောက်ခဲ့ပါဘူး။ မသေမပျောက် ကုသပေးတာကိုပဲ ကျေးဇူးတင်ရမယ်ထင်ပါတယ်။

ဒါမျိုးကိစ္စက အဲဒီဆရာဝန်ကြီး တစ်ယောက်ထဲမှာပဲ ဖြစ်နေတာလားဆိုတော့ မဟုတ်ပါဘူး။ လူနာစမ်းသပ်ခန်းထဲကို လူနာငါးယောက် တစ်ပြိုင်တည်းထည့်ပြီး ပတ်ဆရာပတ်တီးသလို ဆေးကုပေးနေတဲ့ ဆရာဝန်ကြီးတွေ၊ ရှေ့တစ်ယောက် စမ်းသပ်နေတုန်းမှာ နောက်တစ်ယောက်ကို အကျီချွတ်ထားနှင့်လို့ လေအေးစက်ဒဏ်ကို ကြုံခံထားရတာ၊ ကိုယ့်ရဲ့ မမြင်အပ်ရာတဲ့ နေရာတွေကို တခြားလူနာတွေ၊ လူနာရှင်တွေပါ ပြနေရတာတွေလည်း ရှိနေတတ်ပါတယ်။

ဒီကိစ္စတွေကို မိတ်ဆွေတစ်ယောက်ကို ပြောပြတော့ သူ့ကိုယ်တွေ့ သူ့သားကိစ္စကို ရင်ဖွင့်လာပါတယ်။ သူ့သားငယ်ငယ်တုန်းက ခဏခဏဖျားလို့ ကလေးအထူးကုဆရာဝန်ကြီးတစ်ယောက်နဲ့ ပြပါတယ်။ ဆရာဝန်ကြီးက စမ်းသပ်မယ် ဆိုရုံရှိသေးတယ် သူ့အမျိုးသမီးက ဆေးတချို့ထည့်ပြီးနေနှင့်ပြီ။ လူနာရှင်က စကားရှည်ရှည် ပြောတာကိုလည်း ဆရာဝန်ကြီးက လက်မခံပါဘူး။ ဒါနဲ့ နောက်ဆုံး မသက်သာတာနဲ့ ရပ်ကွက်ထဲက GP ဆရာဝန်နဲ့ပြတော့မှ ငယ်ပါမှာ အပေါက်ကျဉ်းနေလို့ ဆီးကျန်ကနေ ပိုးဝင်ပြီး ဖျားခဲ့တာကို ခြေရာခံမိသွားပါတယ်။ ရှူးပေါက်ပြီးတိုင်း လှန်ပြီးဆီးကျန်တွေကို ရေနဲ့ဆေးပေးလိုက်တော့ မဖျားတော့ပါဘူး။ အထူးကုမဟုတ်ပေမယ့် ရောဂါရာဇဝင် သေသေချာချာမေးခဲ့ရင် ရောဂါကို ကောင်းကောင်းကုပေးနိုင်တာကို သက်သေပြတာပါ။

ဆေးတက္ကသိုလ်တွေမှာ သင်ခဲ့တုန်းကလည်း ရောဂါအမည်တပ်နိုင်ဖို့မှာ ရောဂါရာဇဝင်ရဲ့ အရေးပါမှုဟာ ၆၀ ရာခိုင်နှုန်းလောက်ရှိတယ်။ စမ်းသပ်စစ်ဆေးတာက ၃၀ ရာခိုင်နှုန်းလောက် အရေးပါပြီး သွေး၊ သလိပ်၊ စစ်တာ၊ ဓာတ်မှန်ရိုက်တာ စတာတွေက ၁၀ ရာခိုင်နှုန်းလောက် အချိုးယူထားတတ်ပါတယ်လို့ သင်ယူခဲ့ရပါတယ်။ ဆိုလိုတာက ရောဂါရာဇဝင်ကို အသေအချာစစ်မေးခဲ့ရင် မစမ်းသပ်ဘဲနဲ့တောင် လူနာ ၁၀ ယောက်မှာ ခြောက်ယောက်လောက်ကို ရောဂါအမည်တပ်နိုင်ပါတယ်။ ရောဂါရာဇဝင်မေးတဲ့ကိစ္စဟာ အချိန်သာပေးနိုင်လို့ကတော့ ငွေကုန်ကျမှုနည်းနည်းနဲ့ အကျိုးရှိတဲ့ကိစ္စပါ။

ဒါပေမယ့် ဒီနေ့ ကျွန်တော်တို့မြန်မာပြည်ရဲ့ အထူးမကုတဲ့ အထူးကုဆရာဝန်ကြီးတွေ တချို့ဆီမှာက အချိန်ရှားပါးမှုအကြောင်းပြုပြီး ရောဂါရာဇဝင်မေးဖို့ အားနည်းနေတတ်တာကိုတွေ့ရပါတယ်။ ပြတဲ့လူနာရှိသလောက် ကြည့်နိုင်ဖို့က ဒီလိုလုပ်မှ ရမယ်ဆိုရင်လည်း အခုလိုလွတ်သွားတဲ့ ပြဿနာတွေ ရှိနေဦးမှာပါ။ အခုခေတ်ပေါ် ကားတွေပြင်သလို ကွန်ပျူတာနဲ့စစ်ပြီး လူနာကိုကုချင်နေရင်တော့ လွဲလွဲလေးတွေဖြစ်ပြီး ဂျာနယ်တွေ ရေးကောင်းနေဦးမှာပါ။

ရန်ကုန်ဆေးရုံကြီးသာမက တစ်ပြည်လုံးက ဆေးရုံတွေကိုလည်း အဆင့် မြှင့်ကြဖို့ လုပ်ပေးကြပါ။ ဒ့ါအပြင်ဆေးရုံတွေ ထဲက ဆရာဝန်ကြီးတွေရဲ့ စိတ်ထားကိုလည်း မြှင့်ပေးကြဖို့ အစီအမံတွေကိုလည်း လုပ်ပေးကြပါဦးလို့ ကိုယ်တွေ့တစ်ခုအရင်းပြုလို့ မေတ္တာရပ်ခံလိုက်ရပါတယ်။

# အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမှ သင်တန်းသားများ ညောင်တုန်းမြို့သို့လေ့လာ

**ညောင်တုန်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုကျောင်း စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၅)မှ ဒုတိယကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်သူ ဦးဆောင်သော အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ သင်တန်းသား ၁၀၀ တို့သည် မေ ၂၂ ရက် နံနက်က ညောင်တုန်းမြို့သို့ရောက်ရှိလာရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

အဆိုပါသင်တန်းသားများသည် မြို့ပေါ်ရပ်ကွက်(၁)၊ ရပ်ကွက်(၂)၊ ရပ်ကွက်(၈) နှင့်ဆားမလောက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်/ကျေးနှင့်သက်ဆိုင်သော အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ(၄၂)ချက်တို့အား ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံကာ ဆွေးနွေးခဲ့ကြပြီး မြို့ပေါ်ရှိ မိုးဟုတ်စေတီတော်မြတ်၊ ဥသျှစ်လှစေတီတော်၊ အတုမာလရဇိန်ကြေးသွန်းဘုရားကြီးနှင့် နိုင်ငံအေးဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုကြကြောင်းသိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**




FAME
Cholecrush®
For gallstones
သည်းခြေကျောက်ပျော်ဆေး
TMR 010682(0816)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
MilkThistle
Potent Antioxidant for Liver
အသည်းဆေး
TMR 007176 (0716)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

MJC မြန်မာ-ဂျပန်စင်တာ Business Management နှင့် Business Accounting သင်တန်းများဖွင့်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MoC)၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးမှုဗဟိုဌာန (MJC) တွင် စီးပွားရေးစီမံခန့်ခွဲသူများအတွက် "Business Management" သင်တန်းများ နှင့် ကျောင်းသား/ သူများနှင့် လုပ်ငန်းခွင်ဝင်ရန်ပြင်ဆင်နေသူများအတွက် "Business Accounting" သင်တန်းများကို ဇွန်လအတွင်း၌ အောက်ပါအစီအစဉ်အတိုင်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။ Business Management သင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူစကားပြန်များကိုလည်း စီစဉ်ထားပါသည်။

Business Management & Business Accounting Courses (June 2015)

| Subject | Time | Training Period | Language |
|---|---|---|---|
| 1. Human Resources Management (HRM) -1 | 9:00-16:00 | Sat, Sun (6-14 June 2015) | Japanese /Myanmar |
| 2. Human Resources Management (HRM) -2 | 9:00-16:00 | Mon to Thur (8-11 June 2015) | Japanese /Myanmar |
| 3. Business Accounting | 15:00-17:00 | Mon to Fri (1-19 June 2015) | Myanmar |

သင်တန်းကြေး - ၅၀၀၀၀ ကျပ် (HRM 1 & 2)၊ ၃၀၀၀၀ ကျပ် (Business Accounting)
သင်တန်းသားများစတင်လက်ခံနေပြီဖြစ်ပြီးသင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့်ဦးရာလူစနစ်ဖြင့်စာရင်းပေးသွင်းနိုင်ပါသည်။ (သင်တန်းအပ်နှံရာတွင် ဓါတ်ပုံ(၃)ပုံယူဆောင်လာပါရန်)
နေရာ - MJC သင်တန်းခန်းမ၊ ၁၂ ထပ်၊UMFCCI Office Tower
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
**လုပ်ငန်းရှင်များအတွက်အထူးအစီအစဉ်-**
MJC Experts များမှ လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော Tailor Made Program များကိုလည်း Door to Door System ဖြင့် ဆောင်ရွက်ပေးနေပါသည်။
အသေးစိတ်သိလိုပါက- မြန်မာ-ဂျပန်စင်တာ
ဖုန်း - ၀၁- ၂၃၀ ၁၆၆၂၊ ၀၉-၂၅၀ ၁၈၅ ၄၅၅ ၊ ဖက်စ် - ၀၁ ၂၃၀ ၁၆၆၃
Email Address: mjc.businesscourse@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

MH မဟာခိုင်း ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း

ထိုင်း- ဝန်ကောက်-ကမ္ဘောဒီးယား-သီရိလင်္ကာ-ရန်ကုန်နှင့်မန္တလေးမှ အပတ်စဉ်လေကြောင်းခရီးဖြင့် ပို့ပေးပါသည်။

ဝန်ကောက် မြဘုရား၊ ရွှေဘုရား၊ အယုဒ္ဓယ၊ ပတ္တရား၊ ချင်းမိုင်၊ ချင်းရိုင်း၊ မယ်ဆိုင်၊ ရွှေတြိဂံ နကွန်ပထွန်ဘုရားကြီး နှင်းဆီခြံ၊ မိကျောင်းပွဲ၊ ဆင်ပွဲ၊ Dream World ၊ Safari World ၊ ဘုရားဖူး ဈေးဝယ် ဆေးစစ်

သီရိလင်္ကာ ကန္ဒီဗုဒ္ဓမြတ်စွယ်တော် ၊ အနုရာဓပူရမူလစေတီပင် ၊ ကိုလံဘို၊ ကလျာဏီသိမ်၊ ဂါလီရာမ၊ မဟီယင်္ဂဏာ ပေါလောနာရုဝ၊ အာလုဝိဟာရ၊ မဟိန္ဒလေ၊ မဟာစေတီ၊ ထူပါရာမ၊ ကာလုတ္တရ၊ အမျူလလိုက်ဂူ

သီရိလင်္ကာစွယ်တော် နှစ်လ (၅)ရက်

# လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိခြင်း

၂၀၁၅ ခုနှစ်၊ မေလ ၁၁ရက်နှင့် ၁၂ရက်၊ Asia Plaza Hotel တွင် ကျင်းပပြုလုပ်ခဲ့သော First Myanmar Facilitation Conference သို့ တက်ရောက်ချီးမြှင့်သင်ကြားပေးခဲ့ပါသော ဆရာကြီးပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံသို့ လာရောက်ကာ Facilitator များအဖြစ် ချီးမြှင့်သင်ကြားပေးခဲ့ပါသော Dr Douglas Oloughlin, Ms Christine Hogan, Dr Tom Schwarz, Mr Paul Singh Gill, Mr Paul Stuart, Ms Janice Lua, Mr Prabu Naidu, Ms Lim Hong Li တို့အားလည်းကောင်း၊ ညီလာခံကျင်းပနိုင်ရန်အတွက် Main Sponsor အဖြစ် ကူညီပံ့ပိုးပေးခဲ့ပါသော နေကြယ်ဦးကုမ္ပဏီများအုပ်စု၊ Co-Sponsor အဖြစ် ကူညီပံ့ပိုးပေးပါသော မြတ်အိန္ဒြေကုမ္ပဏီများအုပ်စုတို့အားလည်းကောင်း၊ ညီလာခံဖြစ်မြောက်ရေးအတွက် MDP နှင့်အတူ Organiser များအဖြစ် အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသော Facilitation Network Singapore (FNS)နှင့် Capacity Building Initiative(CBI)တို့အားလည်းကောင်း၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆွေးနွေးခဲ့ကြသော နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ Delegate များအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ပြည့်စုံညိမ်း(Organiser of MFC)**
**Managing Director**
**Myanmar Development Professionals**

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နှင့်လားရှိုးမြို့နေ
ဗိုလ်မှူးကြီးကြည်မြင့်[စစ်သံမှူး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)၊ အင်ဒိုနီးရှားနိုင်ငံ]-
ဒေါ်မြင့်မြင့်နိုင်တို့၏ တစ်ဦးတည်းသောသား

**မောင်ဇွဲလတ်နိုင်(ခ)ဇွဲမာန်ကြည်မြင့် B.Sc(Physics)**
**New Step ကြွေပြား၊ ကျောက်ပြားနှင့်အိမ်အလှဆင်ပစ္စည်းရောင်းဝယ်ရေး၊ လားရှိုးမြို့**

နှင့်

ရန်ကုန်မြို့နေ ဦးမိုးမြင့်လွင်-ဒေါ်ခင်စန်းတို့၏သမီးကြီး

**မသဲဖြူလွင် B.Sc(IC)**

တို့သည် ၁၆-၅-၂၀၁၅ ရက်တွင် စိမ်းလန်းစိုပြည်ဂါးဒင်း၌ နှစ်ဖက်သောမိဘများနှင့် ဒေါ်ခင်ခင်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး)တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်ရုံး နှင့် ဆွေမျိုးမိတ်သင်္ဂဟများရှေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

**မောင်ဇွဲလတ်နိုင်-မသဲဖြူလွင်**



စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်သို့ ၁၇-၅-၂၀၁၅ရက်တွင် ပါမောက္ခ ဒေါက်တာမြသိန်းဟန်နှင့် ဦးသုတသန့်စင် ဦးဆောင်မှုဖြင့် Asia Express Company Limitedမိသားစု အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇောတရေ ဦးမောင်မောင်(ဥက္ကဋ္ဌ)နှင့်ဇနီး ဒေါ်သက်သက်ခိုင်(Director)မိသားစု၊ မောင်နှမများက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရွာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ လူနာများအတွက် ကြာဇံကြော်၊ ငှက်ပျောသီး၊ အဝတ်အထည်များနှင့် ငွေကျပ်(၃၈)သိန်းကို လာရောက်လှူဒါန်းကြသဖြင့် ဆေးရုံအုပ်ကြီးမှ ဝမ်းမြောက်ကျေးဇူးတင်စွာ လက်ခံကြပါသည်။

**ဒေါက်တာသန်းသန်းဌေး**
**(ဆေးရုံအုပ်ကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး)**
**ရန်ကုန်တိုင်းဒေသကြီး**

**အမည်ပြောင်း**
ညောင်တုန်းမြို့နယ်၊ စာတိုက်လမ်းနေ ဦးကျော်မြင့်၏သမီး မအေးဝါလွင်[၁၄/ညတန(နိုင်)၀၉၆၃၁၄]အား မမြတ်သင်းခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မမြတ်သင်းခိုင်

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ထက်ဝေယံ[၇/အဖန(နိုင်)၁၀၅၉၃၈]၏ PP No. (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၆၅၉၉၈၅

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ရွှေလမင်း၊ CDC No.36707၏ BST လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၀၂၈၂၀၈



# "CB Bank ၏ Customerများဂုဏ်ယူဝမ်းမြောက်နိုင်ပါကြောင်း"

စီးပွားရေးလုပ်ငန်းရှင်များအတွက်ငွေကြေးလည်ပတ်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန် နှင့်
ငွေကြေးကောက်ခံမှု၊ ငွေပေးချေမှုများအားအချိန်တိုအတွင်းပြီးစီးစေရန်တို့အတွက်
အကောင်းဆုံးဝန်ဆောင်မှုကို ပေးနိုင်ခြင်းတို့ကြောင့်

"The Asset Triple A" မှ ချီးမြှင့်သည့်

## "Best Cash Management Bank in Myanmar 2015"

ဆုကိုချီးမြှင့်ခံရခြင်းနှင့်

နှစ်ပေါင်းကြာရှည်စွာနာမည်ကောင်းဖြင့် အခိုင်အမာရပ်တည်နိုင်မှု၊
ကျယ်ပြန့်သော Branch Network ထားရှိနိုင်မှု နှင့်ဘဏ်မရှိသောအရပ်ဒေသများတွင်
လုပ်သားပြည်သူများငွေကြေးကိစ္စများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ပြီးလုံခြုံစိတ်ချစေရန်
Mobile Banking ဝန်ဆောင်မှုဖြင့်
ငွေကြေးလုပ်ဆောင်ချက်များမှန်ကန်လျင်မြန်စွာဆောင်ရွက်နိုင်မှုတို့ကြောင့်

"Global Finance Magazine" မှ ချီးမြှင့်သည့်

## "Best Emerging Markets Bank in Myanmar 2015 "

ဆုကို(၂) နှစ်ဆက်တိုက်ချီးမြှင့်ခံရခြင်းတို့အတွက်

CB Bank ၏ Customerများအားဂုဏ်ယူဝမ်းမြောက်နိုင်ပါရန်နှင့်နောင်တွင်လည်း
CB Bank ၏ ကောင်းမွန်သော ဝန်ဆောင်မှုများကို ယုံကြည် စိတ်ချစွာဖြင့်
ရေရှည်လက်တွဲဆောင်ရွက်နိုင်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

**CB Bank မိသားစု**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့်

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်သည့် အခမ်းအနားတွင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင် - ပထမဆု)ကို**

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အားလည်းကောင်း၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏"

**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှုအကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို

**"ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အား

လည်းကောင်းဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးထမ်းဆောင်နိုင်ပြီး၊

နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုး တိုး၍ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

AUNG THAMARDI
GOLD & JEWELLERY

ဦးအောင်သန်းဝင်း+ဒေါ်အေးမော်စီ

# ၂၀၁၅ နှစ်ကုန်တွင် ဝယ်ယူသူ လက်ဝယ်သို့ အပ်နှံမည့် AMPS Co.,Ltd. ၏ ကွန်ဒိုမီနီယံများ



## 50th Street Condominium
**@ Botahtaung Tsp.**
12 units, 12 storeyed

ပြီးစီးမှုရာခိုင်နှုန်း – ၇၅ %



## Yae Kyaw Complex
**@ Pazuntaung Tsp.**
9 units, 8 storeyed

ပြီးစီးမှုရာခိုင်နှုန်း – ၆၀ %

ငွေကျပ် သိန်း(၁၀၀၀)ကျော်ဖြင့်
ကွန်ဒိုမီနီယံအခန်းတစ်ခန်းကိုပိုင်ဆိုင်နိုင်မည့်အခွင့်အရေး......



## Aung Chan Thar Condominium
**@ Yankin Tsp.**
8 units, 8 storeyed

ပြီးစီးမှုရာခိုင်နှုန်း – ၅၀ %



## Thitsar Yeik Thar Condominium
**@ Yankin Tsp.**
4 units, 8 storeyed

ပြီးစီးမှုရာခိုင်နှုန်း – ၄၅ %

AMPS

Office: E-1(002),Corner of Thumingalar Road & Eiksarthaya Street, Thumingalar Housing, Thingangyun Township, Yangon.
Tel : 95-1-579076, 564080,09 31304938, 09 450014130, 09 420301853
Fax : 95-1-579076, 564080
Website : www.ampsconstruction.com
Email : amcontractor.mm@gmail.com, marketing@ampsconstruction.com

HOTLINE
09 8601709

# စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






- ရန်ကုန်မြို့တော်၏မြောက်ဘက် အဝိကာဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ် ၊သီရိရတနာလက်လီလက်ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အချာကျသောနေရာ ဖြစ်သည်။




- မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
- ခေတ်မီဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်းဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အအုံတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။




900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

- အဆောက်အအုံတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator systemများ ပါဝင်ပြီး အိမ်ရာဝင်းတစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။
- ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊Convenience Store ပါဝင်သော Clubhouse တစ်ခုနှင့် ကလေးကစားကွင်း၊ လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်ပါမည်။



- (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့်အဆောက်အအုံပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။






(တစ်)ပေပတ်လည်လျှင် ကျပ် ၇၅.၀၀၀ မှစ၍ ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန်- ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၄၅)၊ဘားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။

09-797-332211, 09-797-221133
09-799-332211, 09-799-221133

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း) (ကြည်း-၈၆၁၅)

### အသက်(၈၁)နှစ်

### တပ်မတော်တပ်ထိန်းချုပ်(ပေါက်ခေါင်းမြို့)

ကိုသာညီလွင်(B.E, Electronic) Engineering Manager, ABB Pte.Ltd. Singapore)နှင့် ကိုမိုးအောင်လွင်(B.E, Mechanical) Senior Technical Engineering, Samwoh Corp Pte.,Ltd. Singapore) တို့၏ချစ်လှစွာသောဖခင်ကြီး ကွယ်လွန်သွားသည့်အတွက် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စင်ကာပူမှ ရန်ကုန်စက်မှုတက္ကသိုလ်**
**သူငယ်ချင်းများ**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

SEVEN စံ ဗ်ာ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

တိုက်ခန်းငှားမည်
မြေညီ-၁၀'×၄၀' & ပထမထပ်
၂၀'×၄၀'အနော်ရထာလမ်း၊
၃၃လမ်းထိပ် ၀၉-၅၁၃၇၅၉၄၊

| | | |
|---|---|---|
| ပထမထပ် ထပ်ခိုး | ပထမထပ် ထပ်ခိုး | 6' |
| ပထမထပ် | ပထမထပ် | 8' |
| | မြေညီထပ် ထပ်ခိုး | 6' |
| | မြေညီထပ် | 8' |
| 10' | 10' | |

TAXI ငှားမည်
CNG ဖင်ကောက်၊
နေ့မောင်း၊ တစ်လက်ကိုင်၊
ပုဇွန်တောင်၊
Ph:09-791112201

ယာဉ်မောင်း(၅)ဦး အမြန်
အလိုရှိသည်။
လစာ - ၁၈၀၀၀၀ မှ ၂၀၀၀၀၀
ဆက်သွယ်ရန် -
01 8610253/4, 09 43187145

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းတန်

**အသက်(၅၁)နှစ်**

**ရွှေပြည်သာကုမ္ပဏီ၊ ရွှေသိန်းသန်းကမ္ဘာကုမ္ပဏီနှင့် ဟိုတယ်ရွှေပြည်သာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၉ လမ်း၊ ၂၂×၂၃ လမ်းကြားနေ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၏ခင်ပွန်း၊ ချောင်းဦးမြို့၊ အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရေးရာသက်ပန်အလှူရှင်သည် ၁၇-၅-၂၀၁၅ ရက်(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေဂူကြီးဘုရားဂေါပကအဖွဲ့**
**ချောင်းဦးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းတန်

**အသက်(၅၁)နှစ်**

**ရွှေပြည်သာကုမ္ပဏီ၊ ရွှေသိန်းသန်းကမ္ဘာကုမ္ပဏီနှင့် ဟိုတယ်ရွှေပြည်သာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၉ လမ်း၊ ၂၂×၂၃ လမ်းကြားနေ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၏ခင်ပွန်း၊ ချောင်းဦးမြို့၊ အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရေးရာသက်ပန်အလှူရှင်သည် ၁၇-၅-၂၀၁၅ ရက်(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ**
**မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(ချောင်းဦး)**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသင်းရွှေ(ခ)ဦးဖစု (၇၃)နှစ်

**ထားဝယ်**

ဦးသင်းရွှေ(ခ)ဦးဖစုသည် ၁၉-၅-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြတ်သိန်း-ဒေါ်ကင်ကြည်**
**ဒေါက်တာယုစိန်-ဒေါ်တင်ဇာထိုက်**
**ဒေါက်တာယုယုငွေး(ထားဝယ်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးကျော်ကျော်မိုး(ငြိမ်း)

**အသက်(၄၉)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးကျော်ကျော်မိုးသည် ၂၀-၅-၂၀၁၅(ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၁၅)မှသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

### ဦးသိန်းတန်

**အသက်(၅၁)နှစ်**

**ရွှေသိန်းသန်းကုမ္ပဏီ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၏ ခင်ပွန်း၊ မောင်မိုးမြင့်သာ၊ မဆုပြည့်သာတို့၏ဖခင် ဦးသိန်းတန်သည် ၁၇-၅-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Ywar Taw International Trading Co.,ltd.**
**DAIKIN Air Con မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ရဲမှူးကြီး အောင်ထွန်းထွန်းလွင်

**အသက်(၅၄)နှစ်**

ဆယ်ကျော်သက်ဘဝက သင်တန်းအတူတူ၊ တပ်မတော်မှာ တာဝန်ထမ်းဆောင်စဉ်အတူတူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်အတူတူ၊ တာဝန်ထမ်းဆောင်ရင်း ၁၉-၅-၂၀၁၅ရက် ညတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း၊ မိမိပြုသမျှ ကုသိုလ်ကောင်းမှုအားလုံးကို အမျှပေးဝေပါတယ် သူငယ်ချင်း၊ ဘဝဆက်တိုင်း ငြိမ်းချမ်းပါစေ. . .

**ရဲမှူးကြီး မျိုးသန်း-ဒေါ်လဘန်ဘောက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးကျော်ကျော်မိုး(ငြိမ်း)

## ဝမ်းနည်းကြေကွဲခြင်း

## အထူးဝမ်းနည်းကြေကွဲခြင်း

### ရဲမှူးကြီးအောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၃)**

မင်္ဂလာဒုံ၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)မှ ဗိုလ်မှူး ဒေါ်ခင်အေးနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်စွာထွန်း၊ မမြတ်မြင့်မိုရ်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လရောင်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ အထူးတာဝန်တပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွန်းထွန်းလွင်သည် ၁၉-၅-၂၀၁၅ (အင်္ဂါနေ့)တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ (BUMRUNGRAD)ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၃)၊ ဗိုလ်လောင်းသင်တန်း**
**သူငယ်ချင်းများနှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးကျော်ရှိန်(ခ)ဦးသံလုံး(လောင်းလုံ) အသက်(၇၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်းနှင့် (၁၉)လမ်းထောင့်၊ ရွှေမြန်မာအိမ်ရာ၊ တိုက်အမှတ်(၅၀၄/၅၀၆)၊ အခန်းအမှတ်(အေ/၄)နေ ဦးချိုဝင်း-ဒေါ်ငွေးငွေးနွယ်တို့၏ဖခင် ဦးကျော်ရှိန်(ခ) ဦးသံလုံး(လောင်းလုံ) အသက်(၇၀)သည် ၁၅-၅-၂၀၁၅(သောကြာနေ့)တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Lucky Family Trading Co.,Ltd. နှင့်မိသားစု**
**Lucky Family Enterprise Co.,Ltd. နှင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုဝင်းလွင်ထွန်း (၃၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ တိုက်(၃)၊ အခန်း(၃၀၃)၊ အနော်ရထာအိမ်ရာနေ ဒေါ်ယုထက်အောင် (ဒုတိယဦးစီးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)၏ခင်ပွန်းဖြစ်သူ ကိုဝင်းလွင်ထွန်း အသက်(၃၃)နှစ်သည် ၂၀-၅-၂၀၁၅ ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ရဲမှူးကြီးအောင်ထွန်းထွန်းလွင်(ရဲ-၁၆၂၀) အသက်(၅၄)နှစ်

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

ဗိုလ်မှူးခင်အေးနွယ်၏ခင်ပွန်း၊ မောင်ကျော်စွာထွန်း၊ မမြတ်မြင့်မိုရ် (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လရောင်ထွန်းတို့၏ဖခင် ရဲမှူးကြီး အောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်သည် ၁၉-၅-၂၀၁၅ ရက် ထိုင်းစံတော်ချိန် ၂၂း၀၅ နာရီတွင် ထိုင်းနိုင်ငံ၊ Bumrungrad ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ရဲမှူးကြီး အောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အထူးတာဝန်တပ်ဖွဲ့မှ ရဲမှူးကြီး အောင်ထွန်းထွန်းလွင် (၅၄)နှစ်သည် ၁၉-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးကြီးကျော်ဆွေနှင့် ဇနီး**
**တပ်ဖွဲ့မှူး၊ စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)**

## အထူးကျေးဇူးတင်ရှိခြင်း

### ဦးထွန်းမြင့် (၈၃)နှစ်

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန**

၁၂-၅-၂၀၁၅ ရက် ည ၁၁း၃၅ နာရီတွင် ကွယ်လွန်ခဲ့သည့် ကျေးဇူးရှင်ဖခင်ကြီး မကျန်းမာစဉ် မေတ္တာစေတနာအပြည့်ဖြင့် ပြုစုစောင့်ရှောက်ပေးပါသော အာရှတော်ဝင်ဆေးရုံမှ ပါမောက္ခဒေါက်တာဦးဝင်းနိုင်၊ ပါမောက္ခဒေါက်တာ ဦးတင်လတ်၊ ပါမောက္ခဒေါက်တာ ဦးစိုးအောင်နှင့် အဆောင်(၂)၊ အထပ်(၄)တွင် တာဝန်ကျသော ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလုံးနှင့် ဒေါက်တာမြင့်မြင့်သိန်း("အေး"ဆေးခန်း၊ ရွှေနှင်းဆီလမ်း)တို့အားလည်းကောင်း၊ မကျန်းမာစဉ်နှင့် ကွယ်လွန်ပြီးချိန်တွင် အဘက်ဘက်မှ လိုလေသေးမရှိ မေတ္တာစေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီ ဈာပနပို့ဆောင်ပေးခဲ့ကြပါသော နာရေးကူညီမှုအသင်း(ရန်ကုန်)၊ သစ်တောဦးစီးဌာန၊ CSC Ltd၊ ACP Co.,Ltd၊ Min Dhama Co., Ltd၊ Mottama Holdings Limited၊ Octagon Automobile & Machinery Services Co.,Ltd. တို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးများ၊ သူငယ်ချင်းများ၊ မိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၈၇၀/က၊ မြေကွက်တည်နေရာအမှတ်-၈၇၀/က၊ ရတနာပုံ(၄)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးလှရွှေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို ဦးလှရွှေ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်(၃၉၃၅/၂၀၁၄)ဖြင့် ဦးတင်ထွန်း[၁၂/သကတ(နိုင်)၀၂၄၄၇၄]မှ (ဂရန်)မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်(သကတ/၉-၃၉၀/၉၂)(၂၁-၁-၉၂)ဦးလှရွှေ အမည်ပေါက် နှစ်(၆၀)ဂရန် မြေငှားစာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ကျော်ကျော်မိုး ၂၀-၅-၂၀၁၅(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် မမျှော်လင့်ဘဲ တို့တစ်တွေနဲ့ ရုတ်တရက်ခွဲခွာသွားတဲ့အတွက် မိသားစုနဲ့ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**တေဇ(၁၆)မှ**
**သူငယ်ချင်းများ**

Hot Line No-0930500100

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ အိမ်ရာစီမံကိန်းများအား ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၈

# အတိတ်က မြန်မာ့သမဝါယမ၏ ကောင်းမွေဆိုးမွေကို သင်ခန်းစာယူပြီး အခြေခံပြည်သူများ၏ဘဝ မြင့်တက်လာအောင်၊ တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို



**ရန်ကုန်    မေ    ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။(ဝဲပုံ)

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**

## မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ လှေစီးဒုက္ခသည်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဖြေရှင်းသွားမည်

**နေပြည်တော်    မေ    ၂၃**

မြန်မာနိုင်ငံအနေဖြင့် ရွှေ့ပြောင်းအခြေချသူများ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်များကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားနှင့် ဆောင်ရွက်နေမှုအခြေအနေအား မေ ၁၉ ရက်ထုတ်သတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့ပင်လယ်ပြင်၌ အတိဒုက္ခရောက်သူများအား တွေ့ရှိက ကူညီနိုင်ရန် မြန်မာ့တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့က မိမိပိုင်နက်ရေပြင်အတွင်း ပုံမှန်ကင်းလှည့်ရှာဖွေလျက်ရှိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်းပြီး မေ ၂၃ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန နောက်ချန်ရုံးသို့ ဖိတ်ခေါ်တွေ့ဆုံခဲ့ပြီး မေ ၂၁ ရက်တွင် မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်အနီး ပင်လယ်ပြင်၌ စက်လှေနှစ်စင်းကို တွေ့ရှိခဲ့ကြောင်း၊ မြန်မာ့တပ်မတော်(ရေ)၏ ပုံမှန်ကင်းလှည့်မှုများအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လှေတစ်စင်းတွင် လူ ၂၀၈ ဦးပါပြီး အခြားတစ်စင်းတွင် လူမပါကြောင်း၊ ယခုအခါ ယင်းစက်လှေနှစ်စင်းသည် အငူမော်ရေဆိပ်တွင်ရှိကြောင်း၊ ပါဝင်သည့်လှေစီးဒုက္ခသည်များကို အလယ်သံကျော်ရွာတွင် ယာယီစခန်းဖွင့်လှစ်၍ စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားလိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ထားကြောင်း၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာအာဏာပိုင်များ၏ ပူးတွဲစိစစ်ချက်အရ ဖော်ပြပါလူများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စစ်တွေမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများအနေဖြင့် ဖော်ပြပါပုဂ္ဂိုလ်များအား ကောင်စစ်ဆိုင်ရာတွေ့ဆုံမှုများ သွားရောက်ပြုလုပ်စေလိုကြောင်း၊ ဤအချက်အလက်များကို ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရသို့ တင်ပြ၍ အမြန်ဆုံးဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးကလည်း စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူသည် ရခိုင်ပြည်နယ်အစိုးရ ဝန်ကြီးချုပ်အား သွားရောက်တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုရရှိရေးအတွက် စာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ လှေစီးဒုက္ခသည်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားသက်ရောက်မှုခံရသည့် နိုင်ငံများနည်းတူ အခြားဒေသများမှ ထွက်ခွာလာသော လှေစီးဒုက္ခသည်များကို လူသားချင်းစာနာထောက်ထားမှုအရ ရှာဖွေကယ်ဆယ်ခြင်းနှင့် ယာယီခိုလှုံခွင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

လှေစီးဒုက္ခသည်များကိစ္စကို အတူတကွဝိုင်းဝန်းဖြေရှင်းနိုင်ရန်မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်အတွက် မေ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပြုလုပ်မည့် အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့အား စေလွှတ်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

### ယနေ့ မာတိကာ


စားနပ်ရိက္ခာဖူလုံသည့် အနာဂတ်    စာမျက်နှာ - ၂

စီရိုနယ်လ်ဒိုအတွက် ယူရို ၁၂၅ သန်းဖြင့် ကမ်းလှမ်းရန် ပီအက်စ်ဂျီအသင့်ရှိနေ    စာမျက်နှာ - ၁၃

မိတ္ထီလာမြို့ သီးကုန်း ၂၈၅ မိုင်၌ အရေးပေါ် ရှေးဦးပြုစုခြင်းစခန်း ဆောက်လုပ်မည်    စာမျက်နှာ - ၁၉







themirror.npt@gmail.com www.facebook.com/themirrordaily

The Mirror
SUNDAY SPECIAL
2015 MAY 24, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ပြည်တွင်းရေးရာ

# လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ(Delivery Unit)၏ ပြည်သူ့အခြေပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှုများတင်ပြချက်

လယ်ယာကဏ္ဍ
စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များ

**စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဌာနနှင့် ပုဂ္ဂလိကကဏ္ဍမှ စုစုပေါင်း ၆၆၂ ကီလိုထောင်ပေါင်း ထုတ်လုပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဌာနနှင့် ပုဂ္ဂလိကကဏ္ဍမှ စုစုပေါင်း ၉၇၈ ကီလိုထောင်ပေါင်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဌာနမှ ၂၄၀ ကီလိုထောင်ပေါင်း၊ ပုဂ္ဂလိကကဏ္ဍမှ ၁၄၃၉ ကီလိုထောင်ပေါင်း ထုတ်လုပ်ရန်လျာထားပါသည်။ မိုးစပါးရာသီတွင် ၁၁-၅-၂၀၁၅ ရက်နေ့ထိ ဌာနမှ ၁၀၄ ကီလိုထောင်ပေါင်း၊ ပုဂ္ဂလိကကဏ္ဍမှ ၄၈၄ ကီလိုထောင်ပေါင်း ရိတ်သိမ်းထွက်ရှိခဲ့ပြီး နွေစပါးရိတ်သိမ်းမှုမရှိသေးပါ။

စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၂- ၂၀၁၃ ခုနှစ်တွင် ၆၀၆၄၅ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၀၁၀၆၀ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၂၉၈၅၄ ဧကထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါသည်။

**မျိုးကောင်းမျိုးသန့်စပါး ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

မျိုးကောင်းမျိုးသန့် စပါးထုတ်လုပ်မှုအနေဖြင့် ပြည်ထောင်စုနယ်မြေတွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မျိုးစပါးတင်းပေါင်း ၁၆၇၂၃၂ တင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၄၄၅၉၄ တင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၉၀၁၈ တင်း ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မျိုးစပါးတင်းပေါင်း ၃ ဒသမ ၇ သန်း ဖြန့်ဖြူးနိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၇ ဒသမ ၁ သန်းထိ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုချုပ်အနေဖြင့် ၁၁-၅-၂၀၁၅ ရက်နေ့ထိ မျိုးကောင်းမျိုးသန့် အထွက်တင်းပေါင်း ၇ ဒသမ ၂ သန်းထိ ရိတ်သိမ်းထွက်ရှိပြီးဖြစ်ပါသည်။

မျိုးစပါးဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အကျိုးပြုဧကပေါင်း ၃ ဒသမ ၉ သန်းရှိရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၇ ဒသမ ၁ သန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၇ ဒသမ ၂ သန်းထိ တိုးတက်လာခဲ့ပါသည်။

**စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

စပ်မျိုးနေကြာမျိုးစေ့ကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဌာနမှ ၁၀၂၀ တင်းနှင့် တောင်သူမှ ၁၀၂၈ တင်း စုစုပေါင်း ၂၀၄၈ တင်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဌာနမှ ၇၃၈ တင်းနှင့် တောင်သူမှ ၁၅၃၁ တင်း စုစုပေါင်း ၂၂၆၉ တင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီတွင် စပ်မျိုးနေကြာမျိုးစေ့ထုတ် ၁၈၉ ဧက စိုက်ပျိုးနိုင်မှုအပေါ် ရိတ်သိမ်းဆဲ ၁၈၂ ဧကရှိပြီး အထွက်တင်းမှာ ဌာနမှ ၁၅၀၇ တင်းနှင့် တောင်သူမှ ၆၉၇ တင်း စုစုပေါင်း ၂၂၀၄ ဒသမ ၄၇ တင်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

စပ်မျိုးနေကြာမျိုးစေ့ ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အကျိုးပြုဧကပေါင်း ၁၀၂၄၀ ဧက ရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၁၃၄၅ ဧကထိ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အကျိုးပြုဧကပေါင်း ၁၁၀၂၂ ဧက ရှိခဲ့ပါသည်။ ၂၀၁၄- ၂၀၁၅ ခုနှစ် ဆောင်းရာသီတွင် မျိုးစေ့ထုတ်ဧက ၂၉၁ ဧက ရည်မှန်းချက်အပေါ် ၁၁-၅-၂၀၁၅ ရက်အထိ ၁၅၆ ဧက စိုက်ပျိုးပြီးဖြစ်ပါသည်။

**စပ်မျိုးအစေ့ထုတ်ပြောင်းသီးနှံ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

စပ်မျိုးအစေ့ထုတ်ပြောင်းသီးနှံကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုနယ်မြေတွင် ၉၃ ဧက၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် ဧက ၄၈၈၀ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုနယ်မြေတွင် ၅၃ ဧက၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် ဧက ၄၆၅၀၊ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီတွင် မျိုးစေ့ထုတ်ဧက ၄၀၅၆ စိုက်ပျိုးထုတ်လုပ်၍ ဧက ၄၀၂၂ ရိတ်သိမ်းမှုအပေါ် စုစုပေါင်း ၂၇၂၉၂၁၆ ဒသမ ၅ ကီလို ထွက်ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ် ၁၁-၅-၂၀၁၅ ရက်နေ့ထိ ဆောင်းရာသီ အစေ့ထုတ်ပြောင်း မျိုးစေ့ထုတ် စုစုပေါင်းစိုက်ဧက ၅၆၄ ဧက စိုက်ပျိုးပြီးဖြစ်ပါသည်။ စပ်မျိုးအစေ့ထုတ်ပြောင်းသီးနှံ မျိုးစေ့ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၁၇၉၆၃၂၀ ဧကရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၄၈၅၇၅၀ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီတွင် အကျိုးပြုဧကပေါင်း ၅၅၄၉၁၅ ဧက ရှိခဲ့ပါသည်။

**ပဲမျိုးစုံသီးနှံထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

ပဲမျိုးစုံသီးနှံကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၆၂၅၄ တင်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၆၄၁၂ တင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တင်း ၈၄၉၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ပဲမျိုးစုံသီးနှံဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၂၅၀၁၆ ဧကနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၅၆၄၈ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၈၃၀၆ ဧကထိ တိုးတက်စိုက်ပျိုးခဲ့ပါသည်။


**သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စပါးစိုက်ပျိုးနိုင်မှု**


၂၀၁၄- ၂၀၁၅ ခုနှစ် မိုးစပါးသီးနှံကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP)ဖြင့် စိုက်ပျိုးနိုင်မှုမှာ စုစုပေါင်း စိုက်ဧက ၁၅ ဒသမ ၃၉ သန်း၏ ၄၇ ရာခိုင်နှုန်း (၇ ဒသမ ၂၈ သန်း) ရှိပါသည်။


၂၀၁၄- ၂၀၁၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးစပါးသီးနှံကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်မှုတွင် ဧရာဝတီတိုင်းဒေသကြီးမှာ စိုက်ဧကအများဆုံး ၂ ဒသမ ၀၆ သန်းကျော်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးမှာ ၁ ဒသမ ၈၉ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးသီးနှံကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP)ဖြင့် စိုက်ပျိုးနိုင်မှုမှာ စုစုပေါင်းစိုက်ဧက ၂ ဒသမ ၃၂ သန်း၏ ၃၄ ဒသမ ၀၆ ရာခိုင်နှုန်း (၇ ဒသမ ၉ သိန်း)ကျော် စိုက်ပျိုးထားရှိပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နွေစပါး





## လယ်/ဆည်


သီးနှံကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်မှုတွင် ပဲခူးတိုင်းဒေသကြီးမှာ စိုက်ဧကအများဆုံး ၂ ဒသမ ၅ သိန်းကျော်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ ၁ ဒသမ ၀၃ သိန်းကျော်ဖြင့် ဒုတိယအများဆုံး ဖြစ်ပါသည်။


**တိုင်းဒေသကြီး/ပြည်နယ်အလိုက် စပါးသီးနှံကို သိပ္ပံနည်းကျစိုက်နည်းစနစ်ပညာပေးသင်တန်းပို့ချနိုင်မှု**


၂၀၁၄-၂၀၁၅ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သိပ္ပံနည်းကျစိုက်နည်းစနစ် ပညာပေးသင်တန်းများကို စုစုပေါင်း ၄၁၆၅၅ ကြိမ်ဖြင့် ဝန်ထမ်းနှင့် တောင်သူဦးရေစုစုပေါင်း ၂၁ ဒသမ ၉၅ သိန်းကို သင်တန်းပို့ချနိုင်ခဲ့ပါသည်။

ဆက်လက်ဖော်ပြပါမည်။





# သတိထားရမည့်အဆိပ်ရှိ အိမ်မွေးတိရစ္ဆာန်တစ်မျိုး(သို့မဟုတ်)မျောက်မောင်းမ

ကြီးမားဝိုင်းစက်ပြီး ညို့ခာတ်ရှိသောမျက်လုံးပိုင်ရှင်၊ သနားစဖွယ် ချစ်စဖွယ်နှင့် ဆွဲဆောင်မှုအားကောင်းသော အိမ်မွေးတိရစ္ဆာန်အဖြစ် ယခုအခါ လူသိများထင်ရှားလာသော တောရိုင်းနို့တိုက်သတ္တဝါတစ်မျိုးကို ပြပါဟုဆိုလျှင်တော့ဖြင့် မဆိုင်းမတွပင် မျောက်မောင်းမ (Slow Loris ***Nycticebus coucang***)ကို ပွဲထုတ်ပြသရပါလိမ့်မည်။

ဤကဲ့သို့ နို့တိုက်သတ္တဝါများထဲတွင် အဆင့်အမြင့်ဆုံးသတ္တဝါ(Primate)မျိုးနွယ်ထဲတွင်ပါဝင်သည့် ဤမျောက်မောင်းမကို အများပြည်သူနှင့် အလျင်အမြန်မိတ်ဆက်ပေးလိုသည့်ဆန္ဒကလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ ယခုအခါတွင် ထိုမျောက်မောင်းမများကို ရန်ကုန်မြို့ရှိ အိမ်မွေးတိရစ္ဆာန်ရောင်းချသူအချို့က ဖြန့်ဖြူးရောင်းချရန် ဈေးကွက်ရှာလျက်ရှိကြောင်း မိတ်ဆွေဖြစ်သူ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးထံမှတစ်ဆင့် သိရှိခဲ့ရပါသည်။ သို့ပါ၍ ပြည်သူတို့၏ ကျန်းမာရေးအကျိုးအတွက် ထိုသက်ဆိုင်ရာ အိမ်မွေးတိရစ္ဆာန်များ ရောင်းချသည့် လူမှုရေးကွန်ရက်တစ်ခုတွင် မျောက်မောင်းမများသည် လူတို့အတွက် အန္တရာယ်ရှိပုံကို ဝင်ရောက်ရေးသားခဲ့ရာ ထိုရေးသားချက်မှာ မကြာမီမှာပင် ဖြုတ်ချပျောက်ကွယ်သွားခဲ့ရပါသည်။ သို့ပါ၍ ပြည်သူများအတွက် ကျန်းမာရေးထိခိုက်မှုမဖြစ်ပေါ်စေရေးအတွက် ဤဆောင်းပါးကို ရေးသားတင်ဆက်ရပါသည်။



မျောက်မောင်းမများ။



မျောက်မောင်းမ၏ လက်မောင်းအတွင်းပိုင်းတွင် အဆိပ်အိတ်အားတွေ့မြင်ရပုံ။

မျောက်မောင်းမကိုကြည့်ရသည်မှာ အန္တရာယ်မရှိဟု ထင်ရဟန်ရှိသော်လည်း ကမ္ဘာပေါ်တွင် အဆိပ်ရှိသော နို့တိုက်သတ္တဝါလေးမျိုးထဲတွင်(Primate) မျိုးနွယ်၌ ရှားရှားပါးပါးတစ်မျိုးတည်းသော တောရိုင်းတိရစ္ဆာန်ဖြစ်ပါသည်။ မျောက်မောင်းမတို့၏ အဆိပ်အိတ်သည် တံတောင်ဆစ်အနီးရှိ လက်မောင်းသားတွင်ရှိသော အဆိပ်အိတ်မှ အဆိပ်ရည်ကိုထုတ်လုပ်ပါသည်။ ပို၍ထူးဆန်းဖွယ်ကောင်းသည်မှာ မျောက်မောင်းမသည် မွေးဖွားပြီး ခြောက်ပတ်သားအရွယ်ကပင် ထိုအဆိပ်ရည်ကို ထုတ်လုပ်နိုင်စွမ်းရှိနေခြင်းက ပိုမိုသတိထားကိုင်တွယ်ရန် လိုအပ်သည်ဟု ရိုသားစွာဆိုချင်ပါသည်။ ၎င်းတို့၏ လျှို့ဝှက်ဆန်းကြယ်သော၊ နားလည်ရခက်ခဲသော သဘာဝဓလေ့စရိုက်တို့သည် ၎င်းတို့ကို တရားမဝင် အိမ်မွေးတိရစ္ဆာန်ကုန်သွယ်မှု၌ ထင်ရှားကျော်ကြားစေခဲ့သည်။ သိုသော် ထိုတိရစ္ဆာန်တို့နှင့် မရင်းနှီးမကျွမ်းဝင်သောလူသားတို့သည် ထိုတိရစ္ဆာန်တို့နှင့် ကင်းကွာစွာနေထိုင်သင့်သည်။ ထိုတိရစ္ဆာန်များကို ထိတ်လန့်စေခြင်း၊ ခြောက်လှန့်စေခြင်းခံရသောအခါ ထိုမျောက်မောင်းမသည် လက်မောင်းသားအတွင်းရှိအဆိပ်အိတ်မှ အဆိပ်ရည်ကို ခေါင်းလျှိုကာ ပါးစပ်ဖြင့်စုပ်ယူ၍ တံတွေးဖြင့်ရောနှောပြီး လူကိုကိုက်ခြင်းဖြင့် အကိုက်ခံရသူသည် မျောက်မောင်းမအဆိပ်တက်ခြင်း ဝေဒနာကို ပြင်းပြစွာခံစားရပါသည်။ ထို့ပြင် အဆိပ်ရည်များကိုလည်း ၎င်းကိုယ်ခန္ဓာအမွေးအမှင်များနှင့် ၎င်း၏ကလေးငယ်များကို သုတ်လိမ်းပေးထားခြင်းအားဖြင့် ရန်သူကို ကြိုတင်ကာကွယ်ထားသည်။ သို့ပါ၍ ဤနေရာတွင် ပြည်သူများအနေဖြင့် အထူးဂရုပြုစေလိုသည်မှာ အကိုက်မခံရသော်ငြားလည်း တစ်ခါတစ်ရံကိုင်တွယ်ရုံဖြင့်ပင် အခန့်မသင့်ပါက အဆိပ်ရည်များပေကျံနိုင်သည်ကို သတိပြုသင့်သည်။

ဤနေရာတွင် ပို၍ထူးခြားသည်မှာ အဆိပ်ရည်ကို အစာအတွက် သားကောင်ဖမ်းဆီးရာတွင် အသုံးမပြုဘဲ ရန်သူကိုပြန်လည်တိုက်ခိုက်ရာတွင်သာ အသုံးပြုခြင်း ဖြစ်သည်။ မျောက်မောင်းမသည် ရန်လိုတတ်သော သတ္တဝါမဟုတ်ဘဲ အလွန်တရာမှပင် မခံမရပ်နိုင်အောင် ခြိမ်းခြောက်မှုများနှင့် နာကျင်စေမှုများ၊ ကြမ်းတမ်းစွာဖြင့် အကိုင်အတွယ်ခံရခြင်းများနှင့် ထိပ်တိုက်ရင်ဆိုင်ရသည့်အခါတွင် ကိုက်တတ်သည်။ လူသည် မည်သည့်မျောက်မောင်းမမျိုးစိတ်များ၏အဆိပ်ကိုမဆို အဆိပ်တက်လွယ်သော၊ ထိခိုက်ရှနာလွယ်သော သတ္တဝါ အမျိုးအစားတွင် ပါဝင်သည်။ အကိုက်ခံရပါက ဆိုးရွားစွာနာကျင်ခြင်း၊ နေထိုင်မကောင်းဖြစ်ခြင်း၊ အလွန်ဆိုးရွားသော အကိုက်ခံရမှုမျိုး၌ မူးမေ့လဲကျသွားစေနိုင်ခြင်း၊ အချို့သောအခြေအနေတွင် လူကိုသေဆုံးစေနိုင်ခြင်း၊ ပြင်းထန်စွာယားယံခြင်း၊ အလွန်အမင်းရောင်ကိုင်းလာတတ်ခြင်း၊ အနာကျက်ရန် ကြာရှည်ခြင်း၊ အမာရွတ်ကျန်ခြင်း၊ အနာပိုးဝင်ပြီး ပုပ်သိုးခြင်း၊ သွေးဖိအားကျဆင်းခြင်း၊ မေ့မြောခြင်း၊ အကြောဆွဲခြင်း၊ အသက်ရှူခြင်းနှင့် နှလုံးပိုင်းဆိုင်ရာ ပြဿနာများဖြစ်ပွားလာနိုင်သည့်ပြင် အခြားသော ထိခိုက်မှုများကိုလည်း ယခုထက်တိုင် ရှာဖွေမသိရှိရသေးပါ၍ ပြည်သူလူထုအနေဖြင့် အထူးအလေးထားသင့်ပါသည်။

ဤနေရာတွင် ၎င်းတို့၏အလေ့အထနှင့် သဘာဝကို အနည်းငယ်တင်ပြရလျှင်ဖြင့် ထိုမျောက်မောင်းမတို့သည် သစ်ပင်ပေါ်တွင်နေထိုင်ကျက်စားတတ်ပြီး ညအခါမှသာ အစာရှာဖွေစားသောက်တတ်သော သတ္တဝါ(Nocturnal)များဖြစ်ကြကာ သစ်ပင်ထွက်ပစ္စည်းများနှင့် အင်ဆက်ပိုးမွှားများကို စားသုံးကြသည်။ ၎င်းတို့အတွက် အန္တရာယ်ပေးနိုင်သော သားစွန်ရဲများမှာ စပါးကြီးမြွေများ၊ သိမ်းငှက်များ၊ အော်ရမ်အူတန်များနှင့် အရွယ်အစားတူ အခြားနို့တိုက်သတ္တဝါများ ဖြစ်ကြသည်။ ယခုအခါလူများမှ အိမ်မွေးတိရစ္ဆာန်အဖြစ် မှောင်ခိုဖမ်းဆီးရောင်းဝယ်မှုများကြောင့် ကောင်ရေများ ရှားပါးလာလျက်ရှိသည် ။

သို့ပါ၍ အချုပ်အားဖြင့်တင်ပြရလျှင် မျောက်မောင်းမတို့ကို အပြစ်ကင်းပြီးချစ်စဖွယ် အသွင်သဏ္ဌာန်မြင်ရသော်ငြားလည်း ပြည်သူအများက အထူးသတိထားရမည့် အဆိပ်ရှိ နို့တိုက်သတ္တဝါရယ်ပါ။ တိရစ္ဆာန်များအားချစ်ခင်မြတ်နိုးတတ်သည့်စိတ်ကို လေးစားပါသော်လည်း မိမိနှင့်တကွ ပတ်ဝန်းကျင်ရှိ လူ့အသိုက်အဝန်းအတွင်း ကျန်းမာရေးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် အိမ်မွေးတောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်လာလျှင် အထူးသတိထားဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

ဒေါက်တာ မြင့်သိန်း (B.V.S)

## ပဲခူးခရိုင်အဆင့် စကောကရင် တိုင်းရင်းသားစာပေ သင်ကြားရေးမွမ်းမံသင်တန်း ညောင်လေးပင်မြို့တွင် ဖွင့်လှစ်

**ညောင်လေးပင် မေ ၂၃**

ညောင်လေးပင်မြို့ အထက(၁) ပညာ့ဂုဏ်ရည်ခန်းမတွင် ခရိုင်အဆင့် စကောကရင် တိုင်းရင်းသားစာပေသင်ကြားရေးမွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

သင်တန်းသို့ ပဲခူးခရိုင်အတွင်းရှိ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ဒိုက်ဦး၊ ပဲခူး၊ ကဝ၊ ဝေါမြို့နယ်တို့မှ စကောကရင်တိုင်းရင်းသားစာပေ သင်ကြားနေကြသော ဆရာ ဆရာမ ၁၀၇ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာ ခုနစ်ဦးတို့က မေ ၁၉ ရက်မှ မေ ၂၃ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးနှင့် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ကယား စသည့် တိုင်းရင်းသားကျောင်းသား ကျောင်းသူ ၃၉၆၈၅ ဦးတို့သည် ၎င်းတို့၏စာပေကို ကျောင်းချိန်ပြင်ပတွင် သင်ကြားကြမည်ဖြစ်ကြောင်း သိရသည်။ **စောလင်းအောင်(ပိန်းဇလုပ်)**

## သုံးခွမြို့၌ TRI စေတနာကွန်ရက်မှ အသက် (၈၀)နှင့်အထက် အဘိုးအဘွားနေအိမ်များအား ပြုပြင်တည်ဆောက်ပေး



**သုံးခွ မေ ၂၃**

စေတနာအလှူရှင်များက လူတစ်ဦးလျှင်တစ်လ ၅၀၀ ကျပ်လှူဒါန်းကြပြီး သီးခြားအလှူရှင်များစုပေါင်း၍ အကူအညီလိုအပ်နေသူများအား အကူအညီပေးနေသည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ TRI စေတနာကွန်ရက်မှ အသက် (၈၀)နှင့်အထက် ဆင်းရဲနွမ်းပါး အထောက်အပံ့အကူအညီမဲ့နေသော သုံးခွမြို့ပေါ် ရပ်ကွက်များမှ အဘိုးအဘွားနေအိမ် ၁၈ လုံးအား ပြုပြင်တည်ဆောက်ရန် ဝါး၊ဓနိ၊ သစ်၊ ထရံ၊ ရေတံလျှောက်တို့ လှူဒါန်းသည့်အပြင် လုပ်အားဒါနပါပေးလှူကြကြောင်း သိရှိရသည်။ အမှတ် (၃)ရပ်ကွက်မှ ဒေါ်ပိုနှင့် အမှတ် (၄) ရပ်ကွက်မှ ဒေါ်ကြွယ်**(ဝဲပုံ)**၏ အိမ်တို့အား ယိုယွင်းပျက်စီးနေ၍ အသစ်ပြန်လည်တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ "အိမ်ကအသစ်ဆိုတော့ မိုးယိုမှာလည်း စိတ်ပူစရာမလိုတော့ဘူး။ စိတ်ချမ်းသာသွားပြီ။ အလှူရှင်များနဲ့ ကူညီဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ပြီး နေ့စဉ်မေတ္တာပို့သပါတယ်"ဟု ဒေါ်ကြွယ်နှင့် သမီးဖြစ်သူ ဒေါ်ထွန်းရီက ပြောကြားသည်။

**ကိုကျော်(သုံးခွ)**

**ဆောင်းဦးပေါက်ရာသီ အောက်တိုဘာလကုန်ခန့် ရောက်လာပြီဆိုလျှင် ရန်ကုန်ကလေးဆေးရုံကြီး ဆေးကုသဆောင်များ၏ diarrhea unit များတွင် ကလေးလူနာများ တစ်နေ့ထက်တစ်နေ့ များပြားလာသည်မှာ နှစ်စဉ်နှစ်တိုင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကလေးများတွင်အဖြစ်များသော ရောဂါတစ်ခုဖြစ်ပြီး အထူးသဖြင့် အသက် ငါးနှစ်အောက်ကလေးများတွင် ဖြစ်ပွားနှုန်းနှင့် သေဆုံးမှုနှုန်းများသည့် ရောဂါတစ်ခုလည်းဖြစ်ပါသည်။**

# ရိုတာဗိုင်းရပ်စ် ဝမ်းပျက်ဝမ်းလျှော ရောဂါအကြောင်း သိကောင်းစရာ

ဒေါက်တာသိင်္ဂီဝင်းမြတ်
ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေသည့် ရောဂါပိုးများစွာရှိသည်။ ဗက်တီးရီးယားရောဂါပိုး၊ ကပ်ပါးပိုး၊ ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်နိုင်သလို အခြားရောဂါပိုးများကြောင့်လည်း ဖြစ်နိုင်ပေသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးများအနက် ရိုတာဗိုင်းရပ်စ်ပိုးသည် ကမ္ဘာတစ်ဝန်းရှိ အသက် ငါးနှစ်အောက်ကလေးများတွင် ဖြစ်ပွားသော ပြင်းထန်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါများ၏ အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ပေသည်။ ရိုတာဗိုင်းရပ်စ်ပိုးသည် RNA ဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်ပြီး ၎င်းဗိုင်းရပ်စ်ပိုး၏ အပြင်အခွံတွင်ရှိသော အဓိကပရိုတင်း နှစ်မျိုး ပေါ်မူတည်၍ G မျိုးကွဲ ၂၇ မျိုးနှင့် P မျိုးကွဲ ၃၅မျိုး ဟူ၍ မျိုးကွဲများစွာရှိပါသည်။ ဤ G နှင့် P ပိုးမျိုးကွဲများသည် အမျိုးမျိုးပေါင်းစပ်နိုင်ပြီး နိုင်ငံတကာမှ သုတေသနတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းတွင် ရောဂါအဖြစ်အများဆုံး ပိုးမျိုးကွဲအတွဲများမှာ G1P(8), G2P(4), G3P(8), G4P(8) နှင့် G9P(8) အတွဲများဖြစ်ပါသည်။

**ရိုတာဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း**

ရန်ကုန်ကလေးဆေးရုံကြီးသို့ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် တက်ရောက်ကုသမှုခံယူနေသော ကလေးများ၏ ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းခန့်မှာ ရိုတာဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်းဝမ်းပျက်ဝမ်းလျှောရောဂါသည် အသက်ခြောက်လမှ ၁၁ လ အုပ်စုအတွင်း ကလေးများတွင် အများဆုံးဖြစ်ပြီး ကလေးအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် အသက် နှစ်နှစ်အရွယ်တွင် ရိုတာဗိုင်းရပ်စ် ဝမ်းပျက်ဝမ်းလျှောရောဂါ အနည်းဆုံးတစ်ကြိမ်ဖြစ်ဖူးပြီး ဖြစ်ကြောင်းလည်း သိရပါသည်။ ၎င်းသည် အေး၍ခြောက်သွေ့သော ဆောင်းရာသီလများဖြစ်သည့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် အများဆုံးဖြစ်လေ့ ရှိပါသည်။

**ရောဂါကူးစက်ပျံ့နှံ့ပုံနှင့် ရောဂါလက္ခဏာများ**

ရိုတာဗိုင်းရပ်စ်ပိုးသည် ၎င်းပိုးကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နေသောကလေး၏ မစင်ထဲတွင် အမြောက်အများပါရှိပြီး မသန့်ရှင်းသောလက်နှင့် အစားအစာတို့မှတစ်ဆင့်၊ အခြားသူများ၏ ပါးစပ်မှ တစ်ဆင့် အစာအိမ်နှင့် အူလမ်းကြောင်းထဲသို့ ဝင်ရောက်ခြင်းနည်းဖြင့် ကူးစက်နိုင်ပါသည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရပြီး ၄၈ နာရီအတွင်း (အများအားဖြင့် ၁ ရက်မှ ၄ ရက်အတွင်း) ရောဂါလက္ခဏာများ စတင်ပြတတ်ပါသည်။ အဓိကရောဂါလက္ခဏာများမှာ ဝမ်းပျက်ဝမ်းလျှောခြင်း (သွေးနှင့်ချွဲမပါသော အရည်ဝမ်း)၊ ပျို့အန်ခြင်း၊ ကိုယ်ပူခြင်း၊ ရေဓာတ်ဆုံးရှုံးသည့် လက္ခဏာတို့ဖြစ်ကြသည်။ မစင်ထဲတွင် ဗိုင်းရပ်စ်ပိုးစွန့်ထုတ်ခြင်းသည် ရောဂါဖြစ်ပြီး ၄ ရက်မှ ၁၀ ရက်အထိ ကြာနိုင်ပါသည်။

**ရိုတာဗိုင်းရပ်စ်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရန် လိုက်နာကျင့်သုံးရမည့်အချက်များ**

ရိုတာဗိုင်းရပ်စ်ပိုးသည် မသန့်ရှင်းသောလက်နှင့် အစားအစာတို့မှတစ်ဆင့် ကူးစက်နိုင်သောကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးဖြစ်သည့် အိမ်သာအသုံးပြုပြီးတိုင်းနှင့် အစာမစားမီလက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နေသော ကလေးကို ပြုစုစောင့်ရှောက်ပေးနေသူများ အနေဖြင့်လည်း ကလေး၏မစင်နှင့်အညစ်အကြေးများကို ကိုင်တွယ်သန့်စင်ပေးပြီးတိုင်း မိမိလက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင် ပြန်လည်ဆေးကြောခြင်း၊ မစင်အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ခြင်းစသည့် အခြေခံကျသော နည်းလမ်းများဖြင့် ကာကွယ်နိုင်ပါသည်။ ထို့အပြင် မိမိကလေးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပြီဆိုပါက ဆုံးရှုံးသွားသော ရေဓာတ်ကို ပြန်ဖြည့်ရန်အတွက် ဓာတ်ဆားရေတိုက်ခြင်း၊ နီးစပ်ရာ ဆေးရုံဆေးခန်းသို့သွားပြပြီး လိုအပ်သောကုသမှု ခံယူခြင်းတို့ကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**ရိုတာဗိုင်းရပ်စ်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး**

ရိုတာဗိုင်းရပ်စ်ဝမ်းပျက်ဝမ်းလျှောရောဂါ ပမာဏအား လျှော့ချရန်နှင့်ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်းမှ ကာကွယ်ရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအသောက် အန္တရာယ်ကင်းရေးတို့အား မြှင့်တင်ပေးခြင်းတစ်ခုတည်းဖြင့် မရနိုင်ကြောင်း ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးကပင် အခိုင်အမာလက်ခံထားပြီးဖြစ်သည်။ သို့ဖြစ်၍ ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါအား ထိရောက်စွာ ကာကွယ်ရန်အတွက် အဓိကကျသော နည်းလမ်းတစ်ခုမှာ ကာကွယ်ဆေးတိုက်ကျွေးခြင်းဖြစ်ပါသည်။ ရိုတာဗိုင်းရပ်စ်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းအား နိုင်ငံအသီးသီး၊ အထူးသဖြင့် ရိုတာဗိုင်းရပ်စ် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်သည့် အာရှတိုက်နှင့် အာဖရိကတိုက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသားကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်တွင် ထည့်သွင်းသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ တိုက်တွန်းလျက်ရှိသည်။

ယခုလက်ရှိ ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသော မှတ်ပုံတင်ထားပြီးဖြစ်သည့် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး နှစ်မျိုးရှိသည်။ ပထမတစ်မျိုး Rotarix vaccine သည် G1P(8) ပိုးမျိုးကွဲအတွဲတစ်မျိုးကိုသာ အသုံးပြု၍ ဖော်စပ်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ကလေးအသက် နှစ်လနှင့် လေးလအရွယ်တို့တွင် တိုက်ကျွေးရသည်။ ဒုတိယတစ်မျိုး (Rotateq)မှာ G1, G2, G3, G4 နှင့် P(8) ပိုးမျိုးကွဲ ငါးမျိုးပါဝင်ပြီး ကလေးအသက် နှစ်လ၊ လေးလနှင့် ခြောက်လ စုစုပေါင်း သုံးကြိမ်တိုက်ကျွေးရသည့် ကာကွယ်ဆေးဖြစ်ပါသည်။ ကာကွယ်ဆေးနှစ်မျိုးလုံးသည် ကလေးအသက် နှစ်နှစ်မတိုင်မီ တိုက်ကျွေးနိုင်မည်ဆိုပါက ရိုတာဗိုင်းရပ်စ်ဝမ်းပျက်ဝမ်းလျှောရောဂါ ပမာဏနှင့် ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်းတို့မှ သိသိသာသာ ကာကွယ်လျှော့ချနိုင်ပါသည်။

**ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ ရိုတာဗိုင်းရပ်စ်ဝမ်းပျက်ဝမ်းလျှောရောဂါ သုတေသနပြုဆောင်ရွက်ချက်များ**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗိုင်းရပ်စ်ဗေဒသုတေသနဌာနခွဲတွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် တက်ရောက်လာသော အသက်ငါးနှစ်အောက် ကလေးများ၌ ရိုတာဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါအား စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်းနှင့် ရိုတာဗိုင်းရပ်စ်ပိုးမျိုးကွဲများအား လေ့လာဖော်ထုတ်သည့် သုတေသနလုပ်ငန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အထောက်အပံ့ဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ်မပျက် ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။

ဤသုတေသနလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ရိုတာဗိုင်းရပ်စ် ဝမ်းပျက်ဝမ်းလျှောရောဂါပမာဏအားသိရှိရန်၊ ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ သတင်းအချက်အလက်များအား လေ့လာရန်နှင့် လက်ရှိလည်ပတ်နေသော ပိုးမျိုးကွဲများအား စမ်းသပ်ဖော်ထုတ်ရန်တို့ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်ကလေးဆေးရုံကြီးသို့ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် တက်ရောက်လာသော အသက် ငါးနှစ်အောက်ကလေးများထံမှ ဝမ်းနမူနာများ စုဆောင်းကာ ရိုတာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိကို Enzyme Linked Immunosorbent Assay (ELISA) နည်းဖြင့် ကနဦးစစ်ဆေးကာ ရောဂါဖြစ်ပွားမှု ပမာဏကို စစ်ဆေးခြင်းပြုလုပ်သည်။ ထို့နောက် ဗိုင်းရပ်စ်ပိုးရှိသော ဝမ်းနမူနာအချို့အား ဆက်လက်၍ Reverse Transcription-Polymerase Chain Reaction (RT-PCR) မော်လီကျူးဗေဒနည်းပညာဖြင့် ဗီဇမျိုးကွဲများအား စမ်းသပ်ဖော်ထုတ်ခြင်းကိုလည်း ဆောင်ရွက်နေပါသည်။

**ရိုတာဗိုင်းရပ်စ်ပိုးမျိုးကွဲများ ပျံ့နှံ့တည်ရှိနေမှု**

ရိုတာဗိုင်းရပ်စ်ပိုးမျိုးဗီဇများသည် ပြောင်းလဲတွဲစပ်နိုင်သည့် သဘာဝရှိသည့်အလျောက် အချိန်နှင့်အမျှ မျိုးဗီဇကွဲများ အမျိုးမျိုးပြောင်းလဲတွဲစပ် ဖြစ်ပေါ်နိုင်ပေသည်။ ထိရောက်သော ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး ဖော်စပ်ထုတ်လုပ်ရန်နှင့် ထိုကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုတို့ကို ပြန်လည်သုံးသပ်ရန်အတွက် ဒေသအတွင်း လက်ရှိလည်ပတ်နေသော မျိုးကွဲများ၊ အဖြစ်အများဆုံးမျိုးကွဲများနှင့် မျိုးကွဲအသစ်ပေါ်ထွက်မှုတို့အား အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်သိရှိနိုင်ရန် အလွန်အရေးကြီးပေသည်။ Reverse Transcription -Polymerase Chain Reaction (RT-PCR) မော်လီကျူးဗေဒ နည်းပညာဖြင့် ရောဂါဖြစ်ပွားစေသော အဓိက ဗီဇမျိုးကွဲများအား စမ်းသပ်ဖော်ထုတ်ခြင်းပြုလုပ်ခဲ့ရာ ၂၀၁၀ မှ ၂၀၁၂ အထိ ရောဂါဖြစ်ပွားစေသော အဓိကမျိုးကွဲအတွဲမှာ G12P(8)ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင်မူ G2P(4) ဖြစ်ကာ ၂၀၁၄ တွင် G9P(8) ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဤသို့ ရောဂါဖြစ်ပွားစေသော အဓိကဗီဇမျိုးကွဲများ အချိန်နှင့်အမျှ ပြောင်းလဲနေမှုတို့သည် အခြားနိုင်ငံများတွင် လက်ရှိတိုက်ကျွေးနေသော ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးအား မြန်မာနိုင်ငံတွင် အသုံးပြုမည်ဆိုပါက ယင်းကာကွယ်ဆေး၏ အာနိသင်ထိရောက်မှုကို သုံးသပ်ရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

မိမိတို့ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အထက်ပါသုတေသနမှ ပေါ်ထွက်လာသော စမ်းသပ်တွေ့ရှိချက်များသည် နောင်တစ်ချိန်တွင် မြန်မာနိုင်ငံ၌ ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်ရေးဆွဲမည့် ပညာရှင်များနှင့် တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေးများ တင်သွင်းတိုက်ကျွေးပေးရာတွင် ဦးတည်စဉ်းစားရမည့် ကာကွယ်ဆေးအမျိုးအစား၊ ကလေးအသက်အပိုင်းအခြားနှင့် တိုက်ကျွေးရမည့်အချိန်ကို စဉ်းစားရန်အတွက် တန်ဖိုးရှိသော သတင်းအချက်အလက်များအဖြစ် အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါသည်။ ။

**လက်ရှိတိုက်ကျွေးနေသော ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးအား မြန်မာနိုင်ငံတွင် အသုံးပြုမည်ဆိုပါက ယင်းကာကွယ်ဆေး၏ အာနိသင်ထိရောက်မှုကို သုံးသပ်ရန်အတွက် များစွာအထောက်အကူပြုနိုင်မည်**

---

ကရင်ပြည်နယ်

# ဘားအံမြို့ ဆံတော်ရှင်ဇွဲကပင် ကေဘယ်လ်ကားစီမံကိန်းပန္နက်တော်တင်

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်တောင်တော်တွင် မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်ကိန်းဝပ်စံပယ်တော်မူသော ဇွဲကပင်တော်ဘုရားအား လာရောက်ဖူးမြော်လည်ပတ်လျက်ရှိသော ရပ်ဝေးရပ်နီးမှ ရဟန်းရှင်ပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် ကောင်းကင် ကေဘယ်လ်ကား စီမံကိန်းဆောင်ရွက်ရန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို မေ ၂၁ ရက် နံနက် ၈ နာရီတွင် ဇွဲကပင်တောင်ခြေလုမ္ဗိနီ ဥယျာဉ်၌ ကျင်းပသည်။

ရှေးဦးစွာ ဇွဲကပင်တောင်ဆရာတော် အရှင်ကဝိဓဇထံတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပန္နက်တော်တိုင်၊ ပန္နက်တူများနှင့်ရတနာအုတ်မြစ်တော်များအား ဆရာတော်များထံ ဆက်ကပ်ကြပြီးနောက် ပန္နက်တော်ရတနာအုတ်မြစ်တော်တို့အား မင်္ဂလာစီရင်ကျင်းပရာနေရာသို့ ပင့်ဆောင်ကြပြီး ပန္နက်တော်အုတ်မြစ်တော်ချ စီရင်ကြသည်။

အဆိုပါ ဇွဲကပင်တောင်ကောင်းကင်ကေဘယ်လ်ကားစီမံကိန်းသည် လူအယောက် ၄၀ စီးနိုင်သော အကြီးစားကေဘယ်လ်ကားစီမံကိန်းဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ ပစ္စည်းများသုံးစွဲကာ မြန်မာနှင့်မလေးရှားပညာရှင်များ ပူးပေါင်း၍ အမေရိကန်ဒေါ်လာ သန်း ၂၀ အကုန်အကျခံတည်ဆောက်မည်ဖြစ်ကြောင်းနှင့် ယနေ့အခမ်းအနားတွင် ကေဘယ်လ်ကားစီမံကိန်း မြန်ဆန်စွာပြီးမြောက်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။

**နေမျိုးလွင် (မြန်/ဆက်)**

# နိုင်ငံနှင့် ပြည်သူအတွက် မွန်မြတ်သည့် စေတနာ

ငွေးအောင်
(ကြေးမုံ)

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ပြည်သူများ၏ လူမှုဘဝ မြင့်မားတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများအပြင် ပြည်တွင်းမှ စေတနာရှင်ပြည်သူများကလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။ ကိုယ်ကျိုးမဖက် ပြည်သူအတွက် စေတနာ သက်သက်ဖြင့် ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များလည်းရှိရာ ၎င်းတို့၏ စွမ်းဆောင်မှုများမှာ ပြည်သူအတွက် အသိအမှတ်ပြုထိုက်ဖွယ်ရာများ ဖြစ်သည်။ ယင်း နှင့်ပတ်သက်၍ မေလ ၁၅ ရက်နေ့က နေပြည်တော်တွင် နိုင်ငံနှင့်ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့တို့ကို ဆုပေးအပ်ချီးမြှင့်ခဲ့ပုံများ ကို မြင်တွေ့ခဲ့ရသည်။

ထိုသို့ ပေးအပ်ချီးမြှင့်ခဲ့မှုများအနက် နိုင်ငံနှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ ဆုရရှိခဲ့သော အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်း၏ လူမှုရေးပရဟိတလုပ်ငန်းများ ဆောင်ရွက်ပုံများမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ထို့ကြောင့် ယင်းတို့၏ဆောင်ရွက်မှုများကို ကိုယ်တိုင်စေ့ငုလေ့လာဖောက်သည်ချလိုက်ပါသည်။ အဆိုပါ ဖောင်ဒေးရှင်းသည် ပြည်သူများ၏ လူနေမှု အဆင့်အတန်း ပိုမိုမြင့်မားကောင်းမွန်လာစေရေးအတွက် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးခြင်း၊ ကျေးလက်နေပြည်သူများအား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးတို့နှင့်စပ်လျဉ်း၍ ကူညီထောက်ပံ့ပေးခြင်း၊ ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ကူညီဆောင်ရွက်ပေး ခြင်း၊ သဘာဝဘေးဒဏ် ခံရသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အတွက် ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်သူ များ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ဆောင်ရွက်နေသော လူမှုသိပ္ပံသုတေသနလုပ်ငန်းများ အောင်မြင်ရေး အတွက် တတ်စွမ်းသမျှကူညီဆောင်ရွက်ပေး ခြင်းတို့ကို ရည်ရွယ်ချက်ထားဆောင်ရွက်နေ သော အဖွဲ့အစည်းဖြစ်ပါသည်။

အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်း ဥက္ကဋ္ဌဖြစ်သူဒေါ်နန်းလိုင်းခမ်းက ကူညီဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ "ကမ္ဘောဇ အုပ်စု အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း အနေနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (SMEs) ပေါ်ပေါက်ဖို့ရည်ရွယ်ပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဩဂုတ်လက လှည်းကူးမြို့နယ်နဲ့ တိုက်ကြီး



ဒေါ်နန်းလိုင်းခမ်း

မြို့နယ်တွေမှာ ဆောင်ရွက်ခဲ့တာ အခုဆိုရင် အသင်းသား ၆၆၈၃ ဦးရှိနေပြီဖြစ်ပါတယ်။ ရရှိလာတဲ့ အကျိုးအမြတ်အားလုံးကိုလည်း ဒေသဆိုင်ရာဖွံ့ဖြိုးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ပရဟိတလုပ်ငန်းတွေမှာ ပြန်လည်အသုံးပြုလျက်ရှိပါတယ်။

"ဒါ့အပြင် ကလေးသူငယ်တွေရဲ့ ဉာဏ်ရည်မြင့်မားရေး၊ အသိပညာတိုးတက်စေရေး၊ တီထွင်ကြံဆမှု အလေ့အကျင့်တွေ ဖြစ်ပေါ်စေဖို့ Project Smile အဖွဲ့နဲ့ပူးပေါင်းပြီး တွံ့တေးမြို့နယ်၊ ဘီးလင်းမြို့နယ်မှာရှိတဲ့ ပေါက်တောကျေးရွာနဲ့ သဲကုန်းမြို့နယ်တွေမှာ ပညာသင်ကြားရေး အထောက်အကူပြုအစီအစဉ်တွေ ပြုလုပ်ပေးလျက်ရှိပါတယ်။ တောင်ကြီး အေးသာယာမြို့သစ်မှာလည်း ကမ္ဘောဇဆေးခန်းကို ပိတ်ရက်မရှိဖွင့်ပြီး အမျိုးသမီးတွေရဲ့ တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာရေးအတွက် လုံမဒီအစီအစဉ်နဲ့ ကျေးလက်ဒေသအထိ အရောက်သွားကာ ဝါရင့်ဆရာဝန်ကြီးတွေက ပညာပေးဟောပြောခြင်း၊ ဆေးကုသစမ်းသပ်မှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘော်ဆိုင်းမြို့နယ်မှာ (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးနေပါတယ်" ဟုရှင်းပြသည်။

အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဘော်ဆိုင်း အပါအဝင် တောင်ကြီး၊ ဟဲဟိုး၊ ကလော၊ ပင်းတယ၊ ဟိုပုန်း၊ နမ့်စန်မြို့နယ်များနှင့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ကြသည့် ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာပေါင်း ၃၀ နဲ့ အိမ်ထောင်စု ၆၇၇၁ စုနှင့် လူဦးရေ လေးသောင်းခန့်အတွက် နေ့စဉ်လိုအပ်သော သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ၊ ရေတွင်းရေကန်များ ဆောက်လုပ်ပေးခြင်း၊ ရေတွင်းရေကန်များ တူးဖော်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း စသည့်လုပ်ငန်းများကို ငွေကျပ် သိန်း ၂၄၀၀၀ ကျော်အကုန်အကျခံကာ တူးဖော်ပေးနိုင်ခဲ့ပြီး ရေမရသေးသည့် ဒေသများအတွက်လည်း ဆက်လက်တူးဖော်ပေးလျက်ရှိသည်။

ဤနေရာတွင် ဘော်ဆိုင်းဒေသရေရရှိမှုမှာ ကုသိုလ်ထူးသည်ဟု ဆိုရမည်ဖြစ်သည်။ ဘော်ဆိုင်းဒေသဆိုသည်မှာ ရှေးကသတ္တုတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်သော ဒေသဖြစ်သည်။ ထိုလုပ်ငန်းမှ စွန့်ထုတ်သောရေများ ရေအိုင်အတွင်း ယိုစိမ့်မှုဖြစ်ကာ ခဲဆိပ်သင့်ခြင်း၊ ရေအိုင်များရေခန်းခြောက်ခြင်းဖြစ်ပြီး ရွာနှင့်အလှမ်းဝေးသော ရေထွက်ရေအိုင်များသို့ သွားရောက်ရေသယ်ယူခဲ့ရသည်။ ၁၉၉၄ ခုနှစ်တွင် တွင်းတူးစက်ကြီးများနှင့် တူးခဲ့ဖူးပြီး ၂၀၁၃ ခုနှစ်တွင်လည်း တူးခဲ့ဖူးသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများကပင် ရေတူးခဲ့သော်လည်း ရေမထွက်ခဲ့။ ရေအတွက် လက်လျှော့ခဲ့ရသည်။

ယခု ကမ္ဘောဇအုပ်စုမှ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက အဆိုပါဒေသအတွက် သောက်သုံးရေရရှိရေးကို စိတ်အားထက်သန်စွာဖြင့် တူးဖော်ခဲ့ကြသည်။ စေတနာသဒ္ဓါတရားကောင်းမှု၊ ဒေသခံပြည်သူတို့၏ ကုသိုလ်ကံအခွင့်ကြုံမှုတို့ကြောင့် ဆည်မြောင်းဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့်ပူးပေါင်းကြိုးပမ်းအားထုတ်မှုဖြင့် သက်ရင့်ကျောက်လွှာအတွင်း အနက်ပေ ၈၀၀ ခန့်တွင် အမြင့်ဆုံးရေချိုထွက်အားရှိသည်အထိ အောင်မြင်စွာ တူးဖော်နိုင်ခဲ့သည်။ ဖောင်ဒေးရှင်းက စက်ရေတွင်းများ၊ ရေတွင်းရေကန်များ၊ အိမ်အရောက် ရေသွယ်တန်းများ၊ အမြင့်ပေ ၅၀၀ ရှိ တောင်ကုန်းများပေါ်မှ ဘုရားကျောင်းကန်များ၊ စာသင်ကျောင်းများဆီသို့ သောက်သုံးရေပေးဝေနိုင်ခဲ့သည်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခဲ့သည်။

ရေရရှိရေးကို ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့သလို မြန်မာအမျိုးသမီးများ၏ အရေးကိစ္စများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ ယမန်နှစ် စက်တင်ဘာ ၂၃ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ပြုလုပ်သည့် မြန်မာ့စီးပွားရေးကဏ္ဍတွင် အမျိုးသမီးများပါဝင်နိုင်ရေး ဆွေးနွေးပွဲ၌ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေများပြားလာပြီး စီးပွားရေးကဏ္ဍတွင် ပိုမိုပါဝင်လာသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကမ္ဘောဇအုပ်စုတွင် မြန်မာအမျိုးသမီးများ အများအပြားပါဝင်နေကြောင်း၊ အထူးသဖြင့် ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းများတွင် ပိုမိုပါဝင်လာကြောင်း၊ နိုင်ငံတော်ကလည်း အမျိုးသမီးများကို အားပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထိုအချိန်က အမျိုးသမီး စွမ်းဆောင်ရှင်များတွေ့ဆုံပွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီ ကလင်တန်နှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးနိုင်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များက ပါဝင်ဆောင်ရွက်ကြရာတွင် အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်းသည်လည်း အခြားအဖွဲ့အစည်းများနည်းတူ နိုင်ငံနှင့်ပြည်သူကို ထိထိရောက်ရောက်ပါဝင်၍ အကျိုးပြုခဲ့သောကြောင့် နိုင်ငံတော်သမ္မတကြီးက ပေးအပ်ချီးမြှင့်သည့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆုကို ရရှိခဲ့သည်။ ထိုသို့ရရှိခဲ့မှုပတ်သက်၍လည်း ဖောင်ဒေးရှင်းဥက္ကဋ္ဌက "နိုင်ငံတော်သမ္မတကြီးက ဒီဆုကို ပေးအပ်ချီးမြှင့်ခဲ့တဲ့အတွက် အလွန် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်မတို့အနေနဲ့ နိုင်ငံနဲ့ပြည်သူအကျိုးအတွက် ထာဝရ လူမှုရေးအသင်းအဖွဲ့ကြီးအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဖြစ်ပေါ်တတ်တဲ့ သဘာဝဘေးအန္တရာယ်တွေ၊ လူမှုရေးပဋိပက္ခကိစ္စတွေရှိလာရင်လည်း ရှေ့ဆုံးကနေ ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ဆုံးပြောချင်တာကတော့ ကမ္ဘောဇ အုပ်စု အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း အနေနဲ့ ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်မှာ မလေးရှားနိုင်ငံရောက် မြန်မာဒုက္ခသည် ၃၀၀၀ ကျော်၊ အိန္ဒိယနိုင်ငံ ပို့ဘလဲယားရှိ မြန်မာရေလုပ်သား ၂၇၀ ကျော်နဲ့ ယခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းမှာ လူကုန်ကူးခံခဲ့ရပြီး အဓမ္မကျွန်ပြုစေခိုင်းခံခဲ့ရတဲ့ မြန်မာရေလုပ်သားဒုက္ခသည် ၅၀၀ တို့ကို အမေရိကန်ဒေါ်လာ ၁၀ သိန်းကျော် အကုန်အကျခံပြီး စင်းလုံးငှားလေယာဉ်နဲ့ အမိမြန်မာနိုင်ငံကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဖောင်ဒေးရှင်းအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ ဘာသာရေးစတဲ့ကိစ္စတွေအပြင် သဘာဝဘေး ကျရောက်ခဲ့တဲ့နေရာတွေက အရေးပေါ် ကူညီရေးကိစ္စတွေအတွက် ကျပ် ၆၄ ဘီလီယံကျော် (ကျပ်သိန်းပေါင်း ခြောက်သောင်းလေးထောင်ကျော်)ကို လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုတိုင်းပြည်နဲ့ လူမျိုးအတွက် ကူညီထောက်ပံ့ပေးခဲ့ရတဲ့အတွက် များစွာ ကျေနပ်ဝမ်းသာ ဖြစ်မိပါတယ်"ဟု ရှင်းပြခဲ့သည်။

ဤနိုင်ငံနှင့် ပြည်သူအကျိုးအတွက် စေတနာသက်သက်ဖြင့် စွမ်းဆောင်မှုများကြောင့် ပြည်သူများက ဝမ်းမြောက်ပီတိဖြစ်ကြမည်ဖြစ်သလို နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ပေးခဲ့ခြင်းကလည်း လွန်စွာထိုက်တန်ပါပေသည်။

* *



## ညောင်တုန်းမြို့၌ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ညောင်တုန်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၂) အထက နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်ချီးမြှင့်ကာ ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းနှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယနေ့ဖွင့်လှစ်သော ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀နှင့် RC နှစ်ထပ် ကွန်ကရစ် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်က ပညာရေးဌာနအတွက် ခွင့်ပြုငွေကျပ် ၁၅၁၂ သိန်းဖြင့် ကေခိုင်ဦးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**